
mgyoe.com


ရွှေဥဒေါင်း

# ဂုန်ဇဲအောင်မင်္ဂလာ နှင့် ဆတ်ဆတ်ကြဲဂိုဏ်း



စတုတ္ထအကြိမ်

mgyoe.com



ရွှေဥဒေါင်း

ရန်ဖိုအာင်မက်လာ နှင့် ဆတ်ဆတ်ကြာဂိုဏ်း

SOD0017

2,000.00 KS

mgyoe.com

mgyoe.com

ရန်အောင်မင်္ဂလာနှင့်ဆတ်ဆတ်ကြဲဂိုဏ်း၊ ရွှေဥဒေါင်း
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၁၉၃ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၈၉၊ မဟိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ နိုဝင်ဘာလ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၉ စိတ်ကူးချိုချို၏ တတိယအကြိမ်မူ။

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ရန်အောင်မင်္ဂလာ
# နှင့်
# ဆတ်ဆတ်ကြဲဂိုဏ်း

## ရွှေဥဒေါင်း

စတုတ္ထအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ရန်အောင်မင်္ဂလာ

ရွှေဥဒေါင်း

mgyoe.com

mgyoe.com

mgyoe.com

.mgyoe.com

# ပေစာသုံးထုပ်

လွန်ခဲ့သောနှစ်က ကျွန်တော်သည် ဆရာအရင်းဖြစ်သော မစ္စတာ မောင်မှိုင်းနှင့် စစ်ကိုင်းတောင်ရိုးရှိ မင်းကွန်းချောင်တွင် ဥပုသ်သီတင်း ဆောက်တည်လျက်ရှိစဉ် ရင်စေ့အင်္ကျီလက်ကျပ်ကို ဝတ်လျက် ပိတ်ဖြူကုလားနံ့နှင့် စိပ်ပုတီးကိုလည်ပင်း၌ဆွဲကာ သျှောင်ချောကြီးကို ထုံးထားသော လူကြီးတစ်ယောက်သည် ကျွန်တော်၏ ဆရာနှင့် သိဟောင်းကျွမ်းဟောင်း ဖြစ်ကြသည့်အလျောက် ကျွန်တော်တို့ထံ မကြာခဏ လာရောက်လည်ပတ်ခဲ့လေ၏။ မစ္စတာ မောင်မှိုင်းက ကျွန်တော်ကား ရူပနန္ဒိဝတ္ထုကို စီရင်ရေးသားသူဖြစ်ကြောင်းနှင့် ထိုသူအား ပြောပြရာတွင် ထိုလူကြီးက ၎င်းဝတ္ထုကို မိမိဖတ်ရဖူးသည့်ပြင် မိမိအလုပ်နှင့် ဆိုင်ရာမှတ်သားဖွယ်ရာများ ပါရှိသည်ဖြစ်သောကြောင့် များစွာနှစ်သက်ပါကြောင်းနှင့် ပြောဆို၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်သလေ၏။ ထိုလူကြီးမှာ အသက် ၅၀ ကျော်အရွယ်ခန့်ရှိ၍ သိုက်ဆရာကြီး တစ်ယောက်ဖြစ်လေရာ အမည်မှာ ဦးတက်ထွန်း ဖြစ်လေသည်။

ကျွန်တော်မှာ သိုက်တူးခြင်းအလုပ်မျိုး၌ များစွာ အယုံအကြည် မရှိလှသော်လည်း သိုက်ဆရာတို့ မည်သည်မှာ ထူးဆန်းအံ့သြဖွယ်ရာသော အဖြစ်အပျက်မျိုးတို့ကို ကြုံတွေ့ရတတ်သည် ဖြစ်သောကြောင့် ထိုလူကြီးနှင့် တွေ့ဆုံသည့်အခါတိုင်း ၎င်း၏ လုပ်ငန်းအကြောင်းများကို မေးမြန်းစုံစမ်းခဲ့ရာ ထိုလူကြီးကလည်း စိတ်ပါလက်ပါပင် ပြောပြပါပေ၏။ ထိုသူပြောပြသော အဖြစ်အပျက်အချို့တို့မှာ ယုံကြည်နိုင်ရန် ခဲယဉ်းလှသော်လည်း စင်စစ် ထူးဆန်းအံ့သြဖွယ်ရာကောင်းကြောင်းကိုကား ဝန်ခံရမည်ဖြစ်ပါပေသည်။

mgyoe.com

mgyoe.com


တစ်လခန့်မျှ ဥပုသ်ရက်ရှည်ဆောက်တည်ပြီးနောက် ကျွန်တော်သည် ဆရာကြီးမစ္စတာ မောင်မှိုင်းနှင့်အတူ ရန်ကုန်မြို့သို့ ပြန်လည်လာခဲ့၍ သုံးလခန့်မျှ ကြာသောအခါတွင် မစ္စတာမောင်မှိုင်းသည် ကျွန်တော်၏ နေအိမ်သို့ အလည် အပတ် လာရောက်လေ၏။ ဆရာကြီးသည် စာတစ်စောင်နှင့် ပါဆယ်ထုပ် တစ်ထုပ်ကို ကျွန်တော်အား ပေးအပ်လေရာ ၎င်းတို့မှာ သိုက်ဆရာကြီး ဦးတက်ထွန်း ထံမှဖြစ်၍ ကျွန်တော်သည် ရှေးဦးစွာ စာကိုဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရှိရလေ၏။

*စာရေးအပ်ပါသည် ဆရာကလေး။*

*မောင်သည် ရူပနန္ဒီဝတ္ထုကို စီစဉ်ရေးသားသူဖြစ်၍ ထူးဆန်းအံ့သြဖွယ်ရာ သော အဖြစ်အပျက်များကို ဖန်တီးရေးသားတတ်သူ တစ်ယောက်ဖြစ်သည်ဟု ကျုပ် ယုံကြည်သည့်အတိုင်း ဤပါဆယ်ထုပ်ကို မောင်၏ သဘောအတိုင်း အသုံးပြုရန် ပေးပို့လိုက်ပါသည်။ ပါဆယ်ထုပ်တွင် ရေးသားပါရှိသော အဖြစ် အပျက်များကို ဆရာမှိုင်းနှင့်အတူ ဖတ်ကြည့်၍ လူအများတို့ သိသင့်သိထိုက် သည်ဟု သဘောရပါလျှင် မောင့်သဘောအတိုင်း အသုံးပြုနိုင်ပါသည်။ သို့ရာတွင် ၎င်းပေစာများ ကျုပ်လက်သို့ ရောက်ပုံကို ရှေးဦးစွာ ပြောပါဦးမည်။*

*လွန်ခဲ့သော သုံးလခန့်က မင်းကွန်းချောင်၌ မောင်တို့နှင့် တွေ့စဉ်အခါက ကျုပ်မှာ ရန်အောင်မင်္ဂလာ၏ သိုက်ကို တူးဖို့ရန် အကြံရှိသောကြောင့် ဥပုသ် သီတင်း ဆောက်တည်နေခြင်း ဖြစ်ပါသည်။ အကြောင်းကို ဆိုသော် ထိုသိုက်စာ၏ အညွှန်းမှာ မည်သူမဆို ထိုသိုက်စာအရ တူးဖော်မည့် အကြံရှိခဲ့ပါလျှင် သုံးလတိတိ မျှ ဥပုသ်သီတင်း ဆောက်တည်ရမည်ဟူ၍ ပါရှိပါသည်။ သို့ဖြစ်၍ မောင်တို့ ပြန်သွားပြီးနောက် တစ်လကျော်ကျော်မျှ ၎င်းမင်းကွန်းချောင်တွင် ဥပုသ်စောင့် ခဲ့ပြီးနောက် ကျုပ်နှင့် တပည့်တစ်ယောက်သည် ရန်အောင်မင်္ဂလာသိုက်တည်ရှိရာ တကောင်းမြို့သို့ ထွက်ခွာသွားကြပါသည်။*

*တကောင်းမြို့မှာ မောင်တို့ သိရှိပြီးသည့်အတိုင်း (မြန်မာအစ တကောင်း က) ဟူ၍ ဆိုစကားရှိသည် ဖြစ်သောကြောင့် မြို့တကာတို့အနက်တွင် ရှေးအကျ ဆုံးမြို့ဟောင်းကြီး တစ်မြို့ ဖြစ်ပါသည်။ ဤမြို့သည် ရှေးအခါက မည်မျှပင် ကြီးကျယ်ခဲ့ဖူးသည် ဆိုစေကာမူ ယခုအခါ၌ကား မြို့အုတ်ရိုးကိုပင် မကြာမီက ဖျက်သိမ်းခဲ့ပြီဖြစ်သောကြောင့် သာမညတောရွာကလေး တစ်ရွာအဖြစ်သို့တိုင် ရောက်ခဲ့ရလေပြီ။ သို့ရာတွင် မြို့ဟောင်းတို့၏ ထုံးစံအတိုင်း ကျုံးဟောင်းများ၊*

mgyoe.com

mgyoe.com


စေတီဟောင်းများမှစ၍ ကျောင်းတော်ရာအဟောင်းများ အမြောက်အမြား တည်ရှိခဲ့ပါသည်။

ထိုရန်အောင်မင်္ဂလာသိုက်မှာ မြို့ထောင့်စေတီ တည်ရှိခဲ့ဖူးသော နေရာမှ တူးဖော်ရန် ဖြစ်ပါသည်။ ကျုပ်မှာ တပည့်တစ်ယောက်နှင့်အတူ တကောင်းမြို့သို့ ဆိုက်ရောက်၍ မိတ်ဆွေအဘိုးကြီးတစ်ယောက်၏ နေအိမ်၌ တည်းခိုကြပါသည်။ သိုက်စာတွင် ပါရှိသည့် အဆိုအတိုင်းမှန်ပါလျှင် ၄င်းသိုက်စာမှာများစွာ ပင်ပန်းအောင် တူးဖော်ရန်မလိုဘဲ အနည်းငယ်မျှ တူးဖော်ကာမျှနှင့် ဥမင်လိုဏ်ခေါင်းကြီး တွေ့ရမည်ဖြစ်သောကြောင့် အခြား ရွာသားများအား မသိစေဘဲ အိမ်ရှင်အဘိုးကြီးနှင့် ကျုပ်တို့ ဆရာတပည့်နှစ်ယောက်ဆိုလျှင် လုံလောက်မည် ဖြစ်ပါသည်။

တကောင်းမြို့သို့ ရောက်ကြပြီးနောက် ကျုပ်တို့ သုံးယောက်သည် မြို့ဟောင်း၏ အရှေ့တောင်ထောင့်တွင်ရှိသော မြို့ထောင့်စေတီကို ရှာဖွေကြပါသည်။ ကျုံးဟောင်းမှာ ယခုတိုင် အရာထင်လျက် ရှိသေးသည်ဖြစ်သောကြောင့် မြို့ထောင့်စေတီတည်ရှိခဲ့ဖူးသော နေရာကို များစွာမခဲယဉ်းဘဲ တွေ့ကြရပါသည်။ စေတီမှာမူကား မရှိတော့ချေ။ စေတီရှိခဲ့ဖူးသောနေရာ၌ ချုံကြီးတစ်ချုံသည် ထူထပ်စွာ ပေါက်ရောက်လျက်ရှိပါသည်။ ယင်းကဲ့သို့ ချုံကြီး ဖုံးအုပ်လျက်ရှိနေခြင်းမှာ ကျုပ်တို့ အစီအစဉ်အတွက် များစွာအဆင်သင့်လှပါသည်။ အကြောင်းကိုဆိုသော် ထိုနေရာသည် မြို့နှင့်မဝေးလှသည်ဖြစ်သောကြောင့် အကာယ်၍ ချုံမရှိဘဲ ဟင်းလင်းဖြစ်နေပါလျှင် ကျုပ်တို့ တူးဖော်ခြင်းကို ဧကန်မုချ အခြားသူတို့ တွေ့မြင်နိုင်ကြမည်ဖြစ်ပါသည်။ ယခုမှာမူကား ချုံပိတ်ဖုံးလျက်ရှိသည် ဖြစ်သောကြောင့် ကျုပ်တို့လူစုသည် ချုံတွင်းသို့ဝင်၍ လူမမြင်အောင် အလွယ်တကူနှင့် တူးဖော်နိုင်ကြမည် ဖြစ်ပါသည်။

ကျုပ်တို့သုံးဦးသည် တွေ့ရှိသော ပစ္စည်းများကို ကွယ်ဝှက်ခြင်း မပြုဘဲ အညီအမျှ ခွဲဝေ၍ ယူပါမည်ဟု သစ္စာရေသောက်ကြပြီးလျှင် နေ့ကောင်းရက်သာ ရွေးချယ်၍ ကြတ္တိကာနက္ခတ် မွန်းတည့်ချိန်တွင် ချုံတွင်းသို့ ဝင်ကြပါသည်။ ချုံတွင်း၌ အနည်းငယ် တူးဖော်မိကြလျှင်ပင် အုတ်ကျိုးအုတ်ပဲ့များကို တွေ့ကြရသဖြင့် ဤနေရာသည်ကား မြို့ထောင့်စေတီနေရာ ဖြစ်သည်ဟု ကျေနပ်ကြပါသည်။ ၃ တောင်ခန့်မျှ တူးဖော်မိသောအခါတွင် သိုက်စာ၌ ပါရှိသည့်အတိုင်း သံကွင်းကြီး တစ်ကွင်းကို တွေ့ကြရပါသည်။ ထိုသံကွင်းမှာ ကျောက်ဖျာကြီးတစ်ချပ်၌ တပ်ထားသော သံကွင်းဖြစ်၍ ကျောက်ဖျာမှာမူ နှစ်တောင်ပတ်လည်မျှ ရှိပါသည်။

mgyoe.com

mgyoe.com


ကျုပ်တို့သုံးဦးသည် ကျောက်ဖျာ၌ ဖုံးနေသောမြေများကို ကုန်စင်အောင် တူးဖော်ယက်ဖယ်ကြပြီးနောက် သံကွင်းတွင် တူးရွင်းရိုးလျှိုပြီးလျှင် ကျောက်ဖျာကို ကြွကြရပါသည်။ ပထမ၌ မကြွနိုင်ဘဲရှိရာတွင် နံဘေး၌ရှိသော မြေများကို တူရွင်းနှင့် ကော်ထုတ်၍ ကျောက်ဖျာ၏ နှုတ်ခမ်းကို လေးမျက်နှာမှလှည့်၍ ကုတ်နှင့် ကော်ကြရပါသည်။ ထို့နောက်မှ သုံးဦးသားသည် သံကွင်း၌ တူရွင်းလျှို၍ တူရွင်းကို ထမ်းကြွကြရာတွင် ကျောက်ဖျာလည်း ပွင့်ထွက်သွားပါသည်။

ကျောက်ဖျာပွင့်သွား၍ နှစ်တောင်ပတ်လည်ရှိသော အပေါက်တစ်ခု ပေါ် လာသောအခါတွင် အောက်သို့ဆင်းသော လှေကားထစ်များကို တွေ့ကြရပါသည်။ ထိုအခါ ကျုပ်တို့သည် အသင့်ဆောင်ယူလာခဲ့သော လက်နှိပ်ဓာတ်မီးနှင့် အောက် သို့ ထိုးကြည့်ရာ လှေကားးထစ်များသည် အောက်သို့ တည့်တည့်မဆင်းဘဲ နံဘေး သို့ ချိုးသွားသည်ဖြစ်သောကြောင့် လှေကားဆယ်ထစ်မျှထက် ကျော်လွန်၍ မမြင် နိုင်ကြချေ။

ကျုပ်သည် လက်နှိပ်ဓာတ်မီးနှင့် ရှေ့ဆုံးမှဆင်း၍ တပည့်နှင့် အိမ်ရှင် အဘိုးကြီးတို့က နောက်မှလိုက်ပါကြပါသည်။ လှေကားဆယ်ထစ်မျှ ဆင်းမိသော အခါတွင် လှေကားသည် လက်ယာဘက်သို့ ချိုးသွားသဖြင့် ကျုပ်တို့သည် လှေ ကားထစ်အတိုင်း လိုက်သွားကြရာ ၁၀ ထစ်မျှဆင်းမိပြန်လျှင် လက်ယာဘက်သို့ ပင် တစ်ဖန်ချိုးဝင်ကြပြန်လေသည်။

ထိုအခါ၌ကား အပေါက်ဝကို မမြင်နိုင်တော့ဘဲ လက်နှိပ်ဓာတ်မီးကို ငြိမ်း လိုက်သည်နှင့် တစ်ပြိုင်နက် မှောင်အတိပြီးလျက်ရှိသည်ကို တွေ့ကြရပါသည်။ ထိုကဲ့သို့ သုံးကြိမ်တိုင်တိုင် လက်ယာရစ်လှည့်၍ ဆင်းမိကြသောအခါတွင် နောက် ဆုံး၌ ဆယ်တောင်ပတ်လည်ခန့်ရှိသော ခန်းမကြီးတစ်ခန်းသို့ ဆိုက်ရောက်ကြပါ သည်။ ထိုခန်းမကြီးသည် စတုရန်းတိတိရှိနေရာ တစ်ဖက်သော နံရံ၌ကား လူ၏ ခါးစောင်းလောက်တွင် တစ်တောင်ကျော်ပတ်လည်ခန့်ရှိသော ကျောက်ဖျာတစ် ချပ်ကို တွေ့ရပါသည်။

ငှင်းကျောက်ဖျာ၌ အက္ခရာများ ရေးသားပါရှိလေရာ ကျုပ်သည် သိုက် ညွှန်းတွင် ဖော်ပြထားသည့်အတိုင်း တစ်ခုသော အက္ခရာကိုလက်ဖြင့် ဖိနှိပ်လိုက် သည်နှင့် တစ်ပြိုင်နက် မြင်းဟီသံကဲ့သို့ အသံရှည်ကြီးကို ကြားကြရပါသည်။ မြင်းဟီသောအသံသည် မြေပြင်၌ ကြားရသောအခါတွင် ကြောက်မက်ဖွယ်ရာသော အသံဟူ၍ မထင်မှတ်ရငြားသော်လည်း ရှေးလူဟောင်းများ သိုဝှက်ထားခဲ့သည့် ပစ္စည်းများကို တူးဖော်မည့် အကြံအစည်နှင့် ဆင်းလာ၍ ဥမင်လိုဏ်ခေါင်းအတွင်း

mgyoe.com

mgyoe.com


၌ ကြားရသောအခါ၌ကား အသည်းနှလုံးပြုတ်၍ ကျရမတတ် ထိတ်လန့်တုန်လှုပ် ဖွယ်ရာ ကောင်းလှပါသည်။

ထိုအသံ ရပ်စဲသည်နှင့် တစ်ပြိုင်နက် ကျောက်ဖျာသည် အတွင်းမှ လူဆွဲ၍ နှတ်လိုက်ဘိသကဲ့သို့ ရုတ်တရက် ပွင့်သွားပါသည်။ ကျုပ်တို့မှာ ထိုပွင့်သွားသော အပေါက်မှ ဆက်လက်၍ ဝင်သွားကြရန်ဖြစ်လေရာ ကျုပ်၏ တပည့်မှာ ဆရာ အားကိုး၍ ရဲရင့်သည်ဖြစ်သော်လည်း အဘိုးကြီးမှာမူ မလိုက်ဝံ့ကြောင်းနှင့် ငြင်းဆန် လျက်ရှိနေချေ၏။ သိုက်ညွှန်းအရမှာ လိုဏ်ခေါင်းမှ ဝင်လာသမျှ လူအားလုံးသည် ထိုအပေါက်မှ ဝင်ရမည်ဖြစ်၍ တစ်ဦးတစ်ယောက်မျှ ချန်လှပ်၍ နေရစ်ရန် အခွင့် မရှိဖြစ်လေရာ သိုက်စာတို့မည်သည်မှာ အလွန်တရာ ကျပ်တည်းလှသောကြောင့် တိတိကျကျလိုက်နာဖို့ အလွန်အရေးကြီးလှပေသည်။ သို့ဖြစ်၍ ကျုပ်မှာ ထိုအဘိုး ကြီးကို ချော့ချည်တစ်ခါ ခြောက်ချည်တစ်လှည့်နှင့် ဖြားယောင်းသွေးဆောင်၍ ခေါ်ခဲ့ရပါသည်။

ကျုပ်တို့သည် တစ်တောင်ကျော်ပတ်လည်မျှ ကျယ်ဝန်းသော အပေါက်မှ တစ်ယောက်စီဝင်ခဲ့ကြသောအခါတွင် နှစ်တောင်ကျော်မျှသာရှိ၍ အလွန်ကျဉ်း မြောင်းလှသောလိုဏ်ခေါင်းတစ်ခုကိုတွေ့ကြရပါသည်။ထိုလိုဏ်ခေါင်းတစ်လျှောက် လျှောက်သွား၍ ၁၅ တောင်မျှသွားမိသောအခါတွင် အုတ်ပလ္လင်ပေါ်၌ကား ကြေးဝါ ဖြင့်လုပ်ထားသော ခေါင်းကြီးတစ်လုံးတည်ရှိ၏။ ထိုခေါင်းမှာ အလျား ၄ တောင် ထွာခန့်မျှရှိသည် ဖြစ်သောကြောင့် အလောင်းထည့်ရန်အတွက် လုပ်ထားသော ခေါင်းဖြစ်ခဲ့လျှင် ထိုအလောင်းသည် အလွန်တရာ ကြီးမား ထွားကျိုင်းလှသော လူတစ်ယောက်၏ အလောင်းဖြစ်တန်ရာချေသည်ဟု ကျုပ် တွေးမိ၏။ သိုက်ညွှန်း အရသာ ထိုခေါင်းကိုဖွင့်ရန် ဖြစ်ချေ၏။ အဘိုးကြီးမှာ ကြောက်အားကြီးလှသော ကြောင့် တစ်စုံတစ်ရာမျှ ကူညီဖော်မရဘဲရှိခဲ့ရာ ကျုပ်တို့ ဆရာတပည့်နှစ်ယောက်တို့ သာလျှင် ခေါင်းကိုဖွင့်ကြရ၏။ ကြေးဝါခေါင်းကြီးမှာ အပေါ်ယံမှ ကလန့်ခြောက် ချက်ဖြင့် ပိတ်ထားသည်ဖြစ်ရာ ကျုပ်တို့သည် ကလန့်များကို ဖြုတ်သောအခါ၌ ပြင်းထန်သော ဝေဒနာခံစားရသည့်အနေဖြင့် ဟစ်အော် ညည်းညူလိုက်သော အသံကြီးကို ကြားရလေ၏။

သို့ရာတွင် ကျုပ်တို့ဆရာတပည့် နှစ်ယောက်မှာမူကားထိတ်လန့်ခြင်း မရှိဘဲ ဆက်လက်၍ ဖွင့်မြဲတိုင်းဖွင့်ကြ၏။ ကျုပ်တို့ ဖွင့်လျက်ရှိကြစဉ် ညည်းညူသော အသံသည် တစ်ခဏထက်တစ်ခဏ ကျယ်လောင်သည်ထက် ကျယ်လောင်စွာ ပေါ်၍လာလေရာ ထိုအသံမှာ အထက်မှလေလော၊ အောက်မှလေလော၊ ရှေ့မှ

mgyoe.com

mgyoe.com


လေလော၊ နောက်မှလေလော သို့တည်းမဟုတ် ခေါင်းတွင်းမှလေလောဟု ခွဲခြား၍ မရနိုင်အောင်ပင် ရှိနေလေ၏။ အဘိုးကြီးမှာ ကြောက်ရွံ့အားကြီးလှသည် ဖြစ်သောကြောင့် ကူဖော်မရသည့်ပြင် ထိုခေါင်းကြီးကို မဖွင့်ရန်ပင် တောင်းပန်ပြောဆိုလျက်ရှိ၏။ သို့ရာတွင် ကျုပ်တို့ကမူ ဤမျှလောက် အားခဲခဲ့ပြီးမှ လျှော့ပေါ့ရန် သဘောမတူနိုင်ကြချေ။

ကျုပ်တို့သည် ကလန့်များကို တစ်ခုပြီးတစ်ခုဖြုတ်ကြ၍ နောက်ဆုံး၌ ကလန့်ခြောက်ချက် ပြုတ်သောအခါတွင် ခေါင်းဖုံးကိုကြွလိုက်ကြ၏။

အဖုံးပွင့်သည်နှင့်တစ်ပြိုင်နက် ညည်းညူသောအသံသည် ရုတ်တရက်ရပ်စဲ၍ ဟက်ဟက်ပက်ပက် ရယ်မောသောအသံကြီး တစ်ခုဖြစ်ပေါ်၍ လာလေရာ ရယ်မောသောအသံသည် ညည်းညူသောအသံထက်ပင်လျှင် ကြောက်မက်ဖွယ်ကောင်းလှချေ၏။

အဘိုးကြီးမှာမူ ခေါင်းတွင်းသို့ မကြည့်ဝံ့သဖြင့် မြေပေါ်၌ အလျားလိုက်မှောက်ကာ ရှိနေလေ၏။

ခေါင်းတွင်း၌ကား မင်းမြောက်တန်ဆာငါးပါး အစုံအလင်ရှိနေသည်ဖြစ်ရာ ၎င်းကို ဝတ်ဆင်ထားသောသူမှာကား အရိုးပကတိ ရှိနေလေ၏။ ထိုအရိုးစု၌ ထူးခြားသော အချက်တစ်ခုမှာ ဦးခေါင်းနှင့်တကွ တစ်ကိုယ်လုံးသည် ပက်လက်လှန်လျက်မရှိဘဲ နံဘေးသို့ စောင်းလျက်ရှိ၏။

ထိုအကြောင်းအရာကို ထောက်သော် ထိုအလောင်းသည်ခေါင်းတွင်းသို့ သွင်းပြီးခါမှ အသက်ရှင်၍လာသည့် လက္ခဏာရှိချေ၏။ ပါဆယ်ထုပ်အတွင်း၌ ပါရှိသော ပေစာများကို ဖတ်ရှုသောအခါတွင် ဤတွေးတောချက်သည် မှန်ကန်ကြောင်း တွေ့ရှိရပေလိမ့်မည်။ ကျုပ်တို့ဆရာတပည့်သည် မင်းမြောက်တန်ဆာများကို ထုတ်ယူ၍ အရိုးများကို ဖယ်ရှားပြီးလျှင် ခေါင်းတွင်း၌ သေချာစွာ ရှာဖွေရာတွင် ကျုပ်တို့မျှော်လင့်သည့်အတိုင်း ကျောက်သံပတ္တမြားများကို မတွေ့ရဘဲ ပေစာထုပ်သုံးထုပ်ကိုသာလျှင် တွေ့ရှိရလေ၏။ သိုက်ညွှန်းတွင် ဖော်ပြထားသော ရတနာရွှေငွေများမှာ အဘိုးကြီး၏ စည်းပေါက်ခြင်းကြောင့် ပျောက်ကွယ်သွားလေသလော၊ သို့တည်းမဟုတ် သိုက်စာပင် လွဲလေသလော မတွေးတောနိုင်ချေ။ အဘိုးကြီးမှာ စည်းဖောက်သည်ကားမှန်၏။ အဘယ်ကြောင့်ဆိုသော် ပစ္စည်းကို ရှာသောသူသည် မည်မျှပင် ချောက်ချားသော်လည်း မကြောက်မရွံ့ မတုန်မလှုပ် ဖြစ်ရမည်ဟူသော အဘိုးကြီးမှာ ကြောက်ရွံ့လှသောကြောင့် စည်းပေါက်ခဲ့လေပြီ။

mgyoe.com

mgyoe.com


*သို့ရာတွင် ကျုပ်တို့မှာ အချည်းနှီးရှိကြသည် မဟုတ်ချေ။ မင်းမြောက်တန်ဆာများ၌ ပါရှိသော ပတ္တမြားသုံးလုံးမှာ စရိတ်အားလုံးကျေသည့်ပြင် ရင်းနှီးစားသောက်လောက်အောင် ရှိပါပေသည်။ သို့ဖြစ်၍ ကျုပ်တို့သည် မင်းမြောက်တန်ဆာများနှင့် ပေစာထုပ်သုံးထုပ်ကို ယူခဲ့ကြပြီးလျှင် အရိုးများကို ခေါင်းတွင်းသို့ ပြန်ထည့်၍ ခေါင်းကိုတစ်ဖန် ပိတ်ထားပြီးမှ အဘိုးကြီးကို တွဲလျက် ထုတ်လာခဲ့ကြရလေ၏။*

*နေအိမ်သို့ရောက်ကြသောအခါ ကျုပ်သည် ပေစာများကို ဖတ်ရှုရာတွင် မြန်မာရာဇဝင်နှင့်ပတ်သက်၍ လူအများတို့ မသိသေးသည့်ပြင် ထူးဆန်းအံ့သြဖွယ်ရာသော အဖြစ်အပျက်များလည်း ပါရှိသည်ကို တွေ့ရပေ၏။ ပေစာများကို ဖတ်ပြီးသောအခါ၌ ရှုပနန္ဒဝတ္ထုရေးသော ဆရာလေးကိုသတိရ၍ သူ၏သဘောအတိုင်း အသုံးပြုပါစေဟု အကြံရပြီးလျှင် ၎င်းပေစာထုပ်များကို ပါဆယ်နှင့် ထုပ်၍ မစ္စတာမောင်မှိုင်းမှတစ်ဆင့် ကျေးဇူးပြု၍ ပေးပါမည့်အကြောင်းနှင့် ပို့သခြင်းဖြစ်ပါသည်။ ၎င်းတို့ကို အသုံးပြုပြီးနောက် ကျောက်စာဝန်ထံသို့ ပေးပို့လိုက်လျှင် သင့်တော်မည်ဟု ထင်ပါသည်။*

*မောင်တက်ထွန်း*

ကျွန်တော်နှင့် ယောဂီဆရာကြီး မစ္စတာမောင်မှိုင်းသည် အထက်ပါ ထူးဆန်းသောစာကို ဖတ်ရှုကြပြီးနောက် ပေစာများကို ဆက်လက်၍ ဖတ်ကြပြန်ရာ များစွာထူးဆန်းသော အဖြစ်အပျက်များကို တွေ့ရှိရပေ၏။ ၎င်းအဖြစ်အပျက်များမှာ စင်စစ် ဆန်းကြယ်သော အဖြစ်အပျက်များဖြစ်၍ ရှေးစာဟောင်း ဖြစ်သောကြောင့် ရှေးမြန်မာစကားဖြင့် ရေးသားထားသည်ဖြစ်ရာ နားမလည်သော စကားလုံးများကို ဆရာမှိုင်းအား မေးမြန်း၍ ၎င်း၏ ကူညီခြင်းအရ လူအများတို့ နားလည်နိုင်ရန် ခေတ်ကာလမြန်မာစကားဖြင့် ကျွန်တော်က တစ်ဖန်ပြန်ဆို ရေးသားရခြင်း ဖြစ်ပေသည်။ ၎င်းပေစာများမှာ တစ်ထုပ်စီသီးသန့်၍ ထုပ်ထားသည်ဖြစ်ရာ ပါရှိသော အဖြစ်အပျက်တို့မှာလည်း တစ်ခန်းစီ သီးခြား၍ ထားဟန်လက္ခဏာရှိချေ၏။

⚓

mgyoe.com

mgyoe.com

# ရန်အောင်မင်္ဂလာ၏ ဘိသိက်ခံခြင်း

ဤအဖြစ်အပျက်များကို ရေးသားသော ကျွန်ုပ် ရန်အောင်မင်္ဂလာသည် လျှော့ခြင်း၊ ပိုခြင်း၊ ကွယ်ဝှက်ခြင်း၊ ဖြည့်စွက်ခြင်းမရှိ၊ ဟုတ်မှန်သည့် အတိုင်းသာ လျှင် ရေးသားကြောင်းကို ကျမ်းသစ္စာကျိန်ဆိုပါ၏။

ကျွန်ုပ်သည် မြန်မာမင်းတို့၏ အနွယ်အစစ်ဖြစ်၍ တကောင်းမြို့ကြီး၌ ထီးနန်းစိုက်ထူလျက်ရှိသော ရှမ်းဘုရင်စောမွန်နစ်ကို လုပ်ကြံရန်အတွက် သစ္စာ ရေသောက်ခဲ့ရဖူးသော သူတစ်ယောက်ဖြစ်ချေသည်။

တကောင်းမြို့ကြီး၌ မြန်မာဘုရင်တို့ မင်းဆက်ပြတ်စဲခဲ့၍ ရှမ်းမင်းအဆက် ဆက်တို့ အုပ်ချုပ်စိုးစံလာခဲ့ရာ နှစ်ပရိစ္ဆေဒ ရှည်လျားလှသော်လည်း မြန်မာဘုရင်၏ အနွယ်သည် လုံးလုံးမပြတ်ခဲ့ဘဲ တိမ်မြုပ်နေခဲ့ခြင်းမျှ ဖြစ်ချေသည်။ အကြောင်းကို ဆိုသော် နောက်ဆုံးဖြစ်သော မြန်မာဘုရင်သည် ရှမ်းဘုရင်၏ ရန်ကို ခုခံတွန်းလှန် ရန် မတတ်နိုင်ဘဲရှိရကား၊ ထိုဘုရင်သည် အနည်းငယ်မျှသော နောက်ပါများနှင့် အထက်မြစ်ညာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရလေသည်။ ထိုဘုရင်သည်ကား ကျွန်ုပ် ဘေးဖြစ်၍ ထိုရှမ်းဘုရင်သည်လည်း စောမွန်နစ်၏ ဘေးပင် တော်စပ်ချေသည်။

ကျွန်ုပ်တို့ အနွယ်အဆက်များသည် ဗန်းမော်မြို့အနီးရှိ စင်းကမ်းရွာ၌ ပုန်းအောင်းနေထိုင်ကြ၍ ရှမ်းဘုရင်ကို လုပ်ကြံရန် အဆက်ဆက် ကြံစည်ခဲ့ပါ သော်လည်း ထမြောက်ခြင်းမရှိခဲ့ရာ ကျွန်ုပ် လက်ထက်၌မူကား ကျန်ရှိသမျှသော မှူးမျိုးမတ်နွယ်တို့သည် စောမွန်နစ်ကို နန်းချ၍ ကျွန်ုပ်ကိုနန်းတင်ရန် လျှို့ဝှက်စွာ ကြံစည်ခဲ့ကြလေသည်။

ခပ်သိမ်းသော မင်းမှုထမ်း အဆက်အနွယ်တို့သည် ကျွန်ုပ်၏ တင့်တယ် သော ရုပ်အဆင်းကိုလည်းကောင်း၊ ထက်မြက်သော ဉာဏ်ပညာကိုလည်းကောင်း၊

mgyoe.com

mgyoe.com


ကြီးမားသော ခွန်အားဗလကိုလည်းကောင်း၊ များစွာအားထား ယုံကြည်ကြသည် ဖြစ်သောကြောင့် ဤတစ်ကြိမ်၌ကား မြန်မာမင်းဆက်ကို တစ်ဖန်ပြန်၍ ထမြောက်အောင် ထူထောင်နိုင်တော့မည်ဟု အားခဲလျက်ရှိကြ၏။ သို့ဖြစ်၍ ကျွန်ုပ်ဖခင်နှင့်တကွ မှူးမျိုးမတ်နွယ်များသည် ကျွန်ုပ်အား မင်းတို့ တတ်ကျွမ်းအပ်သည့် အတတ်ပညာများကို လျှို့ဝှက်စွာ သင်ကြားပေးသည့်ပြင် နက္ခတ်ဗေဒင်အတတ်၊ မျက်လှည့်အတတ်မှစ၍ ပရိယာယ်နှင့်ဆိုင်သော အတတ်များကိုပင် ယောဂီရသေ့ကြီးများထံ၌ လျှို့ဝှက်စွာ သင်ကြားစေခဲ့လေသည်။

အကြောင်းကိုဆိုသော် ကျွန်ုပ်တို့သည် ရှမ်းဘုရင်မကို လက်နက် အင်အားဖြင့် အတိအလင်းတိုက်ခိုက်နိုင်ကြသည် မဟုတ်သောကြောင့် ပရိယာယ်ဉာဏ်ဖြင့် ထိးနန်းကိုလုယူရန် အကြံရှိကြသောကြောင့် ဖြစ်ချေသည်။

ရသေ့များသည် ကျွန်ုပ်၏ ဇာတာကို တွက်ချက်ကြသောအခါ၌ မိန်းမ ဖျက်၍ ပျက်စီးရာသောအကြောင်းကို မြင်သည်ဟု ဟောပြောကြသည်ဖြစ်သောကြောင့် အားလုံးသော မှူးကြီးမတ်ရာတို့က ကျွန်ုပ်အား မိန်းမအတွက်နှင့် ပတ်သက်၍ အထူးဂရုပြုရန် သွန်သင်ကြသည့်အပြင်၊ ကျွန်ုပ်မှ အသက် ၂၅ နှစ်အရွယ်ပင် ရှိငြားသော်လည်း ရည်းစားဟူ၍မျှ မထားစဖူး။ ကျွန်ုပ်ကိုယ်တိုင်ကလည်း မိန်းမဟူသမျှကို စက်ဆုပ်ရွံရှာခြင်း ရှိခဲ့လေသည်။

ကျွန်ုပ်၏ အသက် ၂၅ နှစ်ပြည့်သောနေ့၌ ကျွန်ုပ်၏ဖခင်နှင့်တကွ ၄င်းနယ်၌ ပုန်းအောင်းနေထိုင်ကြသော မှူးရိုးမတ်နွယ်အပေါင်းတို့သည် တစ်ခုသော တောရကျောင်း၌ စုရုံးကြ၍ ကျွန်ုပ်၏ ဘေးဖြစ်သော ဘုရင်ဟောင်း ဝတ်ဆင်ဖူးသည့် မင်းမြောက်တန်ဆာတို့ဖြင့် ကျွန်ုပ်အား ဆင်မြန်းစေပြီးလျှင် ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတို့နှင့်အကွ ဘိသိက်အခမ်းအနား ကျင်းပကြလေသည်။ ထိုကဲ့သို့ ကျင်းပပြီးနောက် အားလုံးသော မှူးနွယ်မတ်နွယ်တို့သည် ကျွန်ုပ်အား ရှင်ဘုရင်အစစ်ဖြစ်သည့် အလားကဲ့သို့ အရိုအသေပြုကြပြီးလျှင် မှာထားရန် စကားများကို သွန်သင်ဆုံးမ ဩဝါဒပေးကြလေ၏။

ကျွန်ုပ်၏ အကြံအစည်မှာမူကား၊ ကျွန်ုပ်သည် စောမွန်နစ် ထိးနန်းစိုက်ထူရာဖြစ်သော တကောင်းမြို့သို့ တစ်ကိုယ်တည်းသွားရောက်၍ နန်းတော်တွင်းသို့ ဝင်ခွင့်ရလေအောင် ပရိယာယ်ဉာဏ်ကို အသုံးပြုပြီးလျှင် အခါအခွင့်ကိုကြည့်၍ ၄င်းတို့ သွန်သင်သည့်အတိုင်း ဆောင်ရွက်ရန် ဖြစ်လေသည်။ မှူးနွယ်မတ်နွယ်များသည် ကျွန်ုပ်အား သစ္စာစောင့်ကြပါမည့်အကြောင်းနှင့် အသီးသီး သစ္စာရေသောက်ကြပြီးလျှင် ကျွန်ုပ်အားလည်း တကောင်းမြို့ကြီး၌ မြန်မာမင်းဆက်ကို

mgyoe.com

mgyoe.com


တစ်ဖန်ထူထောင်မည့်ကိစ္စ၌ မသွေမဖောက်၊ မကြောက်မရွံ့၊ ရဲဝံ့စွာ ဆောင်ရွက်ပါမည့် အကြောင်းနှင့် သစ္စာရေ တိုက်ကြလေ၏။

ကျွန်ုပ်သည် အကယ်၍ ထိုကိစ္စကြီးကို ဆောင်ရွက်ရာ၌ ပျက်ကွက်ချွတ်ယွင်းခြင်း ရှိခဲ့ပါလျှင် ကြောက်မက်ဖွယ်ရာသော ဘေးရန်ခပ်သိမ်းတို့နှင့် ကြုံတွေ့ရပါစေသားဟူ၍ ကျိန်ဆိုရသည့်ပြင်၊ ၎င်းတို့ ကိုယ်တိုင်ကလည်း ကျွန်ုပ်၏ ဝတ္တရားပျက်ကွက်ခြင်းအတွက်ကြောင့် ထိုကိစ္စကြီး အထမမြောက်ရှိခဲ့ပါလျှင် ကျွန်ုပ်အားမည်သည့်နည်းနှင့်မဆို မိအောင်ဖမ်း၍ အရှင်လတ်လတ်ခေါင်းတွင်းသို့ ထည့်ပြီးလျှင် ဂူသွင်း၍ သတ်ကြမည်ဟူ၍လည်း ခြိမ်းခြောက်ပြောဆိုကြလေ၏။

ကျွန်ုပ်သည် သစ္စာရေသောက်ရာ၌ ရွတ်ဆိုရသော စကားများ၏ ကြောက်မက်ဖွယ်ရာ ကောင်းလှသော ကျိန်စာများကို ကြားရသောအခါ၌ လည်းကောင်း၊ အရှင်လတ်လတ်ခေါင်းသွင်း၍ သတ်မည်ဟု ခြိမ်းခြောက်သော စကားများကို ကြားရသောအခါ၌လည်းကောင်း၊ တစ်သက်ပတ်လုံး ကြောက်ရွံ့ခြင်းတည်းဟူသော စကား၏အဓိပ္ပာယ်ကို နားမလည်ခဲ့ဖူးသော ကျွန်ုပ်ပင်လျှင် ကြက်သီးမွေးညင်းထမိချေ၏။

မှူးမျိုးမတ်နွယ်တို့သည် ကျွန်ုပ်အား ထိုကဲ့သို့ ကျမ်းသစ္စာကျိန်ဆိုစေပြီးနောက် လိုအပ်သော ကြေးငွေများကို ကျွန်ုပ်၏လက်သို့ ပေးအပ်ကြပြီးလျှင် ကျွန်ုပ်သည် တကောင်းမြို့သို့ လှေငယ်တစ်စင်းနှင့် စုန်ဆင်းလာခဲ့လေ၏။

mgyoe.com

mgyoe.com

# ဒုတိယပေစာထုပ်
# ရန်အောင်မင်္ဂလာ၏ လုပ်ကြံပုံ

ကျွန်ုပ်သည် လှေလှော်သား ငါးယောက်မျှနှင့် တကောင်းမြို့သို့ စုန်ဆင်းလာခဲ့ရာ၊ မြို့နှင့် တစ်တိုင်ခရီးခန့် ကွာဝေးသောအရပ်သို့ ရောက်ကြသောအခါ၌ လှေကိုကမ်းသို့ ဆိုက်ကပ်ကြပြီးနောက် ကျွန်ုပ်အားချထားခဲ့၍ လှေလှော်သားများသည် မြစ်ညာသို့ ဆန်တက်သွားကြလေ၏။

ဆွမ်းခံပြန်ချိန်ခန့်တွင် ကျွန်ုပ်သည် တကောင်းမြို့သို့ ခြေလျင်ဆိုက်ရောက်လာခဲ့၍ ဖခင်မှာထားသည့်အတိုင်း ၎င်း၏ ညီအရင်းဖြစ်သော ဦးထွန်းကျော်၏ နေအိမ်တည်ရှိရာ အရပ်ကိုသေချာစွာ ညွှန်ကြားလိုက်သည် ဖြစ်သောကြောင့် အလွယ်တကူနှင့်ပင် ရှာဖွေတွေ့ရှိလေ၏။

ကျွန်ုပ်၏ ဘထွေး ဦးထွန်းကျော်မှာ ကျွန်ုပ် ဆိုက်ရောက်မည့် အကြောင်းကို သိရှိနှင့်ပြီးဖြစ်သည့်ပြင် ကျွန်ုပ်၏ ကိစ္စကြီးအတွက်ကိုလည်း ၎င်း၏ တာဝန်အတိုင်း အဆင်သင့်စီမံထားပြီး ဖြစ်လေသည်။ စီမံပုံကိုမူ သင့်လျော်သောနေရာ၌ ဖော်ပြမည်ဖြစ်ချေသည်။

ဦးထွန်းကျော်သည် ကျွန်ုပ်အား နံနက်စာကျွေးမွေးပြီးနောက် ထိုနေ့မွန်းမတည့်မီအချိန်တွင် ဘုရင်မစောမွန်နှစ်သည် မြစ်ဆိပ်သို့ ချိုးရေတော်သုံးထွက်တော်မူမည့် အကြောင်းနှင့်ပြောပြ၍ ကျွန်ုပ် ဆိုက်ရောက်သည့်နေ့၌ပင် ဘုရင်မကို တွေ့မြင်ရန် အခွင့်ကြုံကြိုက်သည် ဖြစ်သောကြောင့် ကောင်းမြတ်သော နိမိတ်လက္ခဏာဖြစ်ကြောင်းနှင့်လည်း ပြောပြလေ၏။ ကျွန်ုပ်မှာလည်း မိမိလုပ်ကြံရမည်ဖြစ်သော ဘုရင်မကို ထိုနေ့မှာပင် မြင်ရချေတော့မည်ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့၏။

mgyoe.com

mgyoe.com


နေ့ဆွမ်းစားပြီးအချိန်ခန့်တွင် မြို့သူမြို့သားများသည် စောမွန်နစ် ထွက်တော်မူမည်ကို ကြိုဆိုရန်အတွက် လှုပ်လှုပ်ရွရွရှိနေကြလေရာ၊ လမ်းတစ်ဖက်တစ်ချက်၌လည်း လူတို့သည် သူ့ထက်ငါ နေရာကောင်းရစေရန် တိုးဝှေ့လျက်ရှိနေကြလေ၏။ ကျွန်ုပ်သည် ဘထွေး ဦးထွန်းကျော်နှင့်အတူ ရေဆိပ်သို့ ဆင်းသော လမ်းသို့သွားကြ၍ နေရာကောင်းရစေရန် သူတစ်ပါးနည်းတူ တိုးဝှေ့လျက်ရှိကြရာ ဦးထွန်းကျော်မှာမူ ကျွန်ုပ်ကဲ့သို့ ဖျတ်လတ်ခြင်း မရှိသည့်အတွက် လူထု၏နောက်မှသာလျှင် နေရာရ၍ ကျွန်ုပ်မှာမူ ရှေ့ဆုံးသို့ ရောက်အောင် တိုးဝှေ့ကာဝင်သွားလေ၏။ ဘုန်းကြီးကျောင်းမှ ခေါင်းလောင်းထိုးသံကြားရသည်နှင့် တစ်ပြိုင်နက် စောမွန်နစ်သည် နန်းတော်မှ ထွက်တော်မူခဲ့လေရာ စောင့်မျှော်နေကြသောပရိသတ်များသည် အသစ်တစ်ဖန်လော၍ တိုးဝှေ့ကြပြန်လေ၏။ လက်ယာတောင်နှစ်ယောက်တို့သည် ကြိမ်လုံးကိုယ်စီနှင့် ရှေ့ဆုံးမှ လျှောက်လာကြ၍ ထွက်တော်မူမည့်လမ်းနှင့် နီးကပ်လွန်းသောလူများကို ကြိမ်လုံးနှင့်ရိုက်ကာ နောက်သို့ ဆုတ်ခွာစေလေ၏။

တစ်ယောက်သော လက်ယာတောင်သည် ကျွန်ုပ်အနီးသို့ ရောက်လာသောအခါ၌ ကျွန်ုပ်ရှေ့တွင် နို့စို့ကလေးကိုပွေ့ကာ မြေပေါ်၌ဝပ်လျက် ရှိသော မိန်းမတစ်ယောက်၏ ဦးခေါင်းကို ရိုက်နှက်ရာ နားရွက်ကိုရိုက်မိသဖြင့် သွေးများဖြာ၍ ကျလာသည့်ပြင် မိန်းမမှာလည်း မူးဝေကာ ကျွမ်းထိုးသွား၍ နို့စို့ကလေးသည် ဖုန်ထဲ၌လူးလှိမ့်ကာ တစာစာ ငိုကြွေးလေ၏။ ဤရက်စက်သော အပြုအမူကိုမြင်ရသောအခါ၌ ကျွန်ုပ်၏သွေးများသည် ပွက်ပွက်ဆူ၍ ထလာဘိသကဲ့သို့ အသားများဆတ်ဆတ်ခါအောင် ရှိလာသည်နှင့် သားအမိနှစ်ယောက်တို့ကို ရယ်မောကာ ပြန်ကြည့်နေသော လက်ယာတောင်၏ ဦးခေါင်းကို ကျွန်ုပ်၏ လက်တွင်ကိုင်ထားသော ဝါးတုတ်နှင့် အားကုန်ရိုက်ခွဲလိုက်လေ၏။ ကျွန်ုပ်၏ တုတ်သည် ထိုသူ၏ ငယ်ထိပ်သို့ တည့်တည့်ကျလေရကား၊ ဦးခေါင်းသည် ပေါက်ကွဲ၍ ထိုသူ၏ မျက်နှာတစ်ခုလုံးသို့ သွေးများဖြာခနဲ့ယိုစီး၍ ကျလာလေ၏။

ထိုအခါ လက်ယာတောင်သည် သွေးများဖုံးလျက်ရှိသော မျက်လုံးတို့ဖြင့် ကျွန်ုပ်အား လှည့်၍ကြည့်ပြီးလျှင် အမျက်ဒေါသပြင်းစွာ ထွက်လာသည့်အလျောက် ကျွန်ုပ်အား ကြုံးဝါးလျက် ထိုးအံ့ဟု ပြေးဝင်လာလေ၏။ ကျွန်ုပ်၏တုတ်မှာမူ ကျိုးသွားပြီးဖြစ်သောကြောင့် ကျွန်ုပ်သည် တုတ်ကျိုးကို ပစ်ချ၍ ထိုသူ၏မျက်နှာကို လက်သီးဖြင့် ထိုးလိုက်ရာ မျက်လုံးနှစ်လုံး၏ အကြား၌ တည့်တည့်ထိုးမိသည်ဖြစ်သောကြောင့် ထိုသူသည် နောက်သို့ ယိမ်းယိုင်ကာ ဆုတ်သွားလေ၏။ ထိုသူ

mgyoe.com

mgyoe.com


မှာ ကြီးမားသော ကိုယ်ကာယရှိသည့်ပြင် ငွင်းနှင့် ပြိုင်ဘက် သတ်ဝံ့သောသူမရှိသည့် လက်ဝှေ့သမားတစ်ယောက် ဖြစ်ကြောင်းကို နောင်အခါ၌ ကျွန်ုပ်သိရ၏။

ထိုသူသည် ကျွန်ုပ်၏ လက်သီးချက်မိသွားသောအခါတွင် ရေးကထက်ပင်အမျက်ပြင်းစွာထွက်လာ၍ မျက်လုံးပြူးကာ၊ အံကြိတ်ကာဖြင့် ကျွန်ုပ်ထံ တစ်ဖန်ပြေးဝင်လာပြန်ရာ လူအများတို့သည် ကျွန်ုပ်တို့နှစ်ယောက်ကို ဝိုင်းဝန်းကာကြည့်လျက် ဆူဆူညံညံ ရှိနေကြလေ၏။ လက်ယာတောင် လက်ဝှေ့သမားသည် ပြင်းစွာသောအဟုန်ဖြင့် ကျွန်ုပ်ထံပြေးဝင်လာ၍ သူငယ်၏ ဦးခေါင်းပမာခန့်ရှိသောလက်သီးကြီးဖြင့် ကျွန်ုပ်၏ ဦးခေါင်းကို တအားကြုံး၍ သတ်လိုက်ရာ ကျွန်ုပ်သည်ဦးခေါင်းကိုငုံ့လျှိုး၍ မရှောင်ခဲ့ပါလျှင် ဘုရင်မကို လုပ်ကြံဖို့ကိစ္စမှာ ထိုနေရာ၌ပင်လက်စသတ်ချေတော့မည် ဖြစ်ချေ၏။

ယင်းကဲ့သို့ ငုံ့လျှိုးလိုက်သောအခါတွင် ကျွန်ုပ်၏ နားရွက်အနီး၌ သီသွားသော လက်သီးသည် ဝီခနဲမြည်၍ သွားလေ၏။ ထိုသူ၏ လက်သီးသည် ကျွန်ုပ်၏ ဦးခေါင်းကိုမထိဘဲ လေကိုသာထိုးမိလေရကား တစ်ကိုယ်လုံးအားလွန်၍ ဟန်ပျက်ကာအသွားတွင် ကျွန်ုပ်သည် ထိုသူ၏နံဘေးသို့ ဖျတ်လတ်စွာ ချဉ်းကပ်၍လည်မျိုကို လက်နှစ်ဖက်နှင့် အုပ်ညှစ်လေ၏။

ထိုသူကား ကျွမ်းကျင်သော လက်ဝှေ့သမား ဖြစ်သည်မှန်၏။ ကျွန်ုပ်မှာလည်း ခွန်အားရာတွင် ယှဉ်ပြိုင်သူမရှိအောင် သန်စွမ်းသူတစ်ယောက် ဖြစ်ချေ၏။ သို့ဖြစ်သောကြောင့် ကျွန်ုပ်သည် ထိုသူ၏ လည်မျိုကို လက်နှစ်ဖက်နှင့် ကိုင်ဖမ်းမိသည်နှင့် တစ်ပြိုင်နက် စိစိပါအောင် ဖျစ်ညှစ်၍ ထားလေရာ ထိုသူသည် ကျွန်ုပ်၏ ဦးခေါင်း၊ မျက်နှာ၊ ရင်ဘတ် စသည်တို့ကို ဘယ်လက်သီး၊ ညာလက်သီးတို့ဖြင့် အကြိမ်ကြိမ် အထပ်ထပ် ထိုးသတ်ပါသော်လည်း ကျွန်ုပ်သည် လည်မျိုကိုမလွှတ်ဘဲ ခိုင်မြဲစွာကိုင်ညှစ်၍ ထားလေ၏။

ထိုသူသည် အသက်မရှုနိုင်အောင် ရှိနေသည်ဖြစ်သောကြောင့် ထိုးလိုက်သော လက်သီးချက်တို့သည် တစ်ချက်ထက်တစ်ချက် အားနည်း၍လာခဲ့လေရာနောက်ဆုံး၌ ကျွန်ုပ်၏လက်မှလွတ်စေခြင်းငှာ မိမိကိုယ်ကို မြေပေါ်၌ သူတစ်ပြန်ငါတစ်လှည့်ဖြင့် အပေါ်သို့ရောက်ချည် အောက်သို့ရောက်ချည်နှင့် လူးလိမ့်ကာရှိနေကြသော်လည်း ကျွန်ုပ်၏ လက်ချောင်းများမှာကား ထိုသူ၏ လည်ချောင်းကိုညှစ်လျက်ပင် မလွှတ်ဘဲ ရှိနေလေ၏။ နောက်ဆုံး ထိုသူသည် အသက်ရှုကျပ်လာသဖြင့် ခွန်အားကုန်ခန်းသောကြောင့် ပက်လက်လန်လျက် အောက်သို့ကျရာမှလွန့်၍ မတက်နိုင်ဘဲရှိနေရာတွင် ကျွန်ုပ်သည် သူ၏ရင်ဝပေါ်တွင် ဒူးထောက်လျက်

mgyoe.com

mgyoe.com


အသက်ထွက်သည့်တိုင်အောင် လည်ချောင်းကို ကိုင်ညှစ်ရန် ကြိုးစားလျက် ရှိ၏။ ထိုခဏ၌ ဘထွေး ဦးထွန်းကျော်သည် ကျွန်ုပ်တို့နှစ်ယောက်ကို ခွဲခွာခြင်း မပြုခဲ့ပါလျှင် ထိုသူသည် ကျွန်ုပ်၏လက်ထဲ၌ပင် အသက်ပျောက်ဖွယ်ရာ ရှိချေ၏။

ထိုအတောအတွင်း ဘုရင်မစောမွန်နှစ်သည် ဝေါကိုစီးလျက် ကျွန်ုပ်တို့ အနီးသို့ ဆိုက်ရောက်လာခဲ့၍ လူအများတို့ အုတ်အုတ်ကျက်ကျက် ရှိနေသည့် အကြောင်းကို မေးမြန်းလျက်ရှိ၏။ တစ်ဦးသော အမှုထမ်းက အဖြစ်အပျက်ကို တင်လျှောက်သဖြင့် ဘုရင်မသည် အမျက်ထွက်သော မျက်နှာထားဖြင့် ကျွန်ုပ်အား ကြည့်လိုက်ရာ ၎င်း၏မျက်လုံးတို့မှာ မီးရောင်တလက်လက် ထွက်သည်ဟူ၍ပင် ကျွန်ုပ်စိတ်၌ မှတ်ထင်မိ၏။

စောမွန်နှစ်၏ ရုပ်အဆင်းမှာ ကျွန်ုပ် ထုတ်ဖော်ရေးသားခြင်းငှာ မစွမ်းနိုင်လောက်အောင်ပင် တင့်တယ်ချောမောခြင်း ရှိပါပေ၏။ ပေါ်လွင်ဖြောင့်စင်းသော နှာတံ၊ နီမြန်းသော နှုတ်ခမ်း၊ သေးသွယ်ဖြောင့်တန်းသော မျက်ခုံး၊ ရှည်လျားသော အဖျားကော့သော မျက်တောင်၊ ပြေပြစ်သော နဖူး၊ မောက်ဖြိုးပြည့်ဝသော ပါးပြင်၊ ဖြူစင်နုထွတ်သော သွား၊ မချွန်မပုဘဲလျက် ခပ်လုံးလုံးရှိသော မေး၊ ကြည်လင်တောက်ပသော မျက်လုံး၊ ရွှေစင်အစစ်ကဲ့သို့ ထိန်ထိန်ဝင်းသောအသား စသည့် အသီးသီးသော ကြန်အင်္ဂါလက္ခဏာတို့ဖြင့် ညီညွတ်ပြည့်စုံခြင်းရှိသည့်ပြင် တစ်ကိုယ်လုံးကို ပေါင်းစပ်၍ ကြည့်လိုက်သောအခါ၌လည်း ခံ့ညားခြင်း၊ ကျက်သရေရှိခြင်း၊ နနယ်ပြေပြစ်ခြင်း အစရှိသော အရည်အချင်းတို့မှာလည်း ရှုမြင် ရသောသူတို့ ကြည့်၍ မငြီးငွေ့နိုင်လောက်အောင် စိတ်ဓာတ်ကို ထိခိုက်နှစ်သိမ့်ခြင်း ဖြစ်စေလောက်ပေ၏။

ဤသို့ ရုပ်ဆင်းအင်္ဂါနှင့်ပြည့်စုံသော မိန်းမတစ်ယောက်မှာ မည်သို့သော အခြေ၌ ဖြစ်နေသည်ဖြစ်စေ၊ ရှင်ဘုရင်တို့ တွေ့မြင်ချေက နေ့ရက်မဆိုင်းလင့်ဘဲ၊ ချက်ချင်းပင် မိဖုရားအရာသို့ တင်မြှောက်ကြမည်သာလျှင် ဖြစ်ချေသည်။ ထိုသို့သော အရည်အချင်းတို့နှင့် ပြည့်စုံသည့်ပြင် ကြင်ရာဖော်လည်းမရှိဘဲ၊ ဘုရင်မအဖြစ်နှင့် တိုင်းပြည်ကို တစ်ကိုယ်တည်း အုပ်ချုပ်လျက် ရှိသည်ဖြစ်သောကြောင့်လည်း နန်းတွင်းမှ ထွက်တော်မူသောအခါ၌ လူအများတို့ ထိုကဲ့သို့ တိုးဝှေ့ကြိုဆိုကြခြင်း ဖြစ်လေသည်။

သို့ရာတွင် ထိုဘုရင်မသည် မည်မျှပင် လှပယဉ်ကျေးသည်ဟု ဆိုစေကာမူ ၎င်း၏ မျက်လုံးများ၌လည်းကောင်း၊ ပါးစပ်၌လည်းကောင်း၊ ရက်စက်သော သဘော၊ သနားဂရုဏာကင်းမဲ့သောသဘောရှိကြောင်းမှာမူ ထင်ရှားလျက်ရှိချေ၏။

mgyoe.com

mgyoe.com


စောမွန်နှစ်သည် ဝေါပေါ်၌ စိစဉ်ထားအပ်သော မိုအုံးကြီးများပေါ်၌ မိုခါ မသာယာသောမျက်နှာဖြင့် ကျွန်ုပ်အား ကြည့်လျက်ရှိရာ ချောမောလှပသော အပျိုတော်နှစ်ယောက်တို့သည် ဘုရင်မ၏ မျက်နှာကို သားမြီးယပ်များဖြင့် ဖြည်းညင်းစွာ ခတ်လျက်ရှိကြ၏။

ဘုရင်မသည် ကျွန်ုပ်အား ဝေါအနီးသို့ ချဉ်းကပ်ရန် အမိန့်ပေးသဖြင့် ကျွန်ုပ်သည် အမိန့်အတိုင်း ချဉ်းကပ်ရာတွင် ဘုရင်မက . . .

"ငါ၏ ကျေးကျွန်တစ်ယောက်ကို သတ်ပုတ်ရန်ဝံ့သော သင်သည် မည်သူဖြစ်သနည်း"

ဟုမေး၏။

ကျွန်ုပ်က . . .

"ကျွန်ုပ်သည် နက္ခတ်ဆရာကြီး မောင်ရန်အောင်ဖြစ်ပါသည်။ ထိုသူနှင့် သတ်ပုတ်ရခြင်းမှာ ကျွန်ုပ်၏ အပြစ်မဟုတ်ပါ။ သူသည် နို့စို့ကလေးကို ချီထားသော မိန်းမတစ်ယောက်ကို အကြောင်းမဲ့သက်သက် ရိုက်နှက်ပါသည်။ ကြည့်တော်မူပါလော့"

ဟုပြောလျက် သွေးစက်စက်ယိုစီးလျက်ရှိသော မိန်းမနားရွက်ကို ပြလေ၏။

ထိုအခါ ဘုရင်မသည် အနီး၌ရှိသော လူတစ်ယောက်ကိုခေါ်၍ ဟုတ်တိုင်းမှန်ရာပြောပြရန် အမိန့်ပေးရာတွင် ထိုသူသည် လက်ယာတောင်၏ အပြုအမူကို နှစ်သက်ဟန်မရှိသောကြောင့် ကျွန်ုပ်၏ ရှေ့နေသဖွယ်ဖြင့် အဖြစ်အပျက်ကို တင်လျှောက်လေ၏။

ထိုအခါ ဘုရင်မသည် ပရိသတ်အားလုံးဘက်သို့ လှည့်၍ ထိုအတိုင်းမှန်သလောဟု မေးပြန်ရာ လူအားလုံးတို့က မှန်ပါကြောင်းနှင့် ပြန်ပြောလေ၏။ ၎င်းနောက် ဘုရင်မသည် မင်းမှုထမ်းများကိုခေါ်၍ အပြစ်မရှိသော မိန်းမကို အပြစ်ကျူးလွန်စော်ကားသော လက်ယာတောင်အား လက်ယာဘက်လက်ကို ဖြတ်ပစ်ခြင်းအားဖြင့် အပြစ်စီရင်ရန် အမိန့်ပေးလေရာ မင်းမှုထမ်းများသည် လက်ယာတောင်၏ လက်ယာဘက်လက်ကို ထိုနေရာ၌ပင် ဓားလွတ်များဖြင့် ခုတ်ဖြတ်ကြလေ၏။

ထို့နောက် စောမွန်နှစ်သည် ရေဆိပ်သို့ ဆက်လက်၍ သွားကြရန် အမိန့်ပေးလေရာ ကျွန်ုပ်မှာမူ ဘထွေး ဦးထွန်းကျော်က ဆွဲခေါ်သွားသဖြင့် ဘုရင်မ၏ နောက်သို့ ဆက်လက်၍ မလိုက်တော့ဘဲ နေအိမ်သို့ ပြန်လာခဲ့ကြလေ၏။ ဦး

mgyoe.com

mgyoe.com


ထွန်းကျော်သည် ဤကဲ့သို့ သတိတရားကင်းခဲ့ပါလျှင် ကျွန်ုပ်တို့၏ အကြံအစည် ကြီးပျက်စီးရန်ရှိကြောင်းနှင့် ကြိမ်းမောင်းပြစ်တင်လေ၏။

ထိုညဉ့်၌ ကျွန်ုပ်တို့ တူဝရီးနှစ်ယောက်တို့သည် အိပ်ခန်းအတွင်း၌ ထိုင်ကာ ကျွန်ုပ်တို့ဆောင်ရွက်ကြရမည့် ကြီးလေးလှသော ကိစ္စကြီးအကြောင်းကို တိုင်ပင်လျက် ရှိကြစဉ် နန်းတော်သူတို့၏ ထုံးစံအတိုင်း ဝတ်ဆင်ထားပြီး ရုပ်ဆင်းအင်္ဂါနှင့်ပြည့်စုံသော မိန်းကလေးတစ်ယောက်သည် အိပ်ခန်းအတွင်းသို့ ဝင်လာလေ၏။ ကျွန်ုပ်သည် ထိုမိန်းကလေးကို မြင်ဖူးပါသည်ဟု အောက်မေ့၍ သေချာစွာကြည့်ရှုရာတွင် နေ့ခင်းအချိန်က စောမွန်နစ်အနီးတွင် သားမြီးယပ်ဖြင့် ခတ်ပေးနေသော အပျိုတော်နှစ်ယောက်အနက် တစ်ယောက်ဖြစ်ကြောင်းကို ရုတ်တရက် မှတ်မိလေ၏။

၎င်းအပျိုတော်မှာ ဦးထွန်းကျော်၏ တူမတစ်ယောက်ဖြစ်၍ ကျွန်ုပ်တို့၏ အကြံအစည် ထမြောက်ဖို့ကိစ္စ၌ ကြီးလေးသော တာဝန်ကို ဆောင်ရွက်ရမည့် မိန်းကလေးတစ်ယောက် ဖြစ်ချေသည်။ ခင်နှင်းကြည်သည် သာမည အပျိုတော် တစ်ယောက် မဟုတ်ဘဲ စောမွန်နစ်၏ အချစ်တော်တစ်ယောက်ဖြစ်လေရာ စောမွန်နစ်သည် အရာရာမျိုး၌ မှူးကြီးမတ်ကြီးတို့၏ စကားထက် ခင်နှင်းကြည်၏ စကားကို လိုက်နာတတ်လေသည်။ ထိုမိန်းကလေးမှာ ကျွန်ုပ်တို့၏ အကြံအစည် အတွက် နှစ်ပေါင်းများစွာကပင် နန်းတော်တွင်းသို့ သွင်းထားသော မိန်းကလေး ဖြစ်၍ ကျွန်ုပ်တို့အကြံကို အားလုံးသိသူ ဖြစ်လေသည်။

ဦးထွန်းကျော်သည် ရန်အောင်မင်္ဂလာဆိုသူမှာ ကျွန်ုပ်ဖြစ်ကြောင်းနှင့် ခင်နှင်းကြည်အား ပြောပြသောအခါတွင် သူငယ်မသည် ရှိသေလေးမြတ်သော အမူအရာဖြင့် ကျွန်ုပ်အားကြည့်လျက် အံ့အားသင့်နေဟန် လက္ခဏာ ရှိ၏။

၎င်းနောက် ဦးထွန်းကျော်၏ အမိန့်အတိုင်း ခင်နှင်းကြည်က ကျွန်ုပ်အား ကျွန်ုပ်တို့ ဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ်ကို ပြောပြလေ၏။

ခင်နှင်းကြည်က မိမိသည် ရန်အောင်မင်္ဂလာနှင့် မောင်နှမနှစ်ဝမ်းကွဲ တော်စပ်သဖြင့် ယခုဆောင်ရွက်ရခြင်းမှာ သူစိမ်းအတွက်မဟုတ်။ မောင်တော်အတွက် ဆောင်ရွက်ရခြင်း ဖြစ်သောကြောင့် များစွာဝမ်းမြောက်ကြောင်း။ အကြံအစည် အထမြောက်သောအခါတွင် တစ်ဆွေလုံးတစ်မျိုးလုံး ကြီးပွားရန် ရှိသောကြောင့် အရာရာတိုင်းတွင် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြောင်း၊ ကျွန်ုပ်၏ တာဝန်မှာမူ နန်းတော်အတွင်းသို့ ထွက်ဝင်ခွင့်ရစေရန် ခင်နှင်းကြည်က ဖန်တီးစီမံပေးပြီး

mgyoe.com

mgyoe.com


နောက် ကျွန်ုပ်သည် နန်းသူနန်းသားတို့၏ အနေအထိုင် အလေ့အကျင့်များကို ကြည့်ရှုမှတ်သားရန် ဖြစ်ကြောင်း။

ခင်နှင်းကြည်က ယခုပင်လျှင် အချို့သော နန်းတော်သူနန်းတော်သားများ ကို မိမိဘက်သို့ပါအောင် သွေးဆောင်ထားပြီးဖြစ်ကြောင်း၊ နောင်ကိုလည်း ထို ထက်ပင် လူဦးရေတိုးတက်အောင် ကြိုးစားဆောင်ရွက်ဦးမည်ဖြစ်ကြောင်း၊ နောက် ဆုံး၌ အစစအရာရာ အဆင်သင့်ပြင်ဆင်ပြီးသောအခါတွင် ဘုရင်မ စောမွန်နစ်ကို ကျွန်ုပ်၏လက်ဖြင့် သတ်ဖြတ်ရမည်ဖြစ်ကြောင်း၊ သတ်ဖြတ်ပြီးသည်နှင့် တစ်ပြိုင် နက် ထိုသတင်းကို ကြွေးကြော်သောအခါတွင် ကျွန်ုပ်တို့ဘက်တော်သားများသည် စောမွန်နစ်၏ လူယုံတော်များကို သတ်ဖြတ်ကြမည်ဖြစ်ကြောင်း၊ ၎င်းနောက် နန်း တော်တံခါးကို ဖွင့်ပေးလိုက်သောအခါတွင် အပြင်မှ စောင့်ဆိုင်းလျက်ရှိသော ကျွန်ုပ်တို့ဘက်သားလူများသည် နန်းတော်တွင်းသို့ ချဉ်းနင်း ဝင်ရောက်မည်ဖြစ် ကြောင်း။

စင်စစ်မှာ တိုင်းသူပြည်သားတို့သည် ရှမ်းလူမျိုးဖြစ်သော ဘုရင်မ စော မွန်နစ်ကို မကြည်ညိုကြသည်ဖြစ်သောကြောင့် မြန်မာမင်းဟောင်း၏ အနွယ် တစ်ယောက်လက်ချက်ဖြင့် စောမွန်နစ် သေဆုံးကြောင်းကို ကြားသိကြရသောအခါ တွင် မိမိတို့ဘက်သို့ ပါဝင်ကြပြီးလျှင် စောမွန်နစ်၏ ရှမ်းစစ်သည်တို့ကို အလွယ် တကူနှင့် တိုက်ခိုက်သတ်ဖြတ်နိုင်ကြမည်ဖြစ်ကြောင်း၊ ထိုအခါ၌ တိုင်းသူပြည်သား တို့သည် ကျွန်ုပ်ကို ဘုရင်တင်မြှောက်၍ ရှေးမင်းဆက်ကို တစ်ဖန် ထူထောင်ကြမည် ဖြစ်ကြောင်းနှင့် ပြောပြလေ၏။

ကျွန်ုပ်သည် ထိုစကားကိုကြားရသောအခါတွင် အသက် ၂၀ ပြည့်ရုံမျှ ရှိ သေးသော မိန်းကလေးတစ်ယောက်သည် ဤမျှလောက် နက်နဲခက်ခဲသော ကိစ္စ ကြီးတစ်ခုကို ကျင်လည်စွာ ဖန်တီးစီမံနိုင်သည့်အတွက် များစွာအံ့ဩလှသော် လည်း ကျွန်ုပ်နှင့်သက်ဆိုင်သောတာဝန်ဝတ္တရားများကို ဆောင်ရွက်ပါမည်ဟု ကျမ်း သစ္စာကျိန်ဆိုခဲ့သည့်အတိုင်း မပျက်မကွက် မသွေမတိမ်းဘဲ ၎င်းစီမံချက်အတိုင်း လိုက်နာဆောင်ရွက်ပါမည်ဟူ၍ ကတိဝန်ခံရလေ၏။

၎င်းနောက် ဦးထွန်းကျော်သည် တူမ ခင်နှင်းကြည်အား မိမိတို့အပေါ်၌ သစ္စာမဖောက်စေရန် သတိပေးနှိုးဆော်ပြီးလျှင် အကယ်၍ သစ္စာဖောက်ခဲ့ပါလျှင် ဘေးအန္တရာယ်ခပ်သိမ်းနှင့် တွေ့ကြုံပါစေသားဟု ထပ်လောင်း ကျိန်ဆိုစေပြီးမှ တွေ့ရမည့် ဘေးအန္တရာယ်များက ကြောက်မက်ဖွယ်ရာတစ်ခုစီ ရွတ်ဆို၍ ပြလေ၏။ ခင်နှင်းကြည်သည် ဦးထွန်းကျော်စေခိုင်းသည့်အတိုင်း ကျိန်ဆိုပြီးနောက် မိမိအား

mgyoe.com

mgyoe.com


သစ္စာဖောက်မည့်သူတစ်ယောက်ဟူ၍ တစ်ခဏ ထည့်သွင်းရေတွက်ခြင်းပင်လျှင် ဝမ်းနည်းလှကြောင်းနှင့် စကားနာပြောလေ၏။

ဦးထွန်းကျော်ကမူ မိန်းမဟူသမျှကို မယုံကြည်ထိုက်ကြောင်း၊ နမပင်ဖြစ်စေ၊ မယားပင်ဖြစ်စေ၊ မိခင်ပင်ဖြစ်စေ၊ မိန်းမတို့မည်သည်မှာ ရာဂတည်းဟူသော မှောင်နှင့် ကြုံကြိုက်သောအခါတွင် လင်ကိုသော်လည်းကောင်း၊ မောင်ကိုသော်လည်းကောင်း၊ မိခင်၊ ဖခင်တို့ကိုသော်လည်းကောင်း၊ သားကိုသော်လည်းကောင်း သစ္စာဖောက်တတ်ကြောင်းနှင့် ထပ်လောင်း၍ ပြောပြလေ၏။

ခင်နှင်းကြည်က မိမိမှာ အခြားသော မိန်းမများနှင့် မတူကြောင်း ပြောပြပြန်ရာ ဦးထွန်းကျော်က အခြားသော မိန်းမများနှင့် မတူကြောင်းကို မိမိသိကြောင်း ထို့ကြောင့်ပင်လျှင် သာ၍ မယုံကြည်နိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ခင်နှင်းကြည်မှာ ထက်မြက်သောဉာဏ်၊ တင်းမာသော စိတ်သဘောရှိသူ တစ်ယောက်ဖြစ်သောကြောင့် တစ်စုံတစ်ခုသောအကြောင်းကြောင့် သစ္စာဖောက်ခဲ့သည်ရှိသော် အခြားမိန်းမများထက် သာ၍ပင် ကြောက်မက်ဖွယ်ရာ ကောင်းလှကြောင်းနှင့် ပြောဆိုလေ၏။

ခင်နှင်းကြည်ကမူ ဤမျှလောက် ချစ်ခင်ဖွယ်ကောင်းသော မောင်တော်အား သစ္စာဖောက်နိုင်ဖို့ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ကြောင်းဖြင့် ကျွန်ုပ်အား ပြုံးရယ်ကာကြည့်လျက် ပြောရာတွင် ကျွန်ုပ်မှာ မျက်နှာ၌ ရှိန်းခနဲ ဖြစ်သွားမိ၏။

ငှင်းနောက် ကျွန်ုပ်က နန်းတော်တွင်းသို့ ကျွန်ုပ်ဝင်ခွင့်ရနိုင်ရန် မည်ကဲ့သို့ စီမံချေမည်နည်းဟု မေးရာတွင် ခင်နှင်းကြည်က စောမွန်နှစ်သည် မိမိကိုယ်တိုင် ရုပ်ဆင်းသဏ္ဌာန်နှင့် ပြည့်စုံသော ယောက်ျားများကို အရေးယူတတ်ကြောင်း၊ ကျွန်ုပ်၏ ရုပ်အဆင်းမှာလည်း တကောင်းမြို့ တစ်မြို့လုံး၌ပင် ပြိုင်ယှဉ်သူမရှိလောက်အောင် လှပတင့်တယ်ခြင်းရှိသည်ဖြစ်သောကြောင့် စောမွန်နှစ်က နက္ခတ်ဆရာကိုရန်အောင်၏ နေရပ်ကို မမေးမြန်းလိုက်မိချေတကားဟု မိမိအား နှစ်ကြိမ်တိုင်တိုင် ပြောပြဖူးကြောင်း၊ ကျွန်ုပ်၏ ရုပ်အဆင်းသည် လှပခြင်းရှိသည်အလျောက် နာမည်မှာလည်း နိမိတ်သြဘာကောင်းသော နာမည်ဖြစ်သည်ဟူ၍လည်း စောမွန်နှစ်က ပြောပြသေးကြောင်း၊ ထို့ပြင် နာမည်ကျော်လက်ဖွေ့သမားကို နိုင်နင်းအောင် သတ်ပုတ်နိုင်သည့် အစွမ်းကိုလည်း ချီးမွမ်းသေးကြောင်း။

ယခုအခါ ခင်နှင်းကြည်က နက္ခတ်ဆရာကိုရန်အောင်ကို တွေ့အောင် စုံစမ်းရှာဖွေပေးပါမည်ဟူ၍ ကတိထားခဲ့ရကြောင်း၊ ထို့ကြောင့် နက်ဖြန် မွန်းတည့်အချိန် နန်းတော်တွင်းသို့ မိမိထံဝင်လာခဲ့ပါလျှင် ဘုရင်မ၏ ရှေ့တော်သို့ရောက်အောင်

mgyoe.com

mgyoe.com


ပို့ပေးမည်ဖြစ်ကြောင်း၊ ကျွန်ုပ်မှာ မျက်လှည့်အတတ်၌ ကျွမ်းကျင်သူ တစ်ယောက်ဖြစ်သောကြောင့် ဘုရင်မအပျင်းပြေစေရန် ထိုအတတ်ဖြင့် ဖျော်ဖြေနိုင်သည်ဖြစ်ပါကနောင်ကိုလည်း နန်းတော်တွင်းသို့ မကြာခဏ ဝင်ရောက်ခွင့်ရချေမည်ဖြစ်ကြောင်း ထိုအတောအတွင်း ခင်နှင်းကြည်က ပုန်ကန်ရေးအတွက် နန်းတွင်းသားများနှင့်စီစဉ်၍ အလုံးစုံ ပြင်ဆင်ပြီးသောအခါတွင် ကျွန်ုပ်က စောမွန်နစ်၏ အသက်ကိုသတ်ဖြတ်ရန်ဖြစ်ကြောင်းများနှင့် ပြောပြလေ၏။

၎င်းနောက် ခင်နှင်းကြည်က ရှိသေစွာသော အမူအရာဖြင့် ကျွန်ုပ်အားနှုတ်ဆက်၍ ဦးထွန်းကျော်အားလည်း မိမိအတွက် တစ်စုံတစ်ရာမျှ စိုးရိမ်ပူပန်ခြင်းဖြစ်ဖို့မရှိကြောင်းနှင့် ထပ်လောင်း၍ ဝန်ခံကတိထားပြီးနောက် ပြန်သွားလေ၏။

ခင်နှင်းကြည် ထွက်သွားပြီးသည့်နောက် ကျွန်ုပ်သည် ဘထွေး ဦးထွန်းကျော်အား ခင်နှင်းကြည်အပေါ်၌ သင်္ကာမကင်းဖြစ်ရန် အကြောင်းထူးရှိပါသလောဟုမေးမြန်းစုံစမ်းရာတွင် ဦးထွန်းကျော်က မိမိသည် ဤသူငယ်မအား ငယ်စဉ်အခါမှစ၍ ကျွန်ုပ်တို့၏ ကိစ္စကြီးအတွက် သွန်သင်ဆုံးမလာခဲ့သည် ဖြစ်သောကြောင့်သူငယ်မ၏ စိတ်သဘောကို ကောင်းကောင်းသိနားလည်ကြောင်း၊ ယခုအချိန်အထိမှာ ခင်နှင်းကြည်အပေါ်၌ သင်္ကာမကင်းဖြစ်ဖို့ရန် အကြောင်းတစ်စုံတစ်ရာမျှ မရှိသော်လည်း ထိုမိန်းကလေးသည် သာမည မိန်းမတစ်ယောက်မဟုတ်ဘဲ ထူးခြားသောအရည်အချင်းများ ရှိသည့်ပြင် ရဲဝံ့စွန့်စားခြင်း၊ ကြီးပွားလိုသောဆန္ဒ ကြီးမားခြင်း၊ အချို့သောယောကျာ်းများထက်ပင် တင်းမာကြံ့ခိုင်သောစိတ်ရှိခြင်း အစရှိသော ဂုဏ်အချင်းအရာတို့နှင့် ပြည့်စုံသူတစ်ယောက်ဖြစ်သောကြောင့် မတော်တဆစိတ်ပြောင်းလဲခြင်း ဖြစ်ပေါ်လာခဲ့ပါလျှင် ကြောက်မက်ဖွယ်ရာသော ရန်သူတစ်ယောက်အဖြစ်သို့တိုင် ရောက်သွားနိုင်ကြောင်းနှင့် ကျွန်ုပ်အား သတိပေးစကားပြောကြားလေ၏။

သို့ရာတွင် ဦးထွန်းကျော်က ငယ်စဉ်မှစ၍ သွန်သင်လာခဲ့သဖြင့် ငယ်ကြောက်ဖြစ်နေသည့်ပြင် ကြောက်မက်ဖွယ်ရာသော ကျိန်စာများကို ရွတ်ဆိုထားသည်ဖြစ်သောကြောင့် ကျွန်ုပ်အပေါ်၌ သစ္စာမဖောက်တန်ရာဟူ၍လည်း ပြောပြလေ၏။

နောက်တစ်နေ့၌ ကျွန်ုပ်သည် နံနက်စာ စားပြီးသည်နှင့် တစ်ပြိုင်နက်ပုဏ္ဏား နက္ခတ်ဆရာကြီးများ ဝတ်ဆင်လေ့ရှိသော အင်္ကျီရှည်ကြီးကို ဝတ်လျက်ခေါင်းပေါင်းဖြူဖော့လုံးကို သပ်ရပ်စွာ ပေါင်းထုပ်ပြီးလျှင် ခန့်ညားစေမှုအတွက်တောင်ဝှေးတစ်ချောင်းကို ကိုင်ဆွဲလျက် နန်းတော်သို့ ဝင်လေ၏။ ခင်နှင်းကြည်

mgyoe.com

mgyoe.com


သည် နန်းတော်တံခါးမှ ကျွန်ုပ်အား စောင့်ဆိုင်းကြိုဆိုလျက်ရှိရာ ဘုရင်မ စော မွန်နစ်မှာ ထုံးစံအတိုင်း နံနက်စာစားပြီးနောက် တရေးတမောစက်တော်ခေါ်မြဲ ဖြစ်သည့်အလျောက် စက်ရာမှမနိုးသေးသည်ဖြစ်၍ ကျွန်ုပ်အား မှန်နန်းဆောင် သို့ခေါ်သွားပြီးလျှင် စောင့်ဆိုင်းရန် မှာထားခဲ့လေ၏။

နန်းတွင်းသူ၊ နန်းတွင်းသားများသည် နက္ခတ်ဆရာတစ်ယောက်ဖြစ်သော ကျွန်ုပ်ကိုမြင်ကြသောအခါတွင် ဗေဒင်မေးလိုကြသော်လည်း ကျွန်ုပ်၏ ရင့်ကျက် သော ဣန္ဒြေကိုမြင်သဖြင့် ကြောက်ရွံ့ကြသောကြောင့် အရောတဝင် ခေါ်ငင်ပြောဆို ခြင်းမပြုဝံ့ဘဲ ရှိကြ၏။ စင်စစ်မှာ ကျွန်ုပ်သည် အသက် ၂၅ နှစ်မျှသာ ရှိသေးသော် လည်း ခက်ခဲနက်နဲသော အတတ်ပညာများ၌ လေ့လာသင်ကြားခဲ့ရသည် ဖြစ် သောကြောင့် အရွယ်နှင့်မလိုက်အောင် ဣန္ဒြေကြီးလျက်ရှိခဲ့၏။

အတန်ငယ်ကြာလတ်သော် ခင်နှင်းကြည်ရောက်လာ၍ ကျွန်ုပ်အား ဘုရင်မ ၏ အဆောင်တော်သို့ ခေါ်သွားလေ၏။ ဘုရင်မသည် ကျွန်ုပ်အား ၎င်း၏အိပ်ခန်း အတွင်းသို့ သွင်းခဲ့စေသည်ဖြစ်ရာ ဘုရင်မ၏ ရုပ်အဆင်းမှာ ယမန်နေ့၌ မြင်ရစဉ် အခါကကဲ့သို့ ဘုရင်မပီပီ ခံ့ညားစွာ ဝတ်စားပြင်ဆင်၍ ထားခြင်းမရှိဘဲ သာမည အရပ်သူတစ်ယောက်ကဲ့သို့ ရိုးရိုးကလေးမျှ ဝတ်ဆင်ထားသော်လည်း ဤကဲ့သို့ မခို့တရို့နှင့် ကပိုကရိုကလေး ဝတ်ဆင်ထားခြင်းသည်ပင်လျှင် သာ၍ယဉ်ကျေး နနယ်လှသည်ဟူ၍ ကျွန်ုပ်၏စိတ်၌ အောက်မေ့မိ၏။

ဘုရင်မသည် ကာသိတိုင်းမှ ဖဲပဝါကို ကပိုကရိုခြုံလျက် ဆံပင်ဖားလျားနှင့် သလွန်ပေါ်တွင် တင်ပါးလွှဲထိုင်လျက်ရှိရာ ကျွန်ုပ်ဝင်လာသောအခါ ကျေးကျွန် တစ်ယောက်ပင် ဖြစ်သော်ငြားလည်း နက္ခတ်ဆရာတစ်ယောက်ဖြစ်သောကြောင့် ဆရာသမားဟူသောအနေဖြင့် ကြမ်းပြင်၌ မထိုင်စေဘဲ သလွန်ခြေရင်းရှိ ခုံငယ် တစ်ခု၌ ထိုင်စေ၏။ အခန်းဝ၌မူ ဓားများကိုထမ်းလျက် စောင့်နေသည့် အမှုထမ်း နှစ်ယောက်တို့ရှိကြလေရာ အခန်းတွင်း၌ကား ခင်နှင်းကြည်နှင့် အခြားအပျိုတော် တစ်ယောက်မျှသာ ရှိနေကြ၏။

ဘုရင်မသည် ကျွန်ုပ်အားထိုင်ခုံ၌ထိုင်စေပြီးနောက် ကျွန်ုပ်၏ အတတ်ပညာ အကြောင်းကို စုံစမ်းမေးမြန်းလေရာ ကျွန်ုပ်က နက္ခတ်ကိုကြည့်၍ ဟောသော ဗေဒင်အတတ်၊ ဆေးဝါးအတတ်၊ အင်းအိုင်မန္တရားအတတ် စသော ခက်ခဲနက်နဲ သည့် အတတ်ကြီးများအပြင် အပျင်းပြေ ပြသရန်အတွက် မျက်လှည့်အတတ်၌ လည်း လေ့လာခဲ့ဖူးကြောင်းနှင့် ပြောပြလေ၏။

ထိုအခါ ဘုရင်မက . . .

mgyoe.com

mgyoe.com


"ခက်ခဲနက်နဲသော အတတ်ကြီးများကို နောင်အခါအဖို့ထား၍ ယခုအချိန် အခါ၌ ပျင်းရိခြင်းပြေပျောက်စေရန် မျက်လှည့်အတတ်ဖြင့် ဖျော်ဖြေရမည်"

ဟူ၍ အမိန့်ပေးလေ၏။ ကျွန်ုပ်က မျက်လှည့်ပြသခြင်းဆိုသည်မှာ လက်နက်ကိရိယာစုံလင်မှသာလျှင် နည်းမျိုးစုံအောင် ပြသမည်ဖြစ်သော်လည်း ကျွန်ုပ်၏ အစွမ်းကို ဘုရင်မသိစေခြင်းငှာ ရှိသမျှလက်နက်ဖြင့်သာလျှင် ပြသပါတော့မည်ဟု ပြင်ဆင်လေ၏။

ကျွန်ုပ်သည် တောင်ဝှေးကိုကိုင်ကာ ထိုင်ခုံမှ ရုတ်တရက်ထ၍ တောင်ဝှေးကို ကြမ်းပြင်ပေါ်သို့ ပစ်ချပြီးလျှင် ရှုစားကြလော့ဟုပြောလိုက်၏။ ဘုရင်မနှင့် အပျိုတော်ကလေးနှစ်ယောက်တို့သည် တောင်ဝှေးကို စိုက်ငေးကာကြည့်နေကြရာ ကျွန်ုပ်သည် ဂါထာမန္တရားများကို ရွတ်ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် တောင်ဝှေးသည် ငြိမ်ဝပ်စွာ စင်းလျက်ရှိရာမှ တဖြည်းဖြည်း လှုပ်ရှားတွန့်လိမ်၍လာ၏။ ၄င်းနောက် တောင်ဝှေးသည် အကြေးများဖုံးအုပ်လာ၍ တောင်ဝှေး၏ ပုံသဏ္ဍာန်မှသည် မြွေတစ်ကောင်၏ ပုံသဏ္ဍာန်သို့ ပြောင်းလဲလာခဲ့ရာ ကျွန်ုပ်သည် မန္တရားများကို ဆက်လက်၍ ရွတ်ဆိုနေစဉ် မြွေသည် ကြမ်းပေါ်မှ တဖြည်းဖြည်း ဦးခေါင်းထောင်၍ လာလေ၏။

ထို့နောက်မှ တစ်ဖန် ဦးခေါင်းသည် ကြွသည်ထက်ကြွလာခဲ့ရာ နောက်ဆုံး၌ မြွေသည် ကြမ်းပေါ်၌ အမြီးများဖြင့်ထောက်ခါ လူတစ်ယောက်ကဲ့သို့ မတ်မတ် ရပ်ပြီးလျှင် ပါးစပ်မှမှု အခိုးအလျှံတို့ကို မှုတ်ထုတ်လျက် တရှီရှီနှင့် မြည်လေ၏။

ထိုအခါ ဘုရင်မက . . .

"ဤမျှလောက်နှင့် သင်၏အစွမ်းကုန်ချေပြီလော။ ဤမျှလောက်ကိုမူ လွယ်အိတ်နှင့်လည်၍ပြသော မျက်လှည့်ဆရာတိုင်းပင် ပြတတ်၍ အကြိမ်ပေါင်း များစွာ ကျွန်ုပ်မြင်ရဖူးပြီ"ဟု ပြော၏။

ကျွန်ုပ်က . . .

'ဆုံးအောင်ကြည့်ဦးလော့ ဘုရင်မ'

ဟုပြောလျက် ဂါထာမန္တရားများကို ဆက်လက်၍ ရွတ်ဆိုပြန်ရာတွင် မြွေသည် အမြီးထောင်လျက်ရပ်နေရာမှ အပိုင်းနှစ်ပိုင်းပြတ်၍ ကျပြီးလျှင် အသီးသီးသော အပိုင်းသည် မြွေတစ်ကောင်စီဖြစ်လာ၍ အမြီးဖျားထောက်ခါ ရပ်လျက် တရှီရှီ မြည်ကြပြန်လေ၏။ ထိုမှတစ်ဖန် နှစ်ပိုင်းစီပြတ်၍ကျပြီးနောက် မြွေ ၂ ကောင်မှသည် ၄ ကောင်၊ ၄ ကောင်မှသည် ၈ ကောင်၊ ၈ ကောင်မှသည် ၁၆ ကောင်၊ ၃၂ ကောင် စသည်ဖြင့် တဖြည်းဖြည်းပွားများ၍ လာလေရာ နောက်ဆုံး၌ မြွေများသည်

mgyoe.com

mgyoe.com

အခန်းတစ်ခုလုံး ပြည့်မတတ်ရှိနေကြ၍ အမြီးဖျားထောက်ကာ တရှိရှိ မြည်အော်ကြသော အသံတို့မှာလည်း တစ်နန်းတော်လုံး ဆူညံမတတ်ရှိနေလေ၏။

ထို့နောက် ကျွန်ုပ်သည် မြွေများကိုလက်ဖြင့်ယပ်၍ ခေါ်လိုက်ရာ မြွေများသည် ကျွန်ုပ်၏ ခြေထောက်၊ ကိုယ်၊ လက်၊ လည်ပင်း စသည်တို့၌ အနှံ့အပြားရစ်ပတ်ကြ၍ တစ်ကိုယ်လုံးကို ဖုံးအုပ်စေလျက် ဦးခေါင်းမျှသာလျှင် ပေါ်ထွက်ကာ ရှိနေလေ၏။ ယင်းသို့ရှိစဉ် မြွေများသည် ကျွန်ုပ်၏ ဦးခေါင်းပေါ်မှကျော်လွန်၍ ၄င်းတို့၏ ဦးခေါင်းများကို မြှောက်ထောင်ကြပြီးလျှင် ထိုမှဤမှ ယိမ်းယိုင်လှုပ်ရှားကြလျက် ပါးစပ်တို့မှလည်း မီးတောက်မီးလျှံများကို တရှိရှိနှင့် မှုတ်၍ ထုတ်ကြလေ၏။

ထိုအခါ အပျိုတော်နှစ်ယောက်တို့မှာ မကြည့်ဝံ့ကြသည်ဖြစ်သောကြောင့် မျက်နှာကို လက်ဖြင့်ပိတ်ဖုံးကာ ရှိနေကြရာ ဘုရင်မတစ်ဦးတည်းသာလျှင် ရာဇဣန္ဒြေမပျက်စေဘဲ . . .

"တော်လောက်ပါပြီ ဆရာကြီး"

ဟုပြော၍ လက်ပြလိုက်၏။

ကျွန်ုပ်သည် လက်လှုပ်ယမ်းလိုက်သည်နှင့် တစ်ပြိုင်နက် မြွေအားလုံးပျောက်ကွယ်၍သွားကြပြီးလျှင် ကျွန်ုပ်၏ခြေရင်း၌ တောင်ဝှေးသာလျှင် ကျန်နေရစ်ခဲ့လေ၏။

ဘုရင်မက.....

"ထူးဆန်းးလှပါပေသည်။ သို့သော်အခြားတစ်ခုပြဦးလော့"

ဟု အမိန့်ပေးပြန်ရာ ကျွန်ုပ်သည် အခန်းကို အနည်းငယ်မှောင်စေခြင်းငှာပြတင်းပေါက်တံခါးများကို ပိတ်ထားဖို့ပြော၏။ အပျိုတော်များသည် တံခါးများကိုပိတ်ကြ၍ အခန်းသည် အတော်အတန်မှောင်လျက်ရှိစဉ် တောင်ဝှေးကို ကောက်ယူကာ ကိုင်စွဲလျက် ဂါထာမန္တရားများကို ရွတ်ဆိုလေရာ အခန်း၏အလယ်၌ မီးခိုးများ ပေါ်ထွက်၍လာလေ၏။

ထွက်လာသော မီးခိုးများသည် ပြန့်လွင့်၍မသွားဘဲ အခန်းလယ်၌ စုရုံးကာ ရှိနေကြလေရာ ကျွန်ုပ်က . . .

"ဖြစ်ဖူးသောအသွင်ကိုပြလော့"

ဟု အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် မီးခိုးများသည် တရွေ့ရွေ့တဖြည်းဖြည်း ကျစ်လျစ်ထူထပ်သောအဖြစ်သို့ ပြောင်းလဲ၍ နောက်ဆုံး၌ လူတစ်ယောက်၏ ပုံသဏ္ဌာန် ဖြစ်ပေါ်၍ လာလေ၏။
mgyoe.com

mgyoe.com


ထိုသူသည် မတ်တတ်ထရပ်လျက်ရှိရာမှ ဗိုင်းခနဲကြမ်းပြင်ပေါ်သို့ ပက်လက်လန်ကာ လဲကျပြီးလျှင် ဆန့်ငင်ဆန့်ငင်နှင့် ရှိနေရာ ၎င်း၏ရင်ဝ၌ကား ဓားမြှောင်တစ်လက်သည် တန်းတန်းကြီး စိုက်လျက်ရှိနေ၏။

ထိုသူသည် ဓားမြှောင်ကို ရင်ဝမှ ဆွဲနှုတ်ရန် ကြိုးစားပါသော်လည်း မရနိုင်ဘဲ ကြမ်းပေါ်၌ လူးလိမ့်ကာ တွန့်လိမ်ကောက်ကွေးလျက်ရှိရာ ဘုရင်မက...

"တော်ပါပြီ ပျောက်ပါစေတော့"

ဟု အမိန့်ပေးလိုက်သောအခါတွင်မှ ကျွန်ုပ်သည် လက်ဖြင့်ပြလိုက်၍ ထိုသူသည် ချက်ချင်းပင် ပျောက်ကွယ်သွားလေ၏။

ထိုသူသည်ကား အခြားမဟုတ်၊ ဘုရင်မ၏ ချောမောလှပသော ရုပ်အဆင်းကို တပ်မက်မောခြင်းဖြစ်၍ ကြံမိကြံရာ ကြံစည်ဖူးသော နန်းတွင်းသားတစ်ယောက်ဖြစ်လေရာ ဘုရင်မသည် ထိုသူအား မိမိကိုယ်ကို မိမိသတ်စေရန် အမိန့်ပေးစီရင်ခဲ့ဖူးသောသူပင် ဖြစ်ချေသည်။

ဘုရင်မက . . .

"သင်သည် သေပြီးသောသူကိုပင် လူအများမြင်နိုင်စေလောက်အောင် ခေါ်၍ ပြနိုင်ပေးသည့်အတွက် သင်၏ အစွမ်းကို ချီးမွမ်းပါ၏"ဟု ဆို၏။

ထို့နောက် ဘုရင်မသည် ကျွန်ုပ်၏ အတတ်ပညာကို များစွာချီးမွမ်းအံ့ဩ၍ ကျွန်ုပ်အားလည်း ထိုနေ့မှစ၍ ဘုရင်မ၏ နက္ခတ်ဆရာကြီးဟူသော ရာထူးဖြင့် ချီးမြှင့်ခန့်ထားပြီးလျှင် နန်းတော်ကြီးအတွင်း၌ပင် အရာရှိကြီးတစ်ဦးတစ်ယောက်၏ အခြေအနေဖြင့် နေထိုင်စေခဲ့လေ၏။

ထိုနေ့ညနေ၌ ခင်နှင်းကြည်သည် ကျွန်ုပ်အား ဤရာထူး၌ခန့်ထားရခြင်းမှာ မိမိ၏အကြံပေးချက်အရ ခန့်ထားခြင်းဖြစ်ကြောင်းနှင့် ပြောပြ၍ ဤအချိန်ကာလမှုနှင့် ဤမှုလောက် ခရီးပေါက်ရောက်ခဲ့ခြင်းမှာ ကျွန်ုပ်တို့၏ ကိစ္စကြီးအတွက် အထူးသဖြင့် နိမိတ်ဩဘာ ကောင်းလှကြောင်းနှင့်လည်း ဝမ်းမြောက်ဝမ်းသာ ပြောပြလေ၏။

ကျွန်ုပ်သည် နန်းတော်ကြီးအတွင်း၌ ခမ်းနားတင့်တယ်စွာ နေထိုင်ရ၍ ဘုရင်မစောမွန်နစ်နှင့်လည်း မကြာခဏ တွေ့ဆုံဆွေးနွေးခွင့်ရခဲ့၏။ ဘုရင်မသည် ၎င်း၏ ဇာတာကို ကျွန်ုပ်အားပြ၍ ဗေဒင်တွက်စေရာ ကျွန်ုပ်သည် ဟုတ်တိုင်းမှန်ရာ ဟောပြောခြင်းမပြုဘဲ ဘုရင်မ၏ ဘုန်းတန်ခိုးတော်သည် တစ်နေ့တခြားကြီးမားတိုးတက်မည့်အကြောင်း နိုင်ငံသည်လည်း သာယာသည်ထက် သာယာ၍ ရန်ခပ်သိမ်းတို့ကို အောင်မြင်မည့်အကြောင်း ဘုရင်မ စိုးပိုင်ရသော ပြည်နယ်

mgyoe.com

mgyoe.com


သည် ကျယ်ဝန်း၍ လာဦးမည့်အကြောင်းများနှင့် မြှောက်ပင့်ကာ ဟောပြောရာတွင် ဘုရင်မသည် ကျွန်ုပ်အား များစွာနှစ်သက်အားထားခြင်း ပြုခဲ့လေ၏။

တစ်နေ့သ၌ ကျွန်ုပ်သည် ဘုရင်မ၏ အဆောင်တော်အတွင်း၌ ဘုရင်မ၏ ဇာတာကို တွက်ချက်ဟောပြောလျက်ရှိစဉ် ဘုရင်မမှာ လူသားဖြစ်သော ဘုရင်နှင့် ပင် မထိုက်တန်သည်ဖြစ်သောကြောင့် သိကြားမင်းကိုယ်တိုင်သော်လည်းကောင်း၊ စကြဝတေးမန္တာတ်မင်းသော်လည်းကောင်း ထိမ်းမြားခြင်းငှာ ထိုက်တန်ကြောင်း နှင့် ဟောပြောရာတွင် ဘုရင်မသည် လွန်မင်းစွာ နှစ်သက်ရွှင်ပြုံးခြင်းဖြစ်၍ ၎င်း၏ လည်ပင်း၌ စွပ်ထားသော ပန်းကုံးကို ကျွန်ုပ်၏ လည်ပင်း၌ စွပ်ပေးခြင်းအားဖြင့် ချီးမြှောက်လေ၏။

နန်းသူနန်းသားများသည် ထိုသို့သော အပြုအမူကို တစ်ခါဖူးမျှ မမြင်ဖူး ကြလေရကား လွန်မင်းစွာ အံ့ဩခြင်းဖြစ်ကြ၍ ကျွန်ုပ်အား မနာလိုစိတ်ဖြစ်ပေါ်သူ အမြောက်အမြားပင် ပေါ်ထွက်ကြ၏။

ကျွန်ုပ်မှာမူ ဘုရင်မ၏ ချီးမြှောက်ခြင်းကိုလည်းကောင်း၊ ထိုသူတို့၏ မနာ လို ဝန်တိုခြင်းကိုလည်းကောင်း ဂရုမစိုက်ဘဲ ကျွန်ုပ်တို့၏ ကိစ္စကြီး ထမြောက်ဖို့ အတွက်သာလျှင် အစဉ်မပြတ် ကြံစည်အားထုတ်လျက်ရှိခဲ့၏။ ထိုအတောအတွင်း ၌ ခင်နှင်းကြည်သည်လည်း ကျွန်ုပ်တို့ဘက်သို့ နန်းတွင်းသူ အမြောက်အမြားပါဝင် စေဖို့ကိစ္စအတွက် မနေမနား ကြိုးစားအားထုတ်လျက် ရှိကြောင်းကို ကျွန်ုပ်ကိုယ် တိုင် သိရှိရ၏။

ဘုရင်မ၏ ပန်းကုံးစွပ်ပေးခြင်းခံရသည့်ညဉ့်၌ ကျွန်ုပ်သည် ကျွန်ုပ်နေအိမ် အတွင်း ဖုံတစ်ခုပေါ်တွင်ထိုင်လျက် ခင်နှင်းကြည်ကို စောင့်ဆိုင်း၍နေခဲ့ရာ ခင်နှင်း ကြည်သည် အတန်ငယ်ညဉ့်နက်မှ ရောက်လာ၏။ ကျွန်ုပ်အနီးတွင် ထိုင်မိသည်နှင့် တစ်ပြိုင်နက် ခင်နှင်းကြည်သည် ပုရပိုက်တစ်ဆူကို ရင်တွင်းမှထုတ်၍ ပေးအပ်ရာ ထိုပုရပိုက်အတွင်း၌ပါရှိသော အမည်များမှာကား ဘုရင်မကို သတ်ပြီးသည့်နောက် ၌ ကွပ်မျက်စီရင်ရမည့် လူများ၏ အမည်များ ဖြစ်ချေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ဘုရင်မအား မည်ကဲ့သို့ သတ်ရမည့်အကြောင်း တို့ကို တိုင်ပင်ကြရာတွင် ကျွန်ုပ်က ဘုရင်မကို ကျွန်ုပ်၏လက်ဖြင့် ကိုယ်တိုင် သတ်ရမည့်အစား အဆိပ်ကျွေး၍ဖြစ်စေ၊ တစ်နည်းနည်းနှင့် သေအောင်သတ်ရ သော် သင့်လျော်မည်မဟုတ်လောဟု တိုင်ပင်ရာ ခင်နှင်းကြည်က မှူးရိုးမတ်နွယ် တို့၏ ဆုံးဖြတ်ချက်အရ စောမွန်နှစ်ကို သတ်ရမည့်တာဝန်မှာ ကျွန်ုပ်၏တာဝန်

mgyoe.com

mgyoe.com


ဖြစ်ကြောင်းနှင့် ပြောပြ၍ ၄င်းတို့၏ ဆုံးဖြတ်ချက်ကို မည်သည့်နည်းနှင့်မျှ ပြောင်းလဲရန် မဖြစ်နိုင်ကြောင်းနှင့် တင်းမာစွာ ပြောပြလေ၏။

ခင်နှင်းကြည်သည် ကျွန်ုပ်၏ မကြည်ရွှင်သော မျက်နှာထားကို မြင်သဖြင့် ထိုနေ့၌ ပန်းကုံးစွပ်ခြင်းကို ခံရသောကြောင့် မသတ်ရက်အောင် ရှိချေသလောဟု လှောင်ပြောင်ကာပင် ကျွန်ုပ်အား မေးမြန်းသေး၏။

ကျွန်ုပ်က ထိုကဲ့သို့ မဟုတ်ကြောင်းနှင့် ပြန်ပြောမည်ပြုစဉ် အိမ်ရှေ့မှ ခြေသံကြား၍ ခင်နှင်းကြည်က ချောင်း၍ကြည့်ရာ . . .

"ဟော ဘုရင်မကိုယ်တိုင်လာနေပြီ"

ဟု အလန့်တကြားနှင့် ပြောလေ၏။ ဘုရင်မသည် ကျွန်ုပ်ရှိရာ အိမ်ပေါ်သို့ တက်လာမည်ပြုသောကြောင့် ကျွန်ုပ်တို့နှစ်ယောက် တိုင်ပင်ကြခြင်းကို မသိစေလိုသည်ဖြစ်၍ ခင်နှင်းကြည်အား ကျွန်ုပ်အိပ်ခန်းတွင်းသို့ ဝင်၍ ပုန်းအောင်းနေစေလေ၏။

ဘုရင်မသည် နောက်ပါအခြွေအရံ တစ်ဦးတစ်ယောက်မျှမပါဘဲ ကျွန်ုပ်၏ အိမ်ပေါ်သို့ တက်လာလေ၏။ စင်စစ်မှာ ကျွန်ုပ်သည် ငယ်ရွယ် နုပျိုသူတစ်ယောက်ဖြစ်သော်လည်း အလွန်တရာ ဣန္ဒြေကြီးလှသောကြောင့် ကျွန်ုပ်၏အတတ်ပညာမှတစ်ပါး အခြားအရာကို ဘာတစ်ခုမျှ ဂရုမစိုက်သော သူတစ်ယောက်ဟူ၍ အများပင် ထင်မြင်သဘောရကြသောကြောင့် များစွာသော နန်းတွင်းသူတို့သည် ကျွန်ုပ်အား ရသေ့ရဟန်းတစ်ပါးကဲ့သို့ပင် လိင်နှင့်ပတ်သက်၍ မထီမဲ့မြင်ပြုခဲ့ကြ၏။ ဘုရင်မကမူ မထီမဲ့မြင်ပြုသည် မပြုသည်ကို မကြာမီ သိရှိကြရပေလိမ့်မည်။

ဘုရင်မသည် အိမ်ပေါ်သို့ ရောက်လာသည်နှင့် တစ်ပြိုင်နက် တစ်အိမ်လုံး မွှေးကြိုင်လျက်ရှိချေ၏။ ကျွန်ုပ်သည် ထိုင်ရာမှထ၍ အမြင့်မြတ်ဆုံးသောနေရာကို ဖယ်ရှားပေးပြီးနောက် အမိန့်ကို နာခံလျက်ရှိရာ ဘုရင်မသည် ကျွန်ုပ်၏နေရာတွင် ထိုင်၍ နက္ခတ်တာရာအတတ်ကို သင်ကြားလိုသောစိတ် ရုတ်တရက်ဖြစ်ပေါ်လာသည်နှင့် လာရောက်ခြင်းဖြစ်ကြောင်းနှင့် ပြောဆိုပြီးသည်နှင့် တစ်ပြိုင်နက် အံ့အားသင့်သော မျက်နှာထားဖြင့် ကြမ်းပေါ်၌ စိုက်ငေးကာ ကြည့်နေလေ၏။

ကျွန်ုပ်သည်လည်း ဘုရင်မကြည့်ရာသို့ ကြည့်လိုက်ရာတွင် ပဝါတစ်ပိုင်းကို မြင်မိလေ၏။ ထိုပဝါသည်ကား ခင်နှင်းကြည်၏ ပဝါပင်ဖြစ်ချေသည်။ ကျွန်ုပ်မှာ ထိုအရာကို မြင်ရသဖြင့် မျက်နှာပျက်လျက်ရှိစဉ် ဘုရင်မသည် ပြုံးစိစိမျက်နှာထားနှင့် ကျွန်ုပ်အားကြည့်လျက် . . .

mgyoe.com

mgyoe.com


'ဘယ်သို့နည်း ကလေးရှင်။ သင်တို့၏ နက္ခတ်အတတ်၌ မိန်းမပဝါ ပါရလေသလော' ဟုမေး၏။

ကျွန်ုပ်က အခန်းကို သုတ်သင်ရှင်းလင်းသော အစေခံမိန်းမများ ချထားခဲ့ခြင်း ဖြစ်ဟန်တူကြောင်းနှင့် ပြောပြရာတွင် ဘုရင်မသည် ပဝါကို ကောက်ယူ၍ •

ဤပဝါမျိုးကား ကျေးကျွန်တို့ခြုံနိုင်သော ပဝါမဟုတ်နိုင်။ ဂုဏ်သရေရှိသော နန်းတွင်းသူတစ်ယောက်၏ ပဝါဖြစ်ချေသည်။ ကိုယ့်ရည်းစား၏ ပဝါကို မြတ်နိုးစွာ သိမ်းဆည်းထားဖို့အကြောင်းနှင့် ပြောပြ၍ ပဝါကို ပေးအပ်ရာတွင် ကျွန်ုပ်သည် အမျက်ထွက်သည်နှင့် ပဝါကို လှမ်းယူလွှင့်ပစ်လိုက်လေ၏။

ဘုရင်မသည် ကျွန်ုပ်အား အနည်းငယ်မျှ စိတ်မဆိုးဘဲ ပြုံးရွှင်သော မျက်နှာဖြင့်ကြည့်လျက် ကြယ်နက္ခတ်တို့ စုံညီသည့် ဤညအခါတွင် နက္ခတ်တို့၏ အမည်များကို သင်ပေးရန်ပြော၍ ဝရန်တာသို့ခေါ်သွားလေရာ ကျွန်ုပ်မှာ မရွှင်ပျသော မျက်နှာနှင့် ခိုင်းစေသည့်အတိုင်း နက္ခတ်အမည်များကို သင်ပြရလေ၏။ ယင်းသို့ သင်ပြရစဉ် ဘုရင်မသည် ကျွန်ုပ်အား ယောကျ်ားတစ်ယောက်ဟူ၍ အမှတ်မရှိလေသလော။ သို့တည်းမဟုတ် တမင်ပြုခြင်းပေလော မသိ။ ဘုရင်မ၏ကိုယ်သည် ကျွန်ုပ်၏ကိုယ်နှင့် ထိလုမတတ်ရှိ၍ ဆံပင်တို့မှ မွှေးကြိုင်လှသော ပန်းပေါင်းနံ့တို့သည် ကျွန်ုပ်အား မူးဝေလုမတတ်ရှိခဲ့စေလေ၏။

ထိုအတောအတွင်း ဘုရင်မသည် ကျွန်ုပ်အား ဘုရင်မဟူသော အနေဖြင့် စကားမပြောဘဲ တပည့်တစ်ယောက်က ဆရာအားပြောသကဲ့သို့ ရိုသေစွာလည်းကောင်း၊ လေးမြတ်စွာလည်းကောင်း ပြောဆိုသည့်ပြင် ချစ်ခင်ဖွယ်ရာသော ကလေးသူငယ်တစ်ယောက်၏ အလားကဲ့သို့ တွတ်တီးတွတ်တာနှင့် ထိုအရာ ဤအရာစသည်များကို မေးမြန်းလျက်ရှိရာ ကျွန်ုပ်မှာ ရင်တွင်း၌ မလှုပ်ရှားဖူးသော နည်းဖြင့် လှုပ်ရှားထကြွခြင်း ဖြစ်ပေါ်လာခဲ့လေ၏။

ထမင်းအိုးတစ်လုံးချက်ခန့်မျှသင်ပြီးနောက် ဘုရင်မသည် ထိုညဉ့်အတွက် တော်လောက်ပြီဟုပြော၍ အိမ်တွင်းသို့ဝင်လာခဲ့ရာ တစ်ခုသောထောင့်၌ချထားသော ပန်းကုံးကိုမြင်လေ၏။ ၄င်းပန်းကုံးမှာ နေ့ခင်းအခါက ဘုရင်မ ကိုယ်တိုင်စွပ်၍ပေးသော ပန်းကုံးဖြစ်လေသည်။ ဘုရင်မသည် ပန်းကုံးကိုကောက်ယူ၍ အခြားသော ယောကျ်ားများသည် ၄င်းတို့ကိုယ်တိုင် ဘုရင်ဖြစ်စေကာမူ မိမိ၏လက်ဖြင့် စွပ်ပေးသော ပန်းကုံးကို မြတ်နိုးစွာ သိမ်းဆည်းထားကြမည် ဖြစ်ပါလျက် ကျွန်ုပ်မှာမူ ဤကဲ့သို့ ရက်စက်စွာ စွန့်ပစ်၍ ထားနိုင်ပါပေသည်ဟု ပြစ်တင်ပြောဆိုပြီးလျှင်

mgyoe.com

mgyoe.com


ဤပန်းကုံးကိုလည်း ထိုပဝါကဲ့သို့ပင် လွှင့်၍ပစ်ရန် တိုက်တွန်းလျက် ကျွန်ုပ်၏ လက်သို့ ပေးအပ်လေ၏။

ထိုအခါ ကျွန်ုပ်က . . .

"ထိုပန်းကုံးမှာမူကား ဘုရင်မကိုယ်တိုင် ချီးမြှင့်သော ပန်းကုံးဖြစ်သောကြောင့် စွန့်ပစ်ခြင်းငှာ မတတ်နိုင်ပါ"

ဟူ၍ ပြောမိပြောရာ ပြောမိရာတွင် ဘုရင်မသည် ပြုံးစေ့စေ့မျက်နှာနှင့် ကျွန်ုပ်အား ကြည့်လျက် နှုတ်ဆက်ကာ ထွက်သွားလေ၏။

ဘုရင်မ ထွက်သွားပြီးသည်နောက် ကျွန်ုပ်သည် ဖုံပေါ်တွင်ပစ်လှဲလျက် စိတ်၏ ရှုပ်ထွေးခြင်းဖြစ်သည်နှင့် မှိုင်ငေးတွေးတောကာ ရှိနေခဲ့ရာ အခန်းတွင်း၌ ပုန်းနေသော ခင်နှင်းကြည်ကို အလျှင်းသတိမရချေ။ ခင်နှင်းကြည်အခန်းတွင်းမှ ထွက်လာ၍ ဒေါသကြီးသော မျက်နှာထားနှင့် ကျွန်ုပ်အနီးသို့ ချဉ်းကပ်ပြီး သူမ၏ ပဝါကိုပြန်ပေးရန် တောင်းလေ၏။ ကျွန်ုပ်က ထိုပဝါအတွက်နှင့် ဘုရင်မ၏ လှောင်ပြောင်ခြင်းကို ခံရသည့်အတွက်ကြောင့် ရှက်ရှက်နှင့် ပြတင်းပေါက်မှ လွှင့်ပစ်လိုက်ကြောင်းနှင့် ပြန်ပြောသောအခါတွင် ခင်နှင်းကြည်သည် သာ၍ပြင်းထန်စွာ အမျက်ထွက်၍...

"သိပါသည်။ မြင်ပါသည်။ တော်ပါပေသည်။ ရက်စက်ပါပေသည်။ မိတ်ဆွေ၏ ပဝါကိုလွှင့်ပစ်၍ ရန်သူ၏ ပဝါကို မြတ်နိုးပါပေသည်"

စသည်ဖြင့် မြည်တွန်တောက်တီးရာမှ ခင်နှင်းကြည်သည် မျက်နှာကို လက်ဝါးဖြင့်အုပ်၍ ငိုကြွေးလေ၏။

ကျွန်ုပ်မှာ ထိုမျှလောက် မဖြစ်သင့်ဘဲလျက်နှင့် ဖြစ်နေသည်ကို မြင်ရသဖြင့် အံ့အားသင့်လျက်ရှိ၏။ ၎င်းနောက် ခင်နှင်းကြည်သည် ကျွန်ုပ်နှင့် ဘုရင်မတို့ကို ပျက်ရယ်ပြောင်လှောင်ပြု၍ စွပ်စွဲလေရာ ကျွန်ုပ်သည်လည်း ဒေါသထွက်လာသည်နှင့် မိမိအား မရိုမသေမလေးမစား ပြောဝံ့ဆိုဝံ့လှချေတကားဟု ကြိမ်းမောင်းငေါက်ငန်းရာတွင် ခင်နှင်းကြည်လည်း ထပ်လောင်း၍ ငိုကြွေးပြန်လေ၏။ သို့ပါသော်လည်း ကျွန်ုပ်သည် ၎င်းအား ချော့မော့ပြောဆိုခြင်းကို မပြုဘဲ မိမိနှင့်မဆိုင်သော အရာဌာနတွင် ပါဝင်စွက်ဖက်ချေ၏တကားဟု ထပ်လောင်း၍ ကြိမ်းမောင်းလေ၏။

ခင်နှင်းကြည်သည် မဆိုင်ဟူသောစကားကို ကြားရသည်နှင့် တစ်ပြိုင်နက် ငေါက်ခနဲထ၍ ကျွန်ုပ်၏မျက်နှာကို စေ့စေ့ကြည့်ပြီးလျှင် ကျွန်ုပ်သည် လူကန်းတစ်ယောက်ဖြစ်ကြောင်း၊ သို့ဖြစ်သောကြောင့်သာလျှင် သူ၏မေတ္တာကို မမြင်နိုင်ဘဲ ရှိခဲ့ကြောင်း၊ ကျွန်ုပ်၏အပေါ်၌ မေတ္တာထားခဲ့သည့်အတွက်ကြောင့်သာလျှင် ဤ

mgyoe.com

mgyoe.com


ကိစ္စကြီး၌ ဤမျှလောက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိမှာ သာမည အပျိုတော်တစ်ယောက်မျှ ဖြစ်သော်လည်း ဘုရင်မ စောမွန်နှစ်ထက်ပင်လျှင် ဉာဏ်ပညာ ထက်မြက်ကြောင်း၊ စောမွန်နှစ်၏ ထမြောက်အောင်မြင်ခြင်းဟူသမျှ သည် မိမိ၏ အကြံပေးချက်အတိုင်း ဆောင်ရွက်ခြင်းကြောင့်ဖြစ်ကြောင်း။

ဤကိစ္စ၌ ထမြောက်အောင်မြင်၍ ကျွန်ုပ်နန်းတက်သောအခါတွင် ၎င်းအား မိဖုရားအရာ၌ တင်မြှောက်လိမ့်မည်ဟူ၍ မျှော်လင့်ထားခဲ့ကြောင်း၊ အကယ်၍ တင်မြှောက်ခဲ့ပါလျှင် ကျွန်ုပ်ကို ကြီးကျယ်သည်ထက်ကြီးကျယ်အောင် ကြံဆောင် ၍ ပေးဦးမည်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့မှာ မောင်နှမဝမ်းကွဲ တော်စပ်၍ မင်းတို့ထုံးစံ အတိုင်း ဆွေချင်းထပ် မြတ်သည်ဟူ၍ သဘောထားထိုက်ကြောင်း၊ အကယ်၍ ၎င်း၏ မျှော်လင့်ချက်အတိုင်း မဖြစ်ခဲ့ပါလျှင် ကျွန်ုပ်ကို ပျက်စီးဆုံးရှုံးအောင် ကြံစည် မည်ဖြစ်ကြောင်း။ ထိုစကားမှာ အချည်းနှီး ခြိမ်းခြောက်ခြင်းမဟုတ်၊ အကယ်စင်စစ် ပျက်စီးအောင် တတ်နိုင်ကြောင်းကိုလည်း ကျွန်ုပ်အသိဖြစ်ကြောင်းများနှင့် ရဲတင်း စွာ ပြောဆိုလေ၏။

ကျွန်ုပ်မှာမူ လွန်မင်းစွာ အံ့သြလှသဖြင့် ရုတ်တရက် စကားတုံ့ပြန်ပြောရန် မတတ်နိုင်ဘဲရှိခဲ့၏။

နောက်ဆုံး၌ ကျွန်ုပ်က မိမိသည် ဤကိစ္စကြီးကို ထမြောက်အောင် ဆောင် ရွက်ပါမည်ဟု ကျမ်းသစ္စာကျိန်ဆိုခဲ့စဉ်အခါမှစ၍ ဤကိစ္စမှတစ်ပါး မည်သည့် မိန်းမကိုမျှ စိတ်ကူး၌မထည့်ခဲ့ဖူးကြောင်း၊ အားလုံးသော မှူးရိုးမတ်နွယ်များက မိန်းမနှင့်ပတ်သက်၍ အထူးသတိပေးလိုက်သည်ဖြစ်သောကြောင့် ခင်နှင်းကြည်ကို လည်းကောင်း၊ စောမွန်နှစ်ကိုလည်းကောင်း ထိုသို့သော သဘောမျိုးနှင့် မည်သည့် အခါကမျှ စိတ်ကူး၌ မထည့်ခဲ့ဖူးကြောင်း။ သူ၏အကြံအစည်အတိုင်း မလိုက်ခဲ့လျှင် ပျက်စီးအောင်ပြုမည်ဟု ခြိမ်းခြောက်ဝံ့သည်မှာ အံ့သြကြောင်း၊ အကယ်၍ ခင်နှင်း ကြည်သည် ဤကိစ္စကြီး၌ သစ္စာဖောက်ခဲ့ပါလျှင် ကျိန်စာစူးသည် မစူးသည်ကို အပထား၍ ကျွန်ုပ်၏လက်နှင့် ဧကန်မလွဲသတ်ဖြတ်မည်ဖြစ်ကြောင်းနှင့် ခြိမ်းခြောက် ပြောဆိုလေ၏။

ထိုအခါ ခင်နှင်းကြည်က မိမိသည် မိန်းမသား ဖြစ်ပါလျက်နှင့် အရှက်ကို မငဲ့နိုင်ဘဲ စိတ်ထဲရှိ၌သမျှကို ဖွင့်၍ပြောမိခြင်းမှာ နှစ်ဦးလုံးအတွက် အကျိုးကျေးဇူး ရှိလောက်သော အကြံအစည်ဖြစ်သောကြောင့် လိုက်နာလိမ့်မည်ဟု မျှော်လင့်မိ သဖြင့် ပြောမိခြင်းဖြစ်ကြောင်း၊ အကယ်၍ ထိုအကြံအစည်ကိုလိုက်နာရန် ကျွန်ုပ် က သဘောမတူစေကာမူ မိမိမှာ ထိုကိစ္စ၌ တာဝန်ရှိသမျှ ဆောင်ရွက်ပါမည်ဟု

mgyoe.com

mgyoe.com


ကျမ်းသစ္စာကျိန်ဆိုပြီး ဖြစ်သောကြောင့် သစ္စာဖောက်လိမ့်မည်ဟူ၍ စိုးရိမ်ခြင်း မရှိဘဲ စိတ်ချ၍နေဖို့အကြောင်းနှင့် နောက်ဆုံးစကား ပြောကြားပြီးလျှင် အိမ်ပေါ်မှ ဆင်းသွားလေ၏။

ခင်နှင်းကြည် ထွက်သွားပြီးနောက် ကျွန်ုပ်သည် လွန်မင်းစွာ စိတ်ရှုပ်ထွေး လှသည်ဖြစ်သောကြောင့် ဖုံပေါ်၌လှဲကာ ညည်းညူရေရွတ်မိလေသည်။ နောက်ဆုံး၌ ဘုရင်မ စောမွန်နှစ်ကို ပုန်ကန်ထကြွရန်အတွက် အရာခပ်သိမ်းကို ပြင်ဆင်ပြီး ဖြစ်ကြသဖြင့် ဘုရင်မကို ကျွန်ုပ်၏လက်ဖြင့်သတ်ရန် ချိန်းထားသောရက်သို့ ရောက်ခဲ့လေ၏။

ကျွန်ုပ်သည် စောမွန်နှစ်ကို ထိုညဉ့်၌ သတ်ရတော့မည်ဖြစ်ရာ ခင်နှင်းကြည် သည် ကျွန်ုပ်အား ဘုရင်မ၏ အဆောင်တော်သို့ ခေါ်သွားရမည်ဖြစ်သောကြောင့် ကျွန်ုပ်သည် ခင်နှင်းကြည်ကို မျှော်လင့်စောင့်ဆိုင်းလျက်ရှိနေ၏။

ဘုရင်မသည် ၄င်း၏ဇာတာကို ၇ ရက်လျှင်တစ်ကြိမ်မျှ ကျွန်ုပ်အား တွက် ချက်ဟောပြောစေသည်ဖြစ်ရာ ထိုညဉ့်၌ ကျွန်ုပ်သည် ကြယ်နက္ခတ်တို့ကို ကြည့် လျက် ဘုရင်မ၏ ဇာတာကို ဟောပြောရန် ချိန်းဆိုထား၏။ သို့ဖြစ်၍ ခင်နှင်းကြည် သည် ဘုရင်မ စေလွှတ်သောအချိန်တွင် ကျွန်ုပ်ထံလာ၍ ဘုရင်မ၏အဆောင်တော် သို့ ခေါ်သွားရန် ဖြစ်ချေသည်။

သူငယ်တိတ်ဆိတ်ဟုဆိုအပ်သော ကြက်တွန်ချိန်တိုင် ရောက်သောအခါ တွင် ခင်နှင်းကြည်သည် ကျွန်ုပ်၏နေအိမ်သို့ တက်လာခဲ့ရာ ၄င်း၏မျက်နှာမှာ အလွန်တရာ ငြိုငြင်ကြီးလျက်ရှိနေသဖြင့် ရှေးဦးစွာ ကျွန်ုပ်တွေ့မြင်ဖူးစအခါက ခင်နှင်းကြည်နှင့် များစွာခြားနားလျက်ရှိလေ၏။ ခင်နှင်းကြည်သည် ကျွန်ုပ်၏ မျက်နှာကို မော်၍မကြည့်ဘဲ ဘုရင်မ ခေါ်တော်မူကြောင်းနှင့် ပြောဆို၍ ရှေ့မှဆင်း သွားရာ ကျွန်ုပ်လည်း နောက်မှလိုက်ပါသွားလေ၏။

ကျွန်ုပ်၏ အကျီရှည်ကြီးအောက်၌မူ ထက်မြက်လှစွာသော ဓားမြှောင် တစ်လက်ကို လျှို့ဝှက်စွာ ဆောင်၍သွား၏။

ဘုရင်မ၏ အဆောင်ဝသို့ရောက်ကြသောအခါတွင် ခင်နှင်းကြည်သည် ကျွန်ုပ်အား အခန်းမကြီးအတွင်း၌ ခေတ္တစောင့်နေရန် မှာထားခဲ့၍ ဘုရင်မအဆောင် တော်တွင်းသို့ ၄င်းတစ်ကိုယ်တည်း ရှေးဦးစွာဝင်သွားလေ၏။ ကျွန်ုပ်မှာ ခန်းမကြီး အတွင်း၌ ထမင်းအိုးတစ်လုံးချက်ခန့်မျှ စကြံလျှောက်ခါ စောင့်ဆိုင်းလျက်ရှိစဉ် ရင်တွင်း၌ တဒိန်းဒိန်း တုန်လှုပ်လျက်ရှိချေ၏။ သို့ရာတွင် ကျွန်ုပ်တို့သည် အရာ

mgyoe.com

mgyoe.com


ခပ်သိမ်းကို အဆင်သင့် ပြင်ဆင်ပြီးဖြစ်သောကြောင့် အကြံအစည် အထမြောက်ပါမည်လောဟူ၍ အနည်းငယ်မျှ ယုံမှားသံသယ မရှိခဲ့ချေ။

နောက်ဆုံး၌ ခင်နှင်းကြည်သည် ဘုရင်မ၏ အဆောင်တော်မှ ထွက်လာပြီး ကိစ္စပြီးစီးသောအခါတွင် ၎င်းနှင့်ဤအခန်းတွင်း၌ပင် တွေ့ဆုံကြရန် တီးတိုးမှာထားပြီးနောက် ကျွန်ုပ်အား ဘုရင်မ၏အဆောင်တော်အတွင်းသို့ ဝင်စေ၏။

အဆောင်တော်တွင်းသို့ ကျွန်ုပ်ဝင်သွားသောအခါ၌ ဘုရင်မသည် ရေးယခင်ကနည်းတူ ရွှေသလွန်ပေါ်၌ မခို့တရို့ဖြင့် လက်ထောက်ကာ မှီလျက်ရှိရာ တစ်ရာမကသော ပျားဖယောင်းတိုင်တို့၏ အလင်းရောင်သည် နူးညံ့ပျော့ပျောင်း ဖယောင်းသားကဲ့သို့ရှိနေသော ဘုရင်မ၏ မျက်နှာပြင်၌ ကျရောက်လေရကား လွန်မင်းစွာ တင့်တယ်ခြင်း ရှိချေသည်တကားဟု ကျွန်ုပ်၏ စိတ်၌အောက်မေ့မိ၏။

သို့ရာတွင် ဘုရင်၏ အဖြစ်ကို လိုလားတောင့်တသော သူတို့မည်သည် သနားကရုဏာတည်းဟူသော ပျော့ပျောင်းသည့်စိတ်မျိုးကို ဖယ်ရှားချိုးနှိမ်ရမည်ဟူ၍ မိမိ၏ စိတ်ကိုတင်းလျက် စာမွှန်နစ်၏အနီးသို့ ချဉ်းကပ်လေ၏။ စာမွှန်နစ်သည်လည်း အနီးတွင်ရှိသော ထိုင်ခုံကိုလက်ညှိုးညွှန်၍ ပြသဖြင့် ကျွန်ုပ်သည် ထိုင်ခုံပေါ်၌ ထိုင်လေ၏။

၎င်းနောက် ကျွန်ုပ်က ဘုရင်မ၏ ဇာတာကို နောက်ဆုံးအကြိမ် တွက်ချက်၍ ဟောစာတမ်းများကို ပုရပိုက်တွင်ရေး၍ ယူခဲ့ကြောင်းနှင့် ပြောပြီးလျှင် ပုရပိုက်တစ်ဆူကို ဘုရင်မ၏ လက်သို့ ကမ်းလှမ်းပေးအပ်လေ၏။ ကျွန်ုပ်၏အကြံမှာ ဘုရင်မသည် ထိုဟောစာတမ်းကို ဖတ်လျက်ရှိစဉ် ဘုရင်မအား ထောက်ပေးသည့်အနေဖြင့် ဘုရင်မ၏နောက်သို့သွား၍ ကျောကိုစားမြှောင်နှင့် ထိုးသတ်ရန် ဖြစ်ချေ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် ဘုရင်မစာဖတ်ခြင်းကို ထောက်ပေးမည့်ဟန်ဖြင့် ဘုရင်မ၏ နောက်သို့သွားမည်ဟု ထိုင်နေရာမှထလေရာ ဘုရင်မက ကိစ္စမရှိပါ။ မိမိကိုယ်တိုင် ဖတ်နိုင်ပါသည်။ ထိုင်ခုံပေါ်၌သာ ထိုင်နေပါဟု ပြောသောကြောင့် ထိုင်ရာမှ မထဝံ့ဘဲ ရှိနေရ၏။

သို့ရာတွင် ထိုစာကို ဘုရင်မ ဖတ်သောအခါတွင် ကျွန်ုပ်သည် ထိုင်ရာမှ ရုတ်တရက်ထ၍ ထိုးသတ်မည့်အကြံနှင့် လက်ကိုအင်္ကျီရှည်အောက်တွင် လျှို၍လျက် စားမြှောင်ကို ဆုပ်ကိုင်ထားလေရာ ဘုရင်မ၏မျက်လုံးများသည် ပုရပိုက်ကိုမကြည့်ဘဲ ပုရပိုက်ပေါ်မှကျော်၍ ကျွန်ုပ်ကိုစိုက်ကာ ကြည့်နေလေ၏။

ထို့နောက် ဘုရင်မက ကျွန်ုပ်၏လက်ကို အင်္ကျီကြီးအောက်၌ အဘယ်ကြောင့် လျှို့ဝှက်၍ ထားလေသနည်းဟု မေးမြန်းရာ ကျွန်ုပ်က ဘုန်းကြီးလှသော

mgyoe.com

mgyoe.com


ဘုရင်မထံတွင် ခစားရသောအခါတွင် ရင်ဖိုလှိုက်သည်နှင့် ရင်ဘတ်ကို ဖိနှိပ်ထားရပါကြောင်းနှင့် ပြန်ပြောရ၏။

ထိုစကားကိုကြားသောအခါတွင် ဘုရင်မသည် ပြုံးရယ်လေ၏။

၎င်းနောက် ဘုရင်မသည် ကိုယ်အမူအရာဖြင့်လည်းကောင်း၊ နှုတ်မြွက်သော စကားဖြင့်လည်းကောင်း၊ မျက်နှာထားဖြင့်လည်းကောင်း၊ ကျွန်ုပ်၏စိတ်ကို နူးညွတ်ခြင်းဖြစ်လေအောင် ချော့မြူလေရာ ကျွန်ုပ်မှာစပါးကြီးမြွေညို့သော ယုန်သူငယ်၏ အလားကဲ့သို့ အခြားသောအရာကို သတိမရနိုင်ဘဲ ဘုရင်မ၏ မျက်နှာကိုသာလျှင် စေ့စေ့ကြည့်ကာ စိုက်ငေးလျက်ရှိနေလေ၏။

ထိုအတောအတွင်း၌ ဘုရင်မသည် ကျွန်ုပ်၏အနီးသို့ တဖြည်းဖြည်း တရွေ့ရွေ့ ချဉ်းကပ်လာခဲ့၍ ယောကျ်ားတို့၏ ရာဂစိတ်ကို ယိုဖိတ်စေလောက်အောင် နူးညံ့သိမ်မွေ့ခြင်းရှိလှသော မျက်နှာထားဖြင့် ကျွန်ုပ်အားကြည့်ရာမှ ၎င်း၏ ဆံပင်များသည် ကျွန်ုပ်၏ဆံပင်နှင့် ရောနှောလုမတတ်ရှိ၍ ဘုရင်မ၏ ချိုမြသော အသက်ငွေ့သည် ကျွန်ုပ်၏ နှာခေါင်းဝသို့ တိုးဝင်လျက်မျက်လုံးတို့မှာလည်း ကျွန်ုပ်၏ မျက်လုံးများနှင့် လက်လေးသစ်ခန့်မျှသာလျှင် ကွာချေတော့၏။ ထိုအခါ၌ကား ကျွန်ုပ်မှာ ရှင်ဘုရင်ဖြစ်လိုသောဆန္ဒများသည်လည်းကောင်း၊ မြန်မာမင်းဆက်ကို တစ်ဖန်ထူထောင်ရန် ရည်သန်ချက်များသည်လည်းကောင်း၊ မှူးရိုးမတ်နွယ်များအား ကျိန်ဆိုခဲ့ပြီးနောက် ကျမ်းသစ္စာတို့သည်လည်းကောင်း၊ တစ်ခါတည်း ပျောက်ကွယ်ခဲ့၍ စောမွန်နစ်သည် လွန်မင်းစွာ ချောမောလှပသော ဘုရင်မဖြစ်ချေသည် တကားဟူသော အာရုံတစ်ခုတည်းသာလျှင် ကြီးမှူးအုပ်ချုပ်လျက် ရှိချေ၏။

ယင်းသို့ရှိစဉ် ဘုရင်မသည် ကျွန်ုပ်၏ပခုံးထက်ပေါ်တွင် လက်တင်၍ ကျွန်ုပ်၏ပါးပြင်ကို နမ်းရှုပ်ပြီးမှ ကျွန်ုပ်အားလည်း နမ်းရှုပ်စေခွင့်ပြုလေ၏။

ထိုကဲ့သို့ နမ်းရှုပ်ခွင့်ရသောအခါ၌ အရက်မူးယစ်သော လူများသည် ကျွန်ုပ်ကဲ့သို့ မူးယစ်ကြချေမည်ဟု မထင်ချေ။ ၎င်းတို့သည် မိဘဆွေမျိုးမှစ၍ အမျိုးသားကို သတိရကြချေဦးမည်၊ ကျွန်ုပ်မှုကား စောမွန်နစ်၏ အဆင်းမှတစ်ပါး မည်သည့်အရာကိုမျှ သတိမရတော့ချေ။

ဘုရင်မက ကျွန်ုပ်အား စံမက်ပါ၏လောဟု မေးမြန်းရာတွင် ကျွန်ုပ်သည် စံမက်ပါကြောင်းနှင့် ဝန်ခံ၏။ စံမက်လျှင် သစ္စာရေသောက်ပါမည်လောဟု မေးမြန်းရာ သောက်ပါမည်ဟု ဝန်ခံမိ၏။ ထိုအခါ ဘုရင်မသည် ရွှေရေတကောင်းမှ ရေကို ရွှေဖလားတစ်လုံးတွင် ငှဲ့ထည့်၍ အသက်ရှင်သမျှ ကာလပတ်လုံး ဘယ်အခါမှ

mgyoe.com

mgyoe.com


သစ္စာမဖောက်ပြားပါဟူ၍ ကျိန်ဆိုစေပြီးလျှင် ကျွန်ုပ်အား သစ္စာရေတိုက်လေရာ ကျွန်ုပ်လည်း သစ္စာရေ သောက်မိ၏။

ကျွန်ုပ်သည် ရွှေဖလားဖြင့် ရေကိုသောက်ပြီးနောက် ဖလားကိုပြန်၍ ချထားလိုက်သည်နှင့် တစ်ပြိုင်နက် ရန်သူ၏ လက်တွင်းသို့ ရောက်ချေပြီဟူ၍ သိလိုက်၏။ အကြောင်းကား ငှင်းရေမှာ အဆိပ်ခပ်ထားသောကြောင့် ကျွန်ုပ်၏ လက်များသည် တုန်ရီစပြုလာကြသောကြောင့်ပေတည်း။

သို့ပါသော်လည်း နောက်ကျခဲ့လေပြီ။

ကျွန်ုပ်သည် ထိုင်ရာမှထရန် ကြိုးစားပါသော်လည်း ဒူးများ ဆတ်ဆတ်တုန်လျက် မထနိုင်ဘဲ ရှိနေခဲ့လေ၏။

ထိုအခါ စောမွန်နစ်သည် ရွှင်ပျသောမျက်နှာထားနှင့် ရယ်မောလျက် ကျွန်ုပ်၏ အင်္ကျီရှည်အောက်၌ ဝှက်ထားသော ဓားမြှောင်ကို ထုတ်ယူကာ လှောင်ပြောင်သောစကားတို့ကို ပြောဆိုလေ၏။

စောမွန်နစ်က ကျွန်ုပ်၏ အနွယ်အဆက်နှင့်တကွ အကြံအစည်ကိုပါ သိကြောင်း၊ ယခုအချိန်အခါ၌ ပုန်ကန်ထကြွမည့်လူများသည် နန်းတော်ကြီးအပြင်ဘက်မှ အချက်ပေးခြင်းကို မျှော်လင့်စောင့်ဆိုင်းလျက် ရှိနေကြသည်ကိုလည်း မိမိသိကြောင်း၊ ယောကျ်ားများသည် မည်မျှပင် ဉာဏ်ပညာ ထက်မြက်၍ အကြံအစည်ကောင်းလှသည်ဟု ဆိုစေကာမူ ပရိယာယ်နှင့် စပ်ဆိုင်သော အရာ၌ဒွာနှင့် မိန်းမများ၏ တပည့်နောက်လိုက်များ ကျေးကျွန်များမျှသာ ဖြစ်ကြောင်းများနှင့် ပြောဆိုလေ၏။

'သြ . . . ရန်အောင်မင်္ဂလာ၊ ရန်အောင်မင်္ဂလာ စောမွန်နစ်နှင့် ဉာဏ်ချင်းပြိုင်မလို့တဲ့ လာလိုက်တာ ခုတော့ဘယ့်နှယ်ရှိစ...ဟင်၊ ကိုင်း သူတစ်ပါးကို သေအောင်ကြံစည်တဲ့သူတစ်ယောက် သူ့လက်နက်နဲ့သူ ပြန်ပြီးစီရင်ရတော့မှာပဲ'

ဟုပြောလျက် ဘုရင်မသည် ကျွန်ုပ်၏ ဓားမြှောင်ကိုကိုင်လျက် ကျွန်ုပ်၏ ရင်ဘတ်ကို ထိုးတော့မည်ပြုပြီးမှ . . .

'သည်လိုတော့လည်း မသတ်ရက်ပါဘူးလေ တကယ်ဆိုတော့ သည်လူလိုဣန္ဒြေကောင်းတဲ့လူ ခံ့ခံ့ညားညား ယောကျ်ားပီပီနဲ့ သူလိုချောတဲ့ လူတစ်ယောက်လည်း ငါ မတွေ့ဖူးပေဘူး။ ကိုင်း ရှိစေ၊ ရှိစေ၊ နောက်ခါမှ သင့်လျော်အောင်ကြည့်ပြီး စီမံရတော့မှာပဲ"

စသည်ဖြင့် ပြောဆိုလျက် ရှိသည်ကို ကြားရပြီးနောက် ကျွန်ုပ်မှာ သတိလစ်၍သွားလေ၏။

mgyoe.com

mgyoe.com


ကျွန်ုပ်သည် သတိရလာသဖြင့် မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ တွင် အချုပ်ထောင်အတွင်း၌ ရောက်နေကြောင်း တွေ့ရှိရလေ၏။ အနီး၌ကား ခင်နှင်းကြည်သည် ဒူးထောက်ကာဖြင့် ကျွန်ုပ်၏မျက်နှာကို ကြည့်လျက် ရှိနေ၏။ အကျိုးအကြောင်းမေးမြန်း၍ ကြည့်သောအခါ ကျွန်ုပ်အား ဘုရင်မက တိုက်လိုက် သောအဆိပ်မှာ တစ်ခါတည်းသေစေသော အဆိပ်မဟုတ်သောကြောင့် ကျွန်ုပ်မှာ ၁၀ ရက်လုံးလုံး သတိမေ့လျက်ရှိကြောင်း။ ကျွန်ုပ်တို့အနက်မှ တစ်ယောက်သော သူသည် သစ္စာဖောက်၍ ဘုရင်မအား သတင်းပေးထားသည် ဖြစ်သောကြောင့် ထိုညဉ့်က ဘုရင်မသည် ကျွန်ုပ်တို့၏ အကြံအစည်ကို သိသဖြင့် ကျွန်ုပ်လာသော အခါတွင် အဆိပ်ရည်ကို တိုက်ဖို့အသင့်ပြင်ထားကြောင်း။ ကျွန်ုပ်နှင့် ခင်နှင်းကြည် နှစ်ယောက်တို့မှတစ်ပါး ကျွန်ုပ်တို့၏ ဘက်သားအားလုံးတို့မှာ စောမွန်နစ်၏ အမိန့် တော်ဖြင့် အသက်ဆုံးရှုံးအောင် စီရင်ခြင်းခံကြရလေပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ ကျွန်ုပ် တို့၏ အကြံအစည်မှာ လုံးလုံးဆုံးရှုံးခဲ့သည့်ပြင် နောင်ကိုလည်း ထမြောက်အောင် မြင်ဖို့ မျှော်လင့်ရန် မရှိကြောင်း၊ ခင်နှင်းကြည်မှာမူ သူပုန်ထမည့်လူစာရင်းတွင် မပါသည်ဖြစ်သောကြောင့် စောမွန်နစ်က မရိပ်မိဘဲ၊ အသက်ချမ်းသာလျက် ရှိနေရာ ကျွန်ုပ်ကိုမူ မည်သို့သောအကြံအစည်နှင့် တစ်ခါတည်း မသတ်သေးဘဲ ချန်လှပ်၍ ထားခဲ့သည်ဟု မိမိမပြောနိုင်ကြောင်းများနှင့် ခင်နှင်းကြည်က ပြောပြလေ၏။

ထိုအခါ ကျွန်ုပ်မှာ မေ့မျောနေရာမှ သတိရလာသည့်အတွက် ဝမ်းမြောက် ခြင်းမရှိသည့်ပြင် တစ်ခါတည်း သေလွန်၍ မသွားသည့်အတွက်ကြောင့် ကြီးစွာ သော ဝမ်းနည်းခြင်း ဖြစ်ခဲ့မိလေ၏။

ကျွနိုပ်သည် သတိရလာစအခါ၌ လွန်မင်းစွာ ခွန်အားနည်းပါးလျက် ရှိ သော်လည်း အလွန်တရာ ကျမ်းမာသန်စွမ်းသူတစ်ယောက် ဖြစ်သောကြောင့် ရက် အနည်းငယ်အတွင်းတွင် အဆိပ်၏ တန်ခိုးသည် ပျောက်ပြယ်ကုန်ခန်းခဲ့လေ၏။

ကျွန်ုပ် ကျန်းမာလာသည်နှင့် တစ်ပြိုင်နက် စောမွန်နစ်သည် ကျွန်ုပ်ရှိနေရာ အချုပ်ထောင်အတွင်းသို့ တစ်နေ့လျှင် တစ်ခေါက်မျှ လာရောက်လေ့ရှိသည်ဖြစ်ရာ ထိုသို့သောအခါများ၌ ကျွန်ုပ်အား ရေရှည်ဆွဲ၍ မနှိပ်စက်ဘဲ တစ်ခါတည်း သတ် ဖြတ်ရန် အမိန့်ပေးပါမည့်အကြောင်းနှင့် တောင်းပန်ပြောဆိုမိလေ၏။

ထိုအခါ စောမွန်နစ်က ဤမျှလောက် ရုပ်ရည်ချောမော၍ ကွန်မြူကောင်း သောလူမျိုးမှာ လူ့ပြည်၌ များစွာမရှိသောကြောင့် မသတ်ရက်နိုင်အောင် ရှိကြောင်း နှင့် ပြောဆိုပြီးလျှင် ရှေးအခါကနည်းတူ ကျွန်ုပ်အား ချော့မြှူပြန်လေရာ ကျွန်ုပ်မှာ မီးအုံးသော ကြိမ်ညွှန့်ကဲ့သို့ နူးညွတ်ပျော့ပျောင်းလျက် ရှိရပြန်လေ၏။

mgyoe.com

mgyoe.com


ယင်းကဲ့သို့ အခေါက်ပေါင်းများစွာ လာရောက်၍ စောမွန်နစ်သည် ကျွန်ုပ်၏ ပုန်ကန်ရန်အကြံအစည်အတွက် ပြစ်တင်ပြောဆိုခြင်းမပြုဘဲ ကျွန်ုပ်၏ ရုပ်ဆင်းအင်္ဂါနှင့် သန့်စွမ်းသော ခွန်အားဗလတို့ကိုသာလျှင် ချီးမွမ်းပြောဆိုလေရကား ကျွန်ုပ်သည် ယခင်အခါက စောမွန်နစ်အပေါ်၌ တစ်ခဏချင်းအတွက် တပ်မက်လိုလားသော စိတ်ဖြစ်ဖူးရာမှ စင်စစ်စွဲမြဲထက်သန်စွာ ချစ်ခင်မြတ်နိုးသောစိတ်သဘောသို့ ပြောင်းလဲလာခဲ့လေ၏။

သို့ဖြစ်သောကြောင့် တစ်နေ့သ၌ စောမွန်နစ်သည် ကျွန်ုပ်၏ အခန်းတွင်းသို့ ဝင်လာ၍ စကားပြောလျက်ရှိရာမှ ကျွန်ုပ်၏ဓားမြှောင်ကို ထုတ်ပေးပြီးလျှင် ၎င်းအားသတ်ရက်လျှင်သတ်ပါတော့ဟုပြောလျက် ရင်ဘတ်ကိုကော့ပေးသော်လည်း ကျွန်ုပ်သည် သတ်ဖြတ်ရန် မတတ်နိုင်ဘဲ ရှိနေခဲ့လေ၏။

စောမွန်နစ်သည် ထူးခြားသော မိန်းမတစ်ယောက် ဖြစ်ပါပေ၏တကား။

ထိုအတောအတွင်း၌ တရုတ်ပြည်မှ သံတမန်များ ဆိုက်ရောက်လျက်ရှိ၏။ ၎င်းတို့၏ ကိစ္စမှာကား စောမွန်နစ်သည် တရုတ်ပြည်ဘုရင် ဥတည်ဘွားအား အခွန်တော်များ ဆက်သရမည်။ မဆက်သခဲ့လျှင် စောမွန်နစ်ပိုင် ပြည်နယ်များကို တရုတ်စစ်သည်တော်များက သိမ်းပိုက်၍ ယူချေမည်ဟူ၍ ခြိမ်းခြောက်တောင်းဆိုရန်ဖြစ်ချေ၏။

စောမွန်နစ်မှာ တရုတ်စစ်တပ်များကို တွန်းလှန်ဖြိုဖျက်နိုင်ရန် စစ်တပ်လည်း လုံလောက်စွာမရှိ။ ဘဏ္ဍာလည်း လုံလောက်စွာမရှိခဲ့ချေ။ အကယ်၍ စစ်တပ်များ အဆင်သင့်မရှိစေကာမူဘဏ္ဍာလုံလောက်စွာရှိခဲ့ပါလျှင် ငွေနှင့် စုဆောင်းရသော် လိုသမျှသော လက်နက်နှင့် စစ်သားများကို ရနိုင်မည်မှန်၏။ သို့ရာတွင် ခမ်းနားတင့်တယ်စွာ နေထိုင်ခြင်းကို တပ်မက်သော ဘုရင်မစောမွန်နစ်မှာ ရသမျှသော အခွန်တော်များကို အခမ်းအနားများအတွက် ဖြုန်းတီးသုံးစွဲခဲ့ပြီဖြစ်သောကြောင့် ငွေတိုက်၌ ဘဏ္ဍာတော်ဟူ၍ များစွာစုဆောင်းပြီး မရှိခဲ့ချေ။

တစ်နေ့သ၌ စောမွန်နစ်သည် ကျွန်ုပ်၏ ထောင်ခန်းသို့ လာရောက်၍ ထိုအဖြစ်အပျက်များကို ကျွန်ုပ်အား အလုံးစုံပြောပြပြီးလျှင် အကြံဉာဏ်တောင်းလေ၏။ ထိုအခါ ကျွန်ုပ်က တရုတ်သံအမတ်များအား ၁၀ ရက်ခန့်မျှ ဆိုင်းငံ့စေရန် ပြောထားဖို့ အကြံပေး၏။ ဘုရင်မက ၁၀ ရက်စေ့သောအခါ၌ မည်သို့ပြုချေမည်နည်းဟုမေးမြန်းရာ ကျွန်ုပ်က . . .

"ဤတရုတ်စစ်သည်တပ်၏ ရန်ကို တွန်းလှန်ရန်အတွက် လုံလောက်သော ဘဏ္ဍာများကို ရှာဖွေ၍ပေးနိုင်လျှင် မည်သို့ချီးမြှောက်မည်နည်း"

mgyoe.com

mgyoe.com


ဟု မေး၏။

စောမွန်နစ်သည် ကျွန်ုပ်၏မျက်နှာကို အံ့သြစွာနှင့် မော်ကြည့်လျက် ထိုကဲ့သို့ စွမ်းဆောင်နိုင်ခဲ့ပါလျှင် လွတ်လပ်ခွင့်ပေးနိုင်ရုံမျှမက မိမိနှင့်အတူတွဲ၍ ကြင်ရာတော်အဖြစ်ဖြင့် တိုင်းပြည်ကို အုပ်ချုပ်စိုးစံစေမည်ဟူ၍ ရဲဝံ့စွာ ပြန်ပြောလေ၏။

ထိုအခါ ကျွန်ုပ်က စစ်စရိတ်ရဖို့အတွက် စိုးရိမ်ဖွယ်ရာမရှိကြောင်းနှင့် ဘုရင်မအား ပြောပြီးလျှင် ကျွန်ုပ်၏ အကြံအစည်ကို ဖော်ထုတ်၍ ပြောပြလေ၏။

ထိုအကြံအစည်မှာမူကား ကျွန်ုပ်၏ ဘေးတော်ဖြစ်သော မြန်မာဘုရင်သည် စောမွန်နစ်၏ ဘေးတော်ဖြစ်သော ရှမ်းဘုရင်နှင့် ဆိုင်ပြိုင်တိုက်ခိုက်၍ စစ်ရေးနိမ့်သောအခါတွင် ပြည်နယ်မှ ထွက်ပြေးတိမ်းရှောင်ရသော်လည်း နန်းတွင်းပစ္စည်းများကို သိမ်းပိုက်ယူငင်ထွက်ပြေးခဲ့ကြောင်း၊ ၎င်းပစ္စည်းများမှာ ယခုအခါတွင် မြန်မာမျိုးရိုးမတ်နွယ်များနှင့်တကွ ကျွန်ုပ်ကိုယ်တိုင် ထိန်းသိမ်း လျှို့ဝှက်၍ထားကြသဖြင့် သိုဝှက်ထားသောနေရာကိုလည်း ကျွန်ုပ်သိကြောင်း၊ ၎င်းပစ္စည်းများမှာ အခြားသောကိစ္စအတွက် အသုံးပြုခွင့်မရှိဘဲ မြန်မာမင်းဆက် တည်ထောင်ရန်အတွက် အသုံးပြုဖို့ဖြစ်ကြောင်း၊ သို့ရာတွင် စောမွန်နစ်က ကျွန်ုပ်အား ကြင်ရာတော်အဖြစ်နှင့် လက်ထပ်ထိမ်းမြား၍ တိုင်းပြည်ကို တွဲဖက်အုပ်ချုပ်ခွင့်ပြုခဲ့ပါလျှင် ထိုပစ္စည်းများ သိုဝှက်ထားရာ နေရာသို့ ကျွန်ုပ်ကိုယ်တိုင် လျှို့ဝှက်စွာ သွားရောက် ယူငင်ကြမည် ဖြစ်ကြောင်းနှင့် ပြောပြလေ၏။

စောမွန်နစ်သည် ထိုအကြံအစည်ကို သဘောတူညီ၍ ကျွန်ုပ်အား ချက်ချင်းပင် လွတ်လပ်ခွင့်ပေးပြီးလျှင် ဘဏ္ဍာများဝှက်ထားရာ အရပ်သို့သွားကြရန် တိတ်တဆိတ် ပြင်ဆင်ကြလေ၏။ ကျွန်ုပ်တို့သည် ထိုအကြံအစည်ကို လျှို့ဝှက်စွာ ဆောင်ရွက်ရန် ကြံရွယ်သဖြင့် လူယုံတော်ဖြစ်သော ခင်နှင်းကြည်အားပင်လျှင် စောမွန်နစ်က ပြော၍မပြချေ။

ထိုညဉ့်သန်းခေါင်အချိန်၌ ဘုရင်မ စောမွန်နစ်နှင့် ကျွန်ုပ်သည် သူဆင်းရဲများအသွင်ဖြင့် ဝတ်ဆင်ကြ၍ နန်းတော်အဆောက်အဦမှ ထွက်လာကြ၍ နန်းတော်၏ အနောက်တောင်ထောင့်၌ရှိသော မြို့ထောင့်စေတီသို့ ရောက်ကြသောအခါတွင် ကျွန်ုပ်တို့သည် စေတီ၏အင်္ဂါထောင့်၌ရှိသော ခြသေ့်ရုပ်ရှိရာသို့သွားကြ၏။

ထိုခြသေ့်ရုပ်မှာ ဝမ်းဗိုက်အောက်၌ အပေါက်ရှိသော်လည်း အင်္ဂတေဖြင့် လုံခြုံစွာကျံ၍ထားသောကြောင့် အပေါက်ရှိကြောင်းကို မည်သူမျှမမြင်နိုင်ချေ။ ကျွန်ုပ်သည် ဝမ်းဗိုက်ကိုတူရွင်းနှင့် ဆောင့်ကော်ရာတွင် အင်္ဂတေများကွာကျ၍ အပေါက်တစ်ခုပေါ်လာလေ၏။ အပေါက်မှာ နှစ်တောင်ခန့်မျှ ကျယ်ဝန်းသဖြင့်

mgyoe.com

mgyoe.com


လူတစ်ယောက် ချောင်ချိစွာ ဝင်နိုင်ချေ၏။ ကျွန်ုပ်သည် ထိုအပေါက်မှ ရှေးဦးစွာ ဝင်သွား၍ စောမွန်နှစ်ကို ဆွဲတင်ရ၏။

နှစ်ယောက်စလုံးသည် ဝမ်းဗိုက်အတွင်းသို့ ရောက်ကြသောအခါ ကျွန်ုပ်သည် အဆင်သင့်ဆောင်ယူခဲ့သော ပျားဖယောင်းတိုင်ကို ထွန်းညှိလေ၏။ ထိုအခါ ဝမ်းဗိုက်မှသည် အမြီးဘက်သို့သွားသော လိုဏ်ခေါင်းတစ်ခေါင်းကို တွေ့မြင်ရလေ၏။ ထိုလိုဏ်ခေါင်းမှ ဝပ်လျှိုဝင်သွားကြ၍ အမြီးပိုင်းသို့ ရောက်သောအခါတွင် မြေအောက်သို့ ဖောက်ထွင်းသွားသော လိုဏ်ခေါင်းတစ်ခုကို တွေ့ကြရ၏။ ကျွန်ုပ်သည် ရှေ့မှ ဖယောင်းတိုင်ကိုကိုင်လျက် လိုဏ်ခေါင်းတစ်လျှောက် လျှောက်သွားလေရာ စောမွန်နှစ်သည်လည်း နောက်မှလိုက်ပါလာလေ၏။

(၄င်းနောက် ဆက်လက်၍သွားရသော ခရီးစဉ်မှာမူ သိုက်ဆရာကြီး ဦးတက်ထွန်း၏စာတွင် ဖော်ပြပါရှိသော ခရီးစဉ်နှင့် ထပ်တူထပ်မျှရှိနေသည် ဖြစ်သောကြောင့် ထပ်လောင်းဖော်ပြခြင်း မပြုတော့ချေ။)

နောက်ဆုံး၌ ကျွန်ုပ်တို့သည် ကြေးဝါခေါင်းကြီးတစ်ခုရှိရာ ပလ္လင်တစ်ခုသို့ ရောက်ကြ၏။ ကျွန်ုပ်သည် ခေါင်းတွင်ပါရှိသော ကလန့်များကို ဖြုတ်ပြီးနောက် ခေါင်းကိုဖွင့်လိုက်သောအခါတွင် စောမွန်နှစ်သည် ကြောက်ရွံ့လှသောကြောင့် မျက်နှာကို လက်ဖြင့်ပိတ်၍ထားလေ၏။

သို့ရာတွင် ကြေးဝါခေါင်းအတွင်း၌ ကြောက်မက်ဖွယ်ရာသော အလောင်းကိုမတွေ့ရဘဲ မင်းမြောက်တန်ဆာများကိုသာလျှင် စုံလင်စွာ တွေ့ရှိရ၏။ ၄င်းတန်ဆာများအနက် အခြားသောအရာတို့မှာ အဖိုးထိုက်တန်သည် မဟုတ်ဘဲ သရဖူသာလျှင် အဖိုးမဖြတ်နိုင်အောင် ထိုက်တန်လှပေ၏။

အကြောင်းမူကား ၄င်းသရဖူမှာ ရတနာ ၇ ပါးဖြင့် မွမ်းမံစီချယ်လျက်ရှိရာ ၄င်း၌ ပတ္တမြားကျောက် ၇ လုံး၊ ပုလဲ ၇ လုံး၊ မြ ၇ လုံး၊ နီလာ ၇ လုံး စသည်ဖြင့် ရတနာ ၇ ပါးတို့သည် ၇ လုံးစီ မွမ်းမံလျက်ရှိလေ၏။ စုစုပေါင်းလိုက်သော် ကျောက်နှင့် ပုလဲပေါင်း ၄၉ လုံးမျှသာ ရှိသည်မှန်သော်လည်း တစ်လုံးစီ တစ်လုံးစီမှာ အပြစ်အနာအဆာအလျဉ်းကင်း၍ ဆီးကင်းခန့်စီ ရှိသည်ဖြစ်သောကြောင့် စုစုပေါင်း၏ တန်ဖိုးမှာ တစ်ကုဋေခန့်ထက် နည်းမည်မဟုတ်ချေ။

စောမွန်နှစ်မှာ ရတနာများကို နှစ်သက်မြတ်နိုးသော ဝါသနာရှိသည့်အပြင် ဤမျှလောက် အပြစ်ကင်းစင်သော ရတနာမျိုးကို တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသည် ဖြစ်သောကြောင့် ၄င်းတို့၏ အဖိုးထိုက်တန်ခြင်းကို အပထား၍လှပတင့်တယ် ရွှန်းချင်ဖွယ်ရှိသော အပြစ်ကိုပင် ချစ်ခင်လှသည်ဖြစ်သောကြောင့် ရတနာကို ကျွန်ုပ်

mgyoe.com

mgyoe.com


က ကော်ထုတ်၍ယူစဉ် တစ်ခုစီတစ်ခုစီ နမ်းရှုပ်လျက် ရှိလေ၏။ အကြောင်းမူကား ကျွန်ုပ်တို့သည် သရဖူတစ်ခုလုံးကိုယူခဲ့သော် လျှို့ဝှက်ရန် ခက်ခဲသောကြောင့် ရတနာများကို အလျှင်ကော်ထုတ်၍ ယူခဲ့ကြ၏။

ကျွန်ုပ်တို့သည် နောက်ဆုံးရတနာကို သရဖူမှ ကော်ထုတ်၍ ယူကြပြီးနောက် ခြေး၀ါခေါင်းကို တစ်ဖန်ပိတ်ထားခဲ့ပြီးမှ လာကြသည့် လမ်းအတိုင်း ပြန်ထွက်ခဲ့ကြလေ၏။ ထိုညဉ့်၌ ကျွန်ုပ်တို့သည် အနည်းငယ်မျှသော အနှောင့်အယှက်နှင့်မျှ မတွေ့ကြုံကြရဘဲ ကောင်းမွန်ချောမောစွာပင် နန်းတော်သို့ ပြန်ရောက်ခဲ့ကြ၏။

စောမွန်နစ်မှာ ဤမျှလောက် အဖိုးထိုက်တန်သော ပစ္စည်းများကို ပေးအပ်သည့်အတွက်ကြောင့် များစွာ ဝမ်းမြောက်သည့်ပြင် ကျေးဇူးလည်းတင်ဟန်လက္ခဏာဖြင့် ထိုညဉ့်၌ ကျွန်ုပ်ကို ဘုရင်၏ရာထူး၌ ခေတ္တခန့်ထားခြင်းပြုခဲ့၏။ ဆန်းကြယ်သော မိန်းမတစ်ယောက်ဖြစ်ချေဘိ၏တကား။ သို့ရာတွင် ထိုညအဖို့သာလျှင် ဖြစ်ချေ၏။

တရုတ်ပြည်မှ သံအမတ်များထံ စကားပြန်ရန်မှာ ရက်အနည်းငယ် လိုသေးသည်ဖြစ်ရာ ထိုအချိန်ကာလအတောအတွင်း၌ ကျွန်ုပ်မှာ လွတ်လပ်ခွင့်ရလျက်ရှိသော်လည်း စောမွန်နစ်နှင့် တွေ့ဆုံခွင့်များစွာ မရခဲ့ချေ။

စောမွန်နစ်သည် တရုတ်ပြည်အရေးနှင့် စပ်လျဉ်း၍ ကျွန်ုပ်အား တိုင်ပင်ခြင်းမပြုတော့ဘဲ ခင်နှင်းကြည်ကိုသာလျှင် တိုင်ပင်၏။ ခင်နှင်းကြည်မှာမူ ကျွန်ုပ်တို့၏အကြောင်းကို အရိပ်အမြွက်မျှ သိရှိဟန် လက္ခဏာရှိသည်ဖြစ်ရာ ကျွန်ုပ်အားလည်း ခပ်ထည်ထည်မျက်နှာထားနှင့် ဟန်ကြီးပန်ကြီး အမူအရာမျိုး လုပ်လျက်ရှိလေ၏။

ကျွန်ုပ်သည် ထိုအချင်းအရာကို တွေ့မြင်ရသောအခါတွင် ဘုရင်မပေါ်၌ သကၤာမကင်းသော စိတ်ရှိသည်နှင့် ဘုရင်မထံသို့ဝင်ပြီးလျှင် ကျွန်ုပ်အား ထားခဲ့သော ကတိကို သတိပေးလိုက်သော်လည်း ဘုရင်မသည် ပြောဆိုခွင့်မရစေရန် အပါး၌ အပျိုတော်များ မပြတ်ထားလျက်ရှိ၏။ သို့ရာတွင် နောက်ဆုံးတစ်နေ့၌ ကံအားလျော်စွာ အခွင့်သာသည်နှင့် ကျွန်ုပ်သည် ဘုရင်မအား ၎င်း၏ကတိကို သတိပေးရာတွင် ဘုရင်မက တရုတ်၏ကိစ္စ မပြီးသေးသောကြောင့် အလျှင်မလိုဖို့အကြောင်းနှင့် ပြောပြလေ၏။

နောက်ဆုံး၌ တရုတ်ပြည်မှ သံအမတ်များအား စကားပြန်ရန် နေ့ရက်တိုင်ရောက်လာခဲ့ရာ ညီလာခံအခန်းတွင်း၌ မှူးမတ်အစုံအညီနှင့်တကွ တရုတ်သံအမတ်များပါ ရှိနေကြလေ၏။ ကျွန်ုပ်မှာလည်း နက္ခတ်ဆရာကြီး ဖြစ်သည့်အလျောက် မှူးမတ်များနှင့် ရောနှောကာထိုင်ခွင့်ရခဲ့၏။ တရုတ်သံအမတ်သည်

mgyoe.com

mgyoe.com


ဘုရင်မအား အရိုအသေပြုလျက် မိမိ၏အရှင်သခင်ထံ မည်ကဲ့သို့ စကားပြန်ကြားရပါမည်နည်းဟု မေးမြန်း၏။

ထိုအခါ ဘုရင်မက . . .

"ကျွန်ုပ်သည် မောင်တော်ဖြစ်သော ဥတည်ဘွား၏ မိန့်ခွန်းသံကို ကြားရ၍ မပြင်းထန်သင့်ဘဲလျက် ပြင်းထန်လှသည်ဟု ထင်မြင်ပါသည်။ ဥတည်ဘွားက ၄င်း၏အမိန့်အတိုင်း မလိုက်နာခဲ့ပါလျှင် ကျွန်ုပ်၏ ပြည်နယ်ကို သိမ်းယူမည်ဟူ၍ ခြိမ်းခြောက်လိုက်၏။ ဥတည်ဘွား၌သာလျှင် စစ်တပ်ရှိသည်မဟုတ်။ ကျွန်ုပ်၌လည်း စစ်တပ်ရှိပါ၏"

ထိုအခါ တရုတ်သံအမတ်က . . .

"ယင်းသို့ဖြစ်လျှင် စစ်ဘက်ပြိုင်လိုသည်ဟု ပြန်ကြားရပါမည်လော' ဟု မေး၏။ ဘုရင်မက...

'ထိုကဲ့သို့ မဟုတ်ပါ၊ တစ်ပြည်နှင့်တစ်ပြည် မျက်မာန်ပွား၍ ရန်ငြိုးထားကြမည့်အစား မိတ်ကျွမ်းတဝင်နှင့် မဟာမိတ်ဖွဲ့နိုင်ခွင့်ရကြစေခြင်းငှာ မောင်တော်နှင့် နှမတော်တို့ ကိုယ်တိုင်တွေ့ဆုံဆွေးနွေး၍ အေးအေးဆေးဆေး တိုင်ပင်နှီးနှောကြရပါလျှင် ကျွန်ုပ်ကိုယ်တိုင် နယ်စပ်သို့လာရောက်၍ ဥတည်ဘွားကလည်း နယ်စပ်သို့ဆင်းလာပြီးလျှင် နှမတော်၏ ဝတ်ပြုခြင်းကို ခံစေလိုပါသည်'ဟု ပြော၏။

ထိုအခါ ကျွန်ုပ်သည် မခံမရပ်နိုင်အောင်ရှိသည်နှင့် . . .

"သတိပြုပါ ဘုရင်မ၊ သတိပြုတော်မူပါ"

ဟု လွှတ်ခနဲ ပြောလိုက်မိရာတွင် စောမွန်နစ်က . .

"ဒီကျွန်က သူ့နေရာမဟုတ်ဘဲနဲ့ ဘာဝင်စွက်သလဲ"

ဟု ကြိမ်းမောင်းလိုက်လေ၏။

ထိုအခါ၌ ကျွန်ုပ်မှာ အလွန်တရာရှက်လှသည်နှင့် ဦးခေါင်းချ၍ နေရာ၊ ခင်နှင်းကြည်မှာ ပြုံးရွှင်သောမျက်နှာနှင့် ကျွန်ုပ်အား ကြည့်နေ၍ ကျွန်ုပ်အား မနှာလိုကြသော မှူးမတ်များသည်လည်း "ဒီကောင်က ဘာကောင်လဲ"ဟူသော သဘောမျိုးနှင့် ကြည့်ကြ၏။

ကျွန်ုပ်မှာမူ ထိုခဏမှစ၍ တရုတ်သံအမတ်နှင့် ဘုရင်မ ပြောကြသော စကားများကို မကြားတော့ဘဲ နားထဲမှ လေတဝူးဝူးထွက်လျက် ရှိနေခဲ့လေ၏။

နောက်ဆုံး၌ ဘုရင်မနှင့် တရုတ်သံအမတ်တို့သည် စကားပြောဆိုပြီးစီးကြသဖြင့် မှူးမတ်တို့သည် ညီလာခံအခန်းမှ ထွက်သွားကြလေရာ ကျွန်ုပ်မှာ

mgyoe.com

mgyoe.com


ယောင်တောင်တောင်နှင့် တစ်ယောက်တည်း ကျန်ရစ်ခဲ့လေ၏။ ထိုကဲ့သို့ တစ်ယောက်တည်း မှိုင်လျက်ရှိနေစဉ် ကျေးကျွန်တစ်ယောက်သည် ကျွန်ုပ်ထံသို့ ဝင်လာ၍ ဘုရင်မ စောမွန်နှစ်က ၎င်း၏ အဆောင်တော်သို့လာရန် ခေါ်ငင်ကြောင်းနှင့် ပြောသဖြင့် ကျွန်ုပ်သည် ၎င်းနှင့်အတူ လိုက်ပါသွားလေ၏။ ဘုရင်မ၏ အဆောင်တော်အတွင်း၌ ခင်နှင်းကြည်နှင့် အခြားအပျိုတော် တစ်ယောက်သည် စောမွန်နှစ်၏ အနီးတွင် ပြားဝပ်ကာရှိနေကြရာ စောမွန်နှစ်သည် အပျိုတော်နှစ်ယောက်ကို နောက်သို့ဆုတ်ကြစေ၍ ကျွန်ုပ်အား တရုတ်သံအမတ်များနှင့် တိုင်းပြည်ရေးအတွက် တိုင်ပင်နှီးနှောကြရာတွင် အဘယ့်ကြောင့် စွက်ဖက်ပြောဆိုရလေသနည်းဟု ငေါက်ငမ်းကာ မေးမြန်းလေ၏။

ကျွန်ုပ်မှာမူ ဘုရင်မ၏ လှည့်စားခြင်းခံရသည်အတွက်ကြောင့် ရင်တွင်း၌ လှိုင်းထလျက်ရှိသည် ဖြစ်သောကြောင့် မည်သို့မျှပြန်မပြောနိုင်ဘဲ လူအကဲ့သို့ ကြောင်တောင်ငေးလျက် ရှိနေလေ၏။

နောက်ဆုံး၌ ကျွန်ုပ်က မြန်မာမှူးရိုးမတ်နွယ်တို့ အားထားခဲ့သော သစ္စာကိုဖောက်ပြန်ပြီးလျှင် မြန်မာသွေးမဟုတ်သော ရှမ်းဘုရင်မကို နိုင်ငံခြားသားဖြစ်သော တရုတ်ရန်သူတို့၏ လက်မှ ကယ်ဆယ်ရန်အတွက် လျှို့ဝှက်၍ထားသော ဘဏ္ဍာများကိုပင် ပေးအပ်ခဲ့ပါလျက်နှင့် မိမိအားထိုကဲ့သို့ လှည့်စားခြင်းမှာ ဘုရင်မသည် လွန်မင်းစွာ မတရားရာရောက်နေကြောင်း၊ ထိုဘဏ္ဍာများမှာ မြန်မာအမျိုးသားအတွက်သာလျှင် အသုံးပြုရန်ဖြစ်သော်လည်း တရုတ်ရန်သူတို့၏ နှိပ်စက်အံ့သော ဘေးအန္တရာယ်မှ ဘုရင်မကိုပါ ကယ်ဆယ်ရန်အတွက် မိမိက မြန်မာမှူးရိုးမတ်နွယ်တို့၏ အပေါ်၌ သစ္စာဖောက်ခဲ့သည့်တိုင်အောင် ဘုရင်မကို ကူညီခဲ့ပါသော်လည်း ဘုရင်မသည် မိမိထားခဲ့သော သစ္စာအတိုင်း ထိန်းသိမ်းခြင်း မရှိခဲ့ခြင်းမှာ 'မင်းမှာ သစ္စာ၊ လူမှာ ကတိ'ဟူသော စကားပုံနှင့် မညီညွတ်အောင် ရှိနေသည့်အတွက် ပျက်စီးရာသောအကြောင်း ရှိကြောင်းများနှင့် ပြစ်တင်ပြောဆိုစပြုသည်တွင် ဘုရင်မသည် ကျွန်ုပ်၏စကားကို ဆုံးအောင်နားမထောင်ဘဲ လက်ခုပ်တီးလိုက်ရာတွင် စစ်သား ၄ ယောက်တို့သည် လက်နက်များကိုင်ဆွဲကာ အခန်းတွင်းသို့ ဝင်လာကြလေ၏။

ဘုရင်မသည် ကျွန်ုပ်အား လက်ညှိုးညွှန်ပြလျက် . . .

"ဒီအကောင်ကို ဖမ်းလိုက်ကြ"ဟု အမိန့်ပေးရာတွင် တစ်ယောက်သော စစ်သားသည် ဓားရှည်ကိုကိုင်လျက် ကျွန်ုပ်အနီးသို့ ချဉ်းကပ်လာလေ၏။

mgyoe.com

mgyoe.com


ထိုအခါ ကျွန်ုပ်သည် သေရမည့်အတူတူ သူတစ်ပါးကို သတ်ပြီးမှ သေမည်ဟု စိတ်မာန်တင်းလျက် ကျွန်ုပ်အား ဖမ်းဆီးရန်ပြင်နေသော သူ့မျက်နှာကို လက်သီးနှင့်ကြိုး၍ သတ်လိုက်ရာ ထိုစစ်သားသည် ထိုကဲ့သို့ ပြုမည်မထင်သောကြောင့် အမှတ်မဲ့နေမိသဖြင့် လက်သီးချက်မျက်နှာ၌ လှလှကြီးမိလေရကား ကြမ်းပေါ်တွင် ပက်လက်လန်၍ လဲသွားလေ၏။

ကျွန်ုပ်သည် ထိုစစ်သား၏လက်မှ လွတ်သွားသော ဓားရှည်ကို လျင်မြန်စွာ ကောက်ယူ၍ ကျွန်ုပ်ထံပြေးဝင်လာသော ဒုတိယစစ်သား၏ ဓားချက်ကို ဓားနှင့်ပင် ကာကွယ်ပြီးလျှင် နောက်တစ်ချက်ထပ်မံ၍ မခုတ်နိုင်မီ ဒုတိယစစ်သား၏ လည်ပင်းကို ပိုင်းဖြတ်လိုက်လေ၏။

တတိယစစ်သားသည် ဓားကိုကိုင်လျက် ကျွန်ုပ်ထံပြေးဝင်လာရာ ကျွန်ုပ်ဓားဦးသည် သူ၏ရင်ဝသို့ စူးဝင်သဖြင့် လက်ခြေကားယားနှင့် လဲကျသွားလေ၏။

နောက်ဆုံးကျန်သော စတုတ္ထစစ်သားမှာမူ အခြားသူတို့ကဲ့သို့ အရမ်းမဝင်ဘဲ ဓားသိုင်းကစားမည့်ဟန်နှင့် သိုင်းကွက်နင်း၍ ဝင်လာရာ ကျွန်ုပ်မှာလည်း ဓားသိုင်းလှံသိုင်းတို့ကို လေ့ကျင့်ပြီးဖြစ်သောကြောင့် တစ်ယောက်၏အမှားကို တစ်ယောက်စောင့်ကာ တစ်ယောက်ချင်း တိုက်ခိုက်လျက် ရှိနေကြလေ၏။ ထိုအတောအတွင်း၌ အပျိုတော်နှစ်ယောက်တို့မှာ ထိတ်လန့်တုန်လှုပ်ခြင်းဖြစ်ကြ၍ စောမွန်နှစ်တစ်ယောက်တည်းသာလျှင် တုန်လှုပ်ခြင်းမရှိဘဲ စစ်ပွဲကိုကြည့်လျက်ရှိနေလေ၏။

စစ်သားသည် ကျွန်ုပ်နှင့် ဓားချင်းဆိုင်ကာ တစ်ပတ်နှစ်ပတ်မျှ တစ်ယောက်နှင့်တစ်ယောက် လှည့်ပတ်ကြပြီးနောက် ကျွန်ုပ်၏ ဦးခေါင်းကို ဓားနှင့်ခုတ်လိုက်ရာ ကျွန်ုပ်သည် လက်မှဓားနှင့် မြှောက်ခံကာကွယ်လိုက်ရ၏။

ကျွန်ုပ်သည် ခံထားသောဓားကို လျင်မြန်စွာ မြှောက်ပြီးနောက် ထိုသူ၏ လည်ပင်းကို အားကုန်ကြိုး၍ ပိုင်းလိုက်ရာ ထိုသူသည် ကျွန်ုပ်ကဲ့သို့ပင် ကျင်လည်သူဖြစ်သောကြောင့် မိမိ၏ဓားနှင့် ဆီးကာတွန်းဖယ်လိုက်လေရကား ဓားနှစ်စင်း၏ အသွားချင်းထိမိကာ နေရာ၌ မီးပွင့်၍ ထွက်ပြီးနောက် ကျွန်ုပ်၏ဓားသည် ခါးလယ်မှ ထက်ပိုင်းပြတ်၍ သွားလေ၏။

ကျွန်ုပ်၏ ဓားအသွားမှာ လက်လေးသစ်မျှသာ ကျန်တော့သည်ဖြစ်ရကား ကျွန်ုပ်မှာ ကာကွယ်ရန်သော်လည်းကောင်း၊ တိုက်ခိုက်ရန်သော်လည်းကောင်း၊ လက်နက်မရှိတော့ဘဲ ဖြစ်ခဲ့ချေ၏။ သို့ပါလျက်နှင့်ပင် ကျွန်ုပ်သည် ထိုသူ၏ ဓား

mgyoe.com

mgyoe.com


ချက်များကို လေးသစ်မျှသာ စားသွားကလေးနှင့်ပင် နှစ်ကြိမ်တိုင်တိုင် ကာကွယ်ရသေး၏။

ထိုသူမှာ ကျွန်ုပ်၌ လက်နက်မရှိသည့်အဖြစ်ကို မြင်သောကြောင့် တစ်ချက်ပြီးလျှင် တစ်ချက် ထပ်ဆင့်၍ ခုတ်လျက်ရှိရာ ကျွန်ုပ်သည် တစ်ချက်ချက်၌ ခုတ်မိချေတော့မည်ဟု သိသည်နှင့် ကြံမိကြံရာ ထိုသူ၏မျက်နှာကို စားတိုနှင့် ပစ်ပေါက်လိုက်လေ၏။ ထိုစားရိုးသည် ထိုသူ၏နဖူး၌ တည့်တည့်မတ်မတ် ထိမှန်သည်နှင့် ထိုသူသည် ယိမ်းယိုင်၍ပင် စိုက်သွားလေ၏။

ထိုသို့ရှိနေစဉ်တွင် ကျွန်ုပ်သည် ထိုသူထံ အတင်းပြေးဝင်၍ ဓါးကို လက်နှစ်ဖက်ဖြင့်သိမ်း၍ ဖက်ပြီးလျှင် ဦးခေါင်းပေါ်သို့ ပင့်မြှောက်ပြီးလျှင် ကြမ်းပေါ်သို့ ကိုင်ပေါက်လိုက်ရာ ထိုသူသည် အွတ်ခနဲမြည်ပြီးနောက် မလှုပ်မယှက်ဘဲ ရှိနေလေ၏။

သို့ရာတွင် ထိုခဏ၌ ကျွန်ုပ်၏လက်သီးချက် မိထားသော ပထမစစ်သားသည် မူးဝေခြင်း ပြေပျောက်သည်နှင့် ရုတ်တရက်ထလာ၍ သေဆုံးသော စစ်သားတစ်ယောက်၏ ဓားကိုကောက်ယူပြီးလျှင် ကျွန်ုပ်ဦးခေါင်းကို နောက်မှနေ၍ ခုတ်လိုက်ရာ ဦးခေါင်းကို မခုတ်မိဘဲ ပခုံးကို ခုတ်မိသဖြင့် ကျွန်ုပ်မှာ ထိုဓားချက်နှင့်ပင် ကြမ်းပေါ်သို့ လဲသွားလေ၏။ ထိုသူသည် ကျွန်ုပ်မသေသေးသည့်အဖြစ်ကို မြင်သည်နှင့် ကျွန်ုပ်၏လည်ပင်းကို ခုတ်ပိုင်းအံ့ဟု ဓားကိုမြှောက်ရာတွင် ခင်နှင်းကြည်လည်း ထိုသူ၏ လက်မောင်းကို ဆွဲထားလေ၏။ ၎င်းနောက် ခင်နှင်းကြည်သည် ဘုရင်မ၏ ဘက်သို့လှည့်၍ ဘုရင်မသည် ရဲစွမ်းသတ္တိရှိသော လူများကို ချီးမြှောက်မြဲဖြစ်သည့်အတိုင်း ဤမျှလောက်စွမ်းရည်သတ္တိဖြင့် ခုခံတိုက်ခိုက်ခဲ့သော ကျွန်ုပ်၏အသက်ကို ချမ်းသာပေးရန် တောင်းပန်လေ၏။

ဘုရင်မသည် ကျွန်ုပ်၏ အစွမ်းကို နှစ်သက်ဟန်ရှိသည့်ပြင် ခင်နှင်းကြည်၏စကားကိုလည်း ငြင်းပယ်ရိုးထုံးစံမရှိသည် ဖြစ်သောကြောင့် ကျွန်ုပ်၏အသက်ကို ချမ်းသာပေးရန် သဘောတူပြီးလျှင် ကျွန်ုပ်၏ နေအိမ်သို့ ဆောင်ယူသွားစေ၍ အစောင့်အကြပ်များနှင့် ထားရန် အမိန့်ပေးလေ၏။

ကျွန်ုပ်မှာ ပခုံးတွင် ထိခိုက်သောဒဏ်ရာမှ သွေးအမြောက်အမြား ယိုထွက်သဖြင့် သွေးသွန်သောရောဂါနှင့် ရက်ပေါင်းများစွာ သတိမရဘဲ ရှိနေခဲ့ရာ ပထမဦးစွာ သတိရလာသောနေ့၌ စောမွန်နစ်သည် ကျွန်ုပ်၏ အခန်းတွင်းသို့ တစ်ကိုယ်တည်း ဝင်လာခဲ့လေ၏။

mgyoe.com

mgyoe.com


ကျွန်ုပ်မှာ ဘုရင်မ၏မျက်နှာကို မကြည့်မမြင်လိုသည်ဖြစ်သောကြောင့် မျက်စိများကို တစ်ဖန်မှိတ်ထား၍ သတိလစ်ဟန်ဆောင်လျက်ရှိနေရာတွင် စောမွန်နှစ်သည် ကျွန်ုပ်အား တကယ်ပင် သတိလစ်၍ နေသည်ဟု ထင်မှတ်သဖြင့် ကြင်နာယုယ အမူအရာနှင့် ကျွန်ုပ်၏လက်ကို ကိုင်လျက်

"သြ . . . ရန်အောင်မင်္ဂလာ၊ ရန်အောင်မင်္ဂလာ၊ နာမည်လေးက ကောင်းရှာပါဘိသနဲ့၊ အကြံအထမမြောက်ရှာဘူးနော်၊ သူ့ကိုယ်သူတော့ တတ်ကျွမ်းလှပြီ လိမ္မာလှပြီဟု အထင်ကြီးနဲ့ ထီးနန်းကို လုပ်ကြံဖို့တဲ့လာလိုက်တာ၊ မိန်းမတစ်ခါလှည့်မှ မခံနိုင်ရှာပဲကိုး။ သူ့ခမျာမှာ ကြင်ရာတော်ဖြစ်ရရှာမလားလို့ လျှို့ဝှက်ထားတဲ့ ဘဏ္ဍာကိုများ ပေးလိုပေး။ ကိုယ့်ဘက်သားတွေကို သစ္စာဖောက်လိုဖောက်၊ နောက်ဆုံးတော့ ဒီအဖြစ်ကို ရောက်ရရှာသကိုး။ သြော်... ရန်အောင်မင်္ဂလာ၊ သနားလည်းသနားပါရဲ့။ ငါကိုယ်တိုင် စုံမက်တော့မလို့များတောင် ဖြစ်ဖူးပါရဲ့။ သို့သော်လည်း မောင်လိုလူစားနဲ့ ဘာဖြစ်မလဲ မောင်ရယ်၊ စကြာမင်း မိဖုရားမင်း မဖြစ်လို့ရှိရင် ဥတည်ဘွား မိဖုရားလောက်တော့ အနည်းဆုံးဖြစ်ရမှ ကျေနပ်နိုင်မယ့် မိန်းမကိုး မောင်ရဲ့၊ ကိုင်းကိုင်း နေရစ်ရှာတော့ နေရစ်ရှာတော့ သူ့ဘဏ္ဍာတွေယူပြီး အသက်ကိုတော့ သေအောင်သတ်လို့ တော်မယ်မထင်ပါဘူးလေ၊ သူ့ထိုက်နဲ့သူ့ကံပဲ ရှိပါစေတော့"

ဟုပြောလျက် စောမွန်နှစ်သည် ကျွန်ုပ်၏လက်ကို ကြင်နာစွာဆုပ်ညှစ်၍ ကိုင်ပြီးနောက် အခန်းပြင်သို့ ထွက်သွားလေ၏။ စောမွန်နှစ်သည် အံ့သြဖွယ်ရာ ကောင်းလှသော မိန်းမတစ်ယောက်ဖြစ်ချေ၏တကား။

ကျွန်ုပ် ရက်ပေါင်းများစွာ မကြာမီအတွင်း ဒဏ်ရာပျောက်ကင်းခဲ့လေရာ တစ်နေ့သ၌ ခင်နှင်းကြည်သည် ကျွန်ုပ်၏အခန်းတွင်းသို့ ဝင်လာ၍ ဘုရင်မ စောမွန်နှစ်နှင့်တကွ မောင်းမမိဿံချွေရံအပေါင်းတို့သည် တရုတ်နယ်စပ်သို့ ၄င်းတို့နှင့် အတူ လိုက်ပါစေမည်ဖြစ်ကြောင်း တင်ကူးပြောပြထားနှင့်လေ၏။

ကျွန်ုပ်မှာ စောမွန်နှစ်၏ အကြံအစည်သည် ဥတည်ဘွားကတော် ဖြစ်ဖို့ရန် ဟူ၍ သိရှိသောကြောင့် မည်မျှပင် သစ္စာမဲ့သော မိန်းမတစ်ယောက် ဖြစ်စေကာမူ မိမိနှင့် တစ်ကြိမ်တစ်ခါ ချစ်ခင်စုံမက်ဖူးသည့်နောက်၌ အခြားယောက်ျား တစ်ယောက်အား ချော့မြှူဗန်းပြခြင်းကို မရှုစိမ့်နိုင်သဖြင့် မလိုက်ပါဖို့အကြောင်းနှင့် တောင်းပန်ပြောဆိုသော်လည်း မရနိုင်ဘဲရှိခဲ့၏။

တိုင်းပြည်ကို လုပ်ကြံဖူးသော သူတစ်ယောက်သည် ဘုရင်မရှိသောခါ၌ မိမိအကြံအစည်အတိုင်း ထမြောက်အောင် ထပ်လောင်း၍ ကြံစည်ခြင်းမပြုပါဟူ၍

mgyoe.com

mgyoe.com


အဘယ်သူသည် ယုံကြည်နိုင်အံ့နည်းဟု ဘုရင်မက မေး၏။ သို့ဖြစ်၍ ကျွန်ုပ်မှာ သစ္စာဖောက်သော ဘုရင်မအပေါ်၌ လက်စားချေရန်အတွက် စိတ်ထဲ၌ အကြိတ်အခဲကြီး ရှိနေသော်ငြားလည်း သူ၏လက်တွင်း ဖြစ်နေသေးသောကြောင့် ထားသော နေရာ၌ပင် နေရချေသေး၏။ သို့ရာတွင် လက်စားချေဖို့ အကြံကိုမူကား တစ်ခဏတာမျှ မေ့လျော့ခြင်း မရှိခဲ့ချေ။

စောမွန်နစ်သည် တကောင်းမြို့တော်၌ မိမိတို့ယုံကြည်စိတ်ချရသော ရှမ်းလူမျိုး အမတ်ကြီး ၄ ယောက်ကို ထားခဲ့ပြီးလျှင် ၁၀၀ ခန့်မျှသော နန်းတော်သူနန်းတော်သားများနှင့်အတူ တရုတ်နယ်စပ်သို့ လောင်းလှေကြီး တစ်စင်းဖြင့် ဆန်တက်ကြလေ၏။ ထိုသူတို့နှင့်အတူ ကျွန်ုပ်သည်လည်း နက္ခတ်ဆရာကြီး၏ ဂုဏ်ထူးဖြင့် လိုက်ပါသွားရ၏။ ထိုရေကြောင်းခရီးမှာ စင်စစ်ပျော်ရွှင်ကြဟန် လက္ခဏာရှိပေ၏။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် မြစ်ကြီးနားမှတစ်ဖန် ကုန်းကြောင်းခရီးဖြင့် ၅ ရက်ခန့်သွားကြသောအခါတွင် အလံများစိုက်ထူထားသော နယ်စပ်သို့ ဆိုက်ရောက်ကြလေ၏။ ထိုနေရာ၌ တရုတ်အရာရှိများသည် စောင့်ဆိုင်းလျက်ရှိနေကြ၍ ၎င်းတို့၏ဘုရင် ဥတည်ဘွားသည် နောက်တစ်နေ့ညဉ့ ဆိုက်ရောက်တော်မူမည်ဖြစ်ကြောင်းနှင့် ပြောကြလေ၏။ နန်းတော်သားတို့သည် စောမွန်နစ်အတွက် တဲနန်းတော်ကိုလည်းကောင်း၊ ဥတည်ဘွားအတွက် ဧည့်ခံပွဲကျင်းပဖို့ တဲမဏ္ဍပ်များကိုလည်းကောင်း၊ ဆောက်လုပ်ပြင်ဆင်ကြလေ၏။

နောက်တစ်နေ့ညနေ၌ တရုတ်ဘုရင် ဥတည်ဘွားသည် နောက်ပါအခြွေအရံ ၁၀၀ ကျော်မျှနှင့် ဆိုက်ရောက်၍လာလေရာ စောမွန်နစ်သည် ဘုရင်မပီပီ ခန့်ညားသော ဣန္ဒြေဖြင့် ခရီးဦးကြိုပြုလေ၏။ ပထမညဉ့်အတွက် ညစာထမင်းမှာမူ စောမွန်နစ်က ကျွေးမွေးရန်ဖြစ်၍ ဒုတိယညအတွက်မှာမူ ဥတည်ဘွားက ကျွေးမွေးရန် ဖြစ်လေသည်။

ဘုရင်မ၏ ကျေးကျွန်များသည် မင်းနှစ်ပါးတို့အတွက် ဆောက်လုပ် ပြင်ဆင်ထားသော တဲမဏ္ဍပ်အတွင်း၌ ပွဲတော်အုပ်များကို တည်ခင်း၍ ထားလေရာ စောမွန်နစ်သည် မိမိ၏တဲနန်းအတွင်း၌ ခြယ်လှယ်ပြင်ဆင်လျက် ရှိ၏။ ကျေးကျွန်များသည် မဏ္ဍပ်အတွင်း၌ တစ်ထောင်မျှသော ပျားဖယောင်းတိုင်များကို မီးထွန်းညှိ၍ထားလေရာ နေရောင်ကွယ်ပျောက်သဖြင့် မီးတိုင်တို့မှ အရောင်သည် ကောင်းမွန်စွာ လင်းနိုင်သော အချိန်တိုင်ရောက်သည်နှင့် တစ်ပြိုင်နက် စောမွန်နစ်သည် မိမိ၏တဲနန်းမှ မဏ္ဍပ်သို့ ထွက်ကူးလာခဲ့လေ၏။

mgyoe.com

mgyoe.com


ကျွန်ုပ်သည် ဘုရင်မစောမွန်နှစ်၏ ပြင်ဆင်ပုံအမျိုးမျိုးကို တွေ့မြင်ရဖူး၍ အသီးသီးသော ဝတ်ဆင်ခြယ်လှယ်ပုံတို့သည် စောမွန်နှစ်၏ ရုပ်ရူပကာယနှင့် တစ်မျိုးစီလိုက်လျော၍ တစ်မျိုးစီပင် ရှုချင်ဖွယ်ကောင်းသည်ဟု မှတ်ထင်ခဲ့မိ၏။ သို့ရာတွင် ဥတည်ဘွားအား ဧည့်ခံရမည့် ထိုနေ့ည၌ ဝတ်ဆင်ခြယ်လှယ်ပုံသည်ကား ရှေးယခင်အခါက ဝတ်စားဆင်ယင်ပုံတို့ထက် ထူးကဲသာလွန်လှချေ၏။

ထိပ်ဆံချုလျက်ရှိသော ဦးခေါင်း၌ ရတနာ ၇ ပါးတို့ဖြင့် မွမ်းမံခြယ်လှယ်အပ်သော စည်းပုံကိုဆောင်းလျက် ထိုင်မသိမ်းအင်္ကျီ၊ အဝါရောင်ရှိသော ပဝါကို ရင်၌စည်းပြီးလျှင် ပုလဲတစ်ကန့်၊ ငွေချည်တစ်ကန့် ရက်လုပ်၍ထားသော ရွှေဝါရောင်အချိတ်ထမိကို ဝတ်ဆင်ကာ ကနကမာဖြင့် လုပ်ထားသော ယပ်တောင်ကလေးကို မခို့တရို့လေးကိုင်ကာဖြင့် ထွက်လာသောအခါတွင် တစ်ထောင်မျှသော ပျားဖယောင်းတိုင်တို့၏ အလင်းရောင်သည် ရတနာအမျိုးမျိုးဖြင့် ပြုလုပ်ထားသော ဘယက်တန်ဆာဒွာဒရာတို့သို့လည်းကောင်း၊ ဦးခေါင်း၌ရှိသော စည်းပုံကိုလည်းကောင်း၊ ထဘီ၌ရှိသော ရွှေချည်ငွေချည်တို့၌လည်းကောင်း၊ ကျရောက်သောအခါတွင် တပြိုးပြိုးတပြက်ပြက် တလက်လက်တပြောင်ပြောင် အရောင်မျိုးစုံထွက်ပေါ်လာရကား လူသားတစ်ယောက်မှ ဟုတ်ပါလေ၏လောဟူ၍ပင် တွေးထင်ဖွယ်ရာ ရှိချေ၏။

တရုတ်ဘုရင် ဥတည်ဘွားသည်လည်း မဏ္ဍပ်၏ အခြားသော အပေါက်မှ ရင်ဆိုင်ဝင်လာခဲ့၍ စောမွန်နှစ်နှင့် မျက်နှာချင်းဆိုင်တွေ့ဆုံရာတွင် ဣန္ဒြေကြီးသော လူမျိုးဖြစ်သောကြောင့် ရာဇဣန္ဒြေကို ငဲ့ကွက်ရသည် ဆိုစေကာမူ မျက်တောင်မခတ်ဘဲ ကြောင်တောင်ငေးလျက် ကြည့်နေမိသည်ကို ကျွန်ုပ် တွေ့မြင်ရပါ၏။ ကျွန်ုပ်မှာမူ ဤချောမောလှပသော ရူပကာယကို လွန်ခဲ့သောအခါတစ်ပါး၌ တစ်ကြိမ်တစ်ခါမျှ ပိုင်ဆိုင်ခဲ့ဖူးသည်ဖြစ်၍ ယခုအခါ၌ကား သူတစ်ပါးအဖို့ ဖြစ်ရချေတော့မည်ဟု တွေးတောမိသည် ဖြစ်သောကြောင့် အသည်းနှလုံးကို ဆုပ်ညှစ်နယ်ချေမိသည့်အလားကဲ့သို့ လွန်မင်းစွာ အခံရခက်လျက်ရှိချေ၏။

ကျွန်ုပ်နှင့်တကွသော စောမွန်နှစ်၏ ကျေးကျွန်များသည် မဏ္ဍပ်၏ အခြားတစ်ဖက်၌လည်းကောင်း၊ ဥတည်ဘွား၏ ကျေးကျွန်များသည် မဏ္ဍပ်၏ အခြားတစ်ဖက်၌လည်းကောင်း၊ ဝိုင်းရံကာရှိနေကြလေရာ စောမွန်နှစ်နှင့် ဥတည်ဘွားတို့မှာမူ မဏ္ဍပ်၏အလယ်၌ ယှဉ်ပြိုင်ကာ ထိုင်နေကြလေ၏။ ဘုရင်နှစ်ပါးတို့မှာ တစ်ပါးစကားကို တစ်ပါးနားမလည်သည် ဖြစ်သောကြောင့် စကားပြန်များနှင့် စကားပြောရသည်ဖြစ်ရာ ဥတည်ဘွားသည် စောမွန်နှစ်နှင့် တွေ့သည်နှင့် တစ်ပြိုင်

mgyoe.com

mgyoe.com


နက် တောထဲ၌ ညဥ့်အချိန်တွင် မျက်စိလည်လမ်းမှားလျက်ရှိသော ခရီးသည်သည် အရှေ့အရပ်မှ ထွက်ပေါ်လာသော လမင်းကို တွေ့မြင်ရသောအခါ၌ ဝမ်းမြောက် ဝမ်းသာရှိဘိသည့်အလားကဲ့သို့ မိမိမှာလည်း ဘုရင်မစောမွန်နှစ်ကို တွေ့မြင်ရ သောအခါတွင် ထိုနည်းတူစွာ ဝမ်းမြောက်စွာရှိကြောင်းနှင့် ပြောလေ၏။

ထိုအခါ ဘုရင်မစောမွန်နှစ်က လမင်း၏အရောင်သည် မည်မျှပင် ထွန်း လင်းတောက်ပသည်ဆိုစေကာမူ နေမင်းထွက်ပြူလာသောအခါ၌ အရောင် မှိန်ရမြဲ ဖြစ်သည့်အတိုင်း မိမိမှာ နေမင်းတည်းဟူသော ဥတည်ဘွား အနီး၌ရှိနေစဉ် အဆင်းအရောင် မှေးမှိန်မည်ကို စိုးရိမ်ရပါကြောင်းနှင့် ပြန်ပြောလေ၏။

ထိုစကားကို ကြားရသောအခါတွင် ကျွန်ုပ်မှာ သည်းခံ၍ မရနိုင်အောင် အသည်းနှလုံး နာကျင်ခြင်း ဖြစ်ရချေ၏။

မင်းနှစ်ပါးတို့သည် ထိုကဲ့သို့ တစ်ဦးအားတစ်ဦး မြှောက်ပင့်ကာဖြင့် ပွဲတော် တည်လျက်ရှိကြစဉ်တွင် မဏ္ဍပ်၏ တစ်ဖက်သောမျက်နှာ၌ အပျိုကညာ ငါး ယောက်တို့သည် တူရိယာငါးပါးတို့ဖြင့် တီးမှုတ်လျက် တစ်ယောက်သော မိန်းမပျို သည် သာယာကြည်နူးဖွယ်ကောင်းသော တေးသီချင်းများကို ဖြည်းညင်းစွာ သီဆိုလျက်ရှိလေ၏။

ပွဲတော်တည်ပြီးကြသည့်နောက် ရှစ်ယောက်မျှသော မိန်းမပျိုကလေးတို့ သည် ကိန္နရီများအသွင်ဖြင့် ဝတ်ဆင်လျက် ဒေါင်းမြီးယပ်တောင်များကိုကိုင်ကာ ညက်ညောပျော့ပျောင်းသော အကအမျိုးမျိုးတို့ဖြင့် ဖျော်ဖြေကြလေ၏။

ဥတည်ဘွားမှာမူကား စောမွန်နှစ်၏ မျက်နှာမှတစ်ပါး အခြားသို့ ကြည့် ခြင်းလည်းမရှိ။ စောမွန်နှစ်၏ စကားသံမှတစ်ပါး တစ်ခြားသော တီးမှုတ်သံတို့ကို ကြားဟန်လက္ခဏာ မရှိချေ။

ယင်းကဲ့သို့ ပျော်ရွှင်စွာအတူထိုင်လျက် စည်းစိမ်ခံစားကြ၍ သန်းခေါင်တိုင် လုနီးသောအခါ လူစုကွဲပြီးလျှင် တရုတ်များသည် ၄င်းတို့၏ တဲသို့ပြန်သွားကြ၍ ကျွန်ုပ်တို့မှာလည်း ကျွန်ုပ်တို့၏ တဲများသို့ အသီးသီးပြန်ကြရလေ၏။

နောက်တစ်နေ့ညဉ့်၌မူကား စောမွန်နှစ်သည် ဥတည်ဘွား၏ တဲနန်းသို့ ညစာစားရန်သွားရောက်လေရာ တရုတ်ဘုရင်သည်လည်း အမျိုးမျိုးသော အတီး အမှုတ် အဆိုအကတို့ဖြင့် ဧည့်ခံလေ၏။

တတိယညဉ့်၌ ဘုရင်နှစ်ပါးသည် စောမွန်နှစ်၏ မဏ္ဍပ်၌ ပထမညကဲ့သို့ ညစာတည်ခင်းစားသောက်ကြပြီးနောက် လူစုကွဲသဖြင့် အသီးသီး မိမိတို့တဲသို့

mgyoe.com

mgyoe.com


ပြန်သွားကြလေ၏။ ကျွန်ုပ်မှာ မသာမယာသော စိတ်ဖြင့်တိုင်ကိုမှီလျက် လက်စားချေဖို့ကိစ္စကို စိတ်ကူးလျက် ရှိနေလေ၏။

သန်းခေါင်အချိန်တိုင် ရောက်သောအခါတွင် ကျွန်ုပ်သည် အနီးမှ ခြေသံကြားသဖြင့် မော်ကြည့်လိုက်ရာတွင် ခင်နှင်းကြည်ကို တွေ့မြင်ရလေ၏။ ခင်နှင်းကြည်သည် စကားတီးတိုးပြောဖို့အကြောင်းနှင့် ပါးစပ်ကိုလက်ဖြင့် ပိတ်ကာ သတိပေးပြီးနောက် ကျွန်ုပ်အား လက်ယပ်ခေါ်ငင်သွားရာတွင် ကျွန်ုပ်သည် နောက်မှလိုက်ပါသွားလေ၏။

ခင်နှင်းကြည်သည် ခြေဖျားထောက်လျက် လှမ်းသောကြောင့် ကျွန်ုပ်ကလည်း ခြေသံမကြားစေလိုကြောင်း သိသဖြင့် ခြေဖျားထောက်၍ လိုက်သွားလေ၏။

စောမွန်နစ်၏ တဲနန်းမှာ အပျိုတော်များ၏ အဆောင်နှင့် တစ်မိုးတည်းယှဉ်ကာ ဆောက်လုပ်ထားသည်ဖြစ်ရာ ခင်နှင်းကြည်သည် ကျွန်ုပ်အား အပျိုတော်ဆောင်သို့ ခေါ်သွင်းသွားလေ၏။ အခြားသော အပျိုတော်များမှာမူ အိပ်ပျော်ကြလေကုန်ပြီဖြစ်ရာ ခင်နှင်းကြည်သည် ဘုရင်မ၏ အဆောင်နှင့် အနီးကပ်ဆုံး အပျိုတော်ခန်းသို့ ခေါ်သွားလေ၏။ ၎င်းအခန်းမှာ ခင်နှင်းကြည်၏ အခန်းဖြစ်ပင် ဖြစ်ချေသည်။

ကျွန်ုပ်သည် ထိုအခန်းတွင်းသို့ ရောက်သောအခါတွင် စောမွန်နစ်၏ အဆောင်မှ မီးရောင်တလက်လက်ရှိသည်ကို ထရံကြားအနီးသို့ ခေါ်သွားပြီးလျှင် ကျွန်ုပ်တို့သည် ချောင်းမြောင်းကြည့်ရှုကြလေ၏။ ဥတည်ဘွားနှင့် စောမွန်နစ်တို့သည် မှိအုံးကြီးများပေါ်တွင် ယှဉ်တွဲကာ အတူထိုင်၍ ဥတည်ဘွားသည် စောမွန်နစ်၏လက်ကို ယုယစွာကိုင်တွယ်လျက် အဖျားသွယ်၍ ဖြူစင်နုဖတ်သော လက်ချောင်းကလေးများကို မီးရောင်၌ ထောင်ကာကြည့်နေလေ၏။ လက်ချောင်းတို့မှာ အရိုးအဆစ်တို့၏ ပြေပြစ်ခြင်းရှိသည့်အတွက်ကြောင့် အကြားမရှိဘဲ တစ်ပြင်တည်း ပိတ်လျက်ရှိနေသည်ကို မြင်ရသဖြင့် ဥတည်ဘွားသည် ချီးမွမ်းနှစ်သက်သောလက္ခဏာနှင့် လက်ကိုနမ်းရှုပ်လေ၏။

စောမွန်နစ်သည် ရှက်ဟန်ပြု၍ လက်ကိုရုပ်သိမ်းပြီးလျှင် ဥတည်ဘွား၏ပါးကိုလိမ်လေ၏။ ဥတည်ဘွားသည် မိမိအား လိမ်သောလက်ကို ဖမ်း၍ ဆုပ်ကိုင်ထား၏။

စောမွန်နစ်က ရုန်းဖယ်ရာတွင် ဥတည်ဘွားက မလွှတ်ဘဲ ထား၏။

စောမွန်နစ်သည် အားထုတ်၍ ရုန်းသောအခါတွင် မျက်နှာချင်း ထိလုမတတ် ဖြစ်နေ၏။ ထပ်မံ၍ ရုန်းပြန်သောအခါတွင် ပါးချင်းထိမိ၏။ ဥတည်ဘွား

mgyoe.com

mgyoe.com


သည် မိမိ၏ ပါးနေရာတွင် နှာခေါင်းကိုလှည့်၍ ထားလိုက်သဖြင့် နှာခေါင်းသည် ပါးနှင့် ထိမိပြန်၏။ ထိုအခါ ဥတည်ဘွားက အသက်ကို ပြင်းစွာရှူလိုက်၏။

စောမွန်နှစ်က အခြားသော လက်တစ်ဖက်နှင့် ဥတည်ဘွား၏ ဦးခေါင်းကို တွန်းဖယ်၏။ ဥတည်ဘွားသည် လက်နှစ်ဖက်လုံးကို ကိုင်ဆွဲ၍ မိမိ၏ ပခုံးပေါ်သို့ တင်လိုက်၏။ စောမွန်နှစ်က ရှုံ့ကြောက်ဟန်နှင့် နောက်သို့ဆုတ်ခွာရာတွင် ဥတည် ဘွားသည် အတင်းပွေ့ဖက်၍ ထား၏။ ၎င်းနောက် ဥတည်ဘွားသည် အနီး၌ရှိ သော ပျားဖယောင်းတိုင်များကို ငြိမ်းလိုက်လေ၏။

ကျွန်ုပ်သည် အပျိုတော်ဆောင်မှ ခြေသံမကြားအောင် ထွက်လာရာ ခင်နှင်း ကြည်လည်း နောက်မှလိုက်ပါလာခဲ့၏။ ကျွန်ုပ်သည် ကျွန်ုပ်၏ တဲရှိရာသို့ မသွား ဘဲ တဲများနှင့် အတော်အတန် ဝေးကွာသောနေရာသို့ ထွက်သွားလေရာ ခင်နှင်း ကြည်သည် နောက်မှလိုက်ပါလာခဲ့လေ၏။

ကျွန်ုပ်တို့သည် တစ်ခုသော သစ်ပင်၏ မှောင်ရိပ်တွင် ထိုင်ကြ၍ ခင်နှင်းကြည် က ကျွန်ုပ်အား သစ္စာမရှိသော မိန်းမတစ်ယောက်ကို စုံမက်ချစ်ခင်၍ အကျိုးမရှိ ကြောင်း၊ မြန်မာမင်းဆက် ထူထောင်ရန် လျှို့ဝှက်၍ ထားသော ပစ္စည်းများကို စောမွန်နှစ်အား ပေးလိုက်ခြင်းကိုလည်း မိမိသိကြောင်း၊ စောမွန်နှစ်သည် ကျွန်ုပ် အား ကြင်ရာတော်အရာဖြင့် ထီးနန်းကို အတူတွဲဖက်၍ အုပ်ချုပ်စိုးစံမည်ဟု သစ္စာ ပြုပြီးသည့်နောက်မှ သစ္စာကို မစောင့်ထိန်းသည့်ပြင် အသက်ကိုပင် သတ်ရန် ကြံစည်ခဲ့ခြင်းမှာ လွန်စွာ ဆိုးယုတ်မိုက်မဲကြောင်း၊ သို့ဖြစ်၍ ဤမျှလောက် ယုတ်မာ သော မိန်းမတစ်ယောက်ကို လက်စားချေဖို့သာလျှင် သင့်တော်ကြောင်း။ အကယ်၍ စောမွန်နှစ်အား ထိုက်တန်သောအပြစ်ဖြင့် စီရင်ခြင်းအားဖြင့် လက်စားချေမည် ဖြစ်ခဲ့ပါလျှင် တစ်ဦးတစ်ယောက်တည်း ကြံစည်ရခြင်းထက် နှစ်ယောက်တွဲဖက်၍ ကြံစည်ရခြင်းက အထမြောက်နိုင်ဖို့ နည်းလမ်းရှိကြောင်း။

စောမွန်နှစ်မှာ သာမညမိန်းမတစ်ယောက် မဟုတ်ဘဲ တိုင်းပြည်ကို အုပ်ချုပ် စိုးစံရသော ဘုရင်မဖြစ်သောကြောင့် မိမိကဲ့သို့ လူယုံတစ်ယောက်နှင့် တွဲဖက် ကြံစည်မှသာလျှင် လက်စားချေရန် အကြံသည် ထမြောက်နိုင်ဖို့ရှိကြောင်း။ သို့ဖြစ် ၍ ကျွန်ုပ်သည် ခင်နှင်းကြည်၏ မေတ္တာကို တုံ့ပြန်လျက် လက်ထပ်ထိမ်းမြားခြင်း ပြုခဲ့ပါလျှင် စောမွန်နှစ်၏ နန်းတော်တွင်း၌ အတူနေထိုင်လျက် လက်စားချေဖို့ ဖြစ်စေ၊ သို့တည်းမဟုတ် တစ်နယ်တစ်ကျေးသို့ ထွက်ပြေးတိမ်းရှောင်ကြသည် ဖြစ်စေ၊ ကျွန်ုပ် သဘောရှိသည့်အတိုင်း လိုက်ရန် အဆင်သင့်ရှိကြောင်းနှင့် ပြောပြ လေ၏။

mgyoe.com

mgyoe.com


ကျွန်ုပ်မှာ စောမွန်နှစ်အပေါ်၌ ယခင်က ချစ်ခင်စုံမက်ခဲ့ဖူးသော မေတ္တာစိတ်သည် မုန်းထားစက်ဆုပ်ခြင်းအဖြစ်သို့ ပြောင်းလဲခဲ့ပြီ ဖြစ်သော်လည်း ခင်နှင်းကြည်နှင့် ထိမ်းမြားလက်ထပ်ရန်မှာမူကား စိတ်ကူး၍ မရနိုင်ချေ။ အမှန်ကိုပြောရမည်ဆိုသော် ကျွန်ုပ်စိတ်ထဲ၌ မိန်းမနှင့် ပတ်သက်၍ လုံးလုံးကြီး စိတ်ကုန်ခန်းလျက်လက်စားချေဖို့ စိတ်သာလျှင် အကြိတ်အခဲကြီးစွာနှင့် ရှိနေခဲ့လေ၏။ သို့ဖြစ်၍ကျွန်ုပ်သည် ခင်နှင်းကြည်အား ကျွန်ုပ်၏စိတ်ထဲ၌ ရှိသမျှကို ဖွင့်ဟ၍ပြောပြီးလျှင် ယနေ့ညပင် ဤစခန်းမှ ထွက်ပြေးတိမ်းရှောင်တော့မည် အကြောင်းနှင့် ပြောပြလေ၏။

ခင်နှင်းကြည်မှာ မိန်းမတို့၏ အရက်ကို မငဲ့ကွက်ဘဲလျက် နှစ်ကြိမ်တိုင်တိုင် ကျွန်ုပ်အား ချစ်ခင်စုံမက်ကြောင်းကို ဖွင့်ဟ၍ ပြောပါလျက် ကျွန်ုပ်က နှစ်ကြိမ်တိုင်တိုင် ငြင်းဆန်ခြင်းပြုခဲ့ရာတွင် ကျွန်ုပ်အပေါ်၌ လက်လျှော့ပြီဖြစ်၍ လွန်ခဲ့သောအဖြစ်အပျက်များကို ဟုတ်တိုင်းမှန်ရာ ဖွင့်ဟပြောပြလေ၏။

ထိုအဖြစ်အပျက်မူကား ကျွန်ုပ်သည် ဘုရင်မစောမွန်နှစ်အား ဓားနှင့်ထိုး၍ သတ်အံ့ဟု ဘုရင်မ၏ အဆောင်တော်သို့ ဝင်သွားသောည၌ သစ္စာဖောက်ကာဖြင့်ကျွန်ုပ်တို့၏အကြံအစည်ကို ဘုရင်မအားပြောပြသူမှာ အခြားမဟုတ်၊ ခင်နှင်းကြည်ပင်လျှင် ဖြစ်ကြောင်း၊ ခင်နှင်းကြည်က မိမိ၏မေတ္တာကို ဖွင့်ဟ၍ ပြောပြီးနောက်ကျွန်ုပ်က ငြင်းဆန်သောအခါတွင် မစားရသည့်အမဲကို သဲနှင့်ပက်မည်ဟု သဘောထား၍ ကျွန်ုပ်၏ အကြံအစည်အားလုံးကို ဘုရင်မအား ဖွင့်ဟပြောဆိုခဲ့ကြောင်း။ သို့ရာတွင် ထိုကိစ္စ၌ မိမိအလျဉ်းမပါဝင်သည့်ဟန်နှင့် လျှို့ဝှက်သောစာများကိုတွေ့ရှိကြောင်းနှင့် ပြောပြကြောင်း၊ ထို့ကြောင့်သာလျှင် ဘုရင်မသည် မိမိအားယုံကြည်မြဲတိုင်း ဆက်လက်၍ ယုံကြည်ခဲ့ကြောင်း။

ထို့ပြင်လည်း လျှို့ဝှက်ထားသော ဘဏ္ဍာများကို ဖော်ယူ၍ပြလာသောအခါတွင် ဘုရင်မသည် မိမိအား အဖြစ်အပျက်အလုံးစုံကို ပြောပြ၍ ကျွန်ုပ်ကို လက်ထပ်ထိမ်းမြားပြီးလျှင် ကြင်ယာတော်အဖြစ်နှင့် ထီးနန်းစည်းစိမ်ကို အတူတကွ တွဲဖက်စံစားကြမည်ဟူ၍ ပြောပြကြောင်း၊ ထိုအခါ မိမိက မနာလိုဝန်တိုသော စိတ်ရှိသည်အတွက်ကြောင့် ထိုကဲ့သို့ ပြုခဲ့ပါလျှင် သင့်တော်မည် မဟုတ်ကြောင်း၊ ကျွန်ုပ်ကဲ့သို့ သာမညလူတစ်ယောက်ကို ထိမ်းမြားခြင်းထက် တရုတ်ဘုရင် ဥတည်ဘွားကို ဖြားယောင်းသွေးဆောင်ရခြင်းသည် သာလွန်မြင့်မြတ်ကြီးကျယ်ဖို့ နည်းလမ်းရှိကြောင်းနှင့် အကြံပေးခဲ့ကြောင်း။

ဘုရင်မမှာ ယောကျ်ားမြင်တိုင်း မစုံမက် မချစ်ခင်ဘဲ မနေနိုင်လောက်အောင်ချောမောလှပခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ ဥတည်ဘွားနှင့် တွေ့ဆုံခွင့်ရအောင် စီမံ

mgyoe.com

mgyoe.com


ခဲ့ပါလျှင် ဥတည်ဘွားသည် ဧကန်မုချလိုချင် တပ်မက်ခြင်းရှိမည် ဖြစ်ကြောင်း၊ ဥတည်ဘွားနှင့် တွေ့ဆုံရန်မှာလည်း ခဲယဉ်းသည်မဟုတ်ကြောင်း၊ ထိုအခါ ရောက်ရှိနေသော တရုတ်သံအမတ်များအား ဥတည်ဘွားနှင့် မဟာမိတ်ဖွဲ့လိုကြောင်းဖြင့် ပြော၍ လက်ဆောင်ပဏ္ဏာများ ပေးကမ်းစေလွှတ်လိုက်ပါလျှင် ဥတည်ဘွားသည် ဘုရင်မ၏ ရုပ်ဆင်းသဏ္ဌာန်ကို သံအမတ်များထံမှ သတင်း ကြားရသဖြင့် ဧကန်မုချ လာရောက်မည် ဖြစ်ကြောင်းနှင့် ဘုရင်မအား မိမိက အကြံပေးခဲ့ကြောင်း။

ဘုရင်မသည် လျှို့ဝှက်ထားသော ဘဏ္ဍာများအနက်မှ ပတ္တမြားကျောက် ၄ လုံးနှင့် မြ ၄ လုံးတို့ကို ဥတည်ဘွားအား ဆက်သရန် ပေးအပ်လိုက်ကြောင်း၊ ဥတည်ဘွားသည် ရတနာများ၏ အဖိုးထိုက်တန်ခြင်းကို မြင်ရ၍ ဘုရင်မ၏ ရုပ်ဆင်းသဏ္ဌာန်ကို သတင်းကြားရာတွင် မိမိ၏ တွက်ကိန်းအတိုင်း လာရောက်ခဲ့ရာ ယခုစုံမက်မိကြခြင်းမှာ မိမိ၏ တွက်ကိန်းအတိုင်းပင် ဖြစ်ကြောင်း၊ အစစအရာရာ၌ အမြော်အမြင်ရှိသော မိန်းမတစ်ဦးတစ်ယောက်ကို ငြင်းပယ်ခဲ့ခြင်းမှာ ကျွန်ုပ်၏ ကံဇာတာ ညံ့ဖျင်းသောကြောင့် ဖြစ်သည်ဟု ဆိုရမည် ဖြစ်ကြောင်း။

မိမိမှာမူ မစားရသော အမဲကို သဲနှင့်ပက်မိသည် မှန်သော်လည်း ထိုသို့ပြုမိခြင်းမှာ ကျွန်ုပ်အပေါ်၌ စုံမက်ချစ်ခင်ခဲ့သော မေတ္တာစိတ်သည် ကြီးမားထက်သန်လှသောကြောင့်မျှသာ ဖြစ်ကြောင်း၊ သို့ရာတွင် ဤကဲ့သို့ ဟုတ်တိုင်းမှန်ရာကို ဖွင့်ဟပြောဆိုပြီးနောက် မိမိအပေါ်၌ လက်စားချေသည် ဖြစ်ခဲ့ပါလျှင် မိမိသည် လောကကြီး၌ နေထိုင်ရခြင်းကို ငြီးငွေ့လှပြီ ဖြစ်သောကြောင့် ယခုချက်ချင်းပင်သေရန်အဆင်သင့်ရှိကြောင်းနှင့် ပြောလေ၏။

ကျွန်ုပ်သည် ခင်နှင်းကြည်၏ စကားများကို ကြားရသောအခါတွင် ခင်နှင်းကြည်အကြောင်းနှင့် ပတ်သက်၍ ဦးထွန်းကျော် သတိပေးဖူးသော စကားများကို သတိရပြီးလျှင် စင်စစ်ကြောက်မက်ဖွယ်ကောင်းသော မိန်းမတစ်ယောက် ဖြစ်ချေသည် တကားဟု စဉ်းစားမိ၏။

ကျွန်ုပ်သည် စောမွန်နှစ်ကို သတ်၍ ထီးနန်းကို မသိမ်းပိုက်ခြင်းနိုင်မှာ ခင်နှင်းကြည်၏ သစ္စာဖောက်ခြင်းကြောင့် ဖြစ်၍ ဘဏ္ဍာများကို ဖော်ယူလာပြီးနောက် စောမွန်နှစ်နှင့် လက်မထပ်ရခြင်းမှာလည်း ခင်နှင်းကြည်၏ နှောင့်ယှက်ခြင်းကြောင့် ဖြစ်သည်ကို ယခုပင် သိရ၏။

ကျွန်ုပ်သည် စောမွန်နှစ်၏စိတ်သဘောကို သိရှိရပြီဖြစ်သောကြောင့် ဒုတိယဆုံးရှုံးခြင်းအတွက် ဝမ်းမနည်းဘဲ၊ ပထမဆုံးရှုံးခြင်းအတွက်သာလျှင် ဝမ်းနည်းမိချေတော့၏။

mgyoe.com

mgyoe.com

ကျွန်ုပ်သည် ခင်နှင်းကြည်၏ စကားများကို နားထောင်လျက်ရှိစဉ် စကားဆုံးသည်နှင့် တစ်ပြိုင်နက် ခင်နှင်းကြည်၏ လည်ပင်းကို သတ်ညှစ်အံ့ဟု အကြံဖြစ်ပေါ်ခဲ့၏။

သို့ရာတွင် သူ၏စကားအဆုံး၌ ထိုကဲ့သို့ ပြုရခြင်းမှာ ကျွန်ုပ်အပေါ်၌ ချစ်ခင်သော စိတ်အားကြီးလှသောကြောင့် ဖြစ်သည်ဟု ဝန်ခံရာတွင် သတ်လိုသောစိတ်သည် ပျောက်ကွယ်သွားချေ၏။

သို့ဖြစ်သောကြောင့် ကျွန်ုပ်က မိမိကိုယ်တိုင်မှာ ကံဇာတာ မကောင်းသောကြောင့် အကြံအစည်များ ဆုံးရှုံးပျက်ပြားခဲ့ရသဖြင့် မိမိကဲ့သို့ ကံဇာတာ မကောင်းသူတစ်ယောက်အပေါ်၌ အပြစ်ပေးစီရင်ရန် အလိုမရှိကြောင်း၊ သို့ရာတွင် မိမိသည် ဤအရပ်မှ ယခုထွက်သွားသော်လည်း လက်စားချေရန် အကြံကြီးရှိသေးသည် ဖြစ်၍ ပြုခဲ့မိသော အပြစ်များအတွက် နောင်တရခဲ့ပါလျှင် ကျွန်ုပ်၏ အကြံအစည် ထမြောက်စေရန် ကူညီဆောင်ရွက်ပါမည့် အကြောင်းနှင့် တောင်းခံပြောဆိုရာတွင် ခင်နှင်းကြည်က ထိုကိစ္စအတွက် စိတ်ချရန် မှာထားလိုက်လေ၏။

ငှင်းနောက် ကျွန်ုပ်တို့သည် တဲသို့ အသီးသီးပြန်လာကြ၍ ကျွန်ုပ်သည် ပစ္စည်းအနည်းငယ်မျှကို ယူငင်ပြီးလျှင် ငှင်းစခန်းမှ ညတွင်းချင်းပင် ထွက်ခွာခဲ့လေသတည်း။

⚓

mgyoe.com

mgyoe.com

## ရန်အောင်မင်္ဂလာ၏ လက်စားချေခြင်း

ကျွန်ုပ်သည် ဘုရင်မနှင့် ဥတည်ဘွားတို့ရှိရာ စခန်းမှ မြစ်ကြီးနားမြို့သို့ ခြေလျင်ရောက်လာခဲ့လေ၏။

ကျွန်ုပ်သည် တစ်ညဥ့်ပတ်လုံး ခရီးသွား၍ မိုးလင်းသည်နှင့် တစ်ပြိုင်နက် ပုန်းအောင်းရန် နေရာကို ရှာဖွေလေ၏။ အကြောင်းမူကား စောမွန်နစ်သည် ကျွန်ုပ် ထွက်ပြေးခြင်းကို သိသောအခါတွင် အကြံအစည် တစ်စုံတစ်ခု ရှိသည်ဟု ရိပ်မိမည်ဖြစ်၍ ကျွန်ုပ်ကို ရှာဖွေရန်အတွက် လူများစေလွှတ်ချေမည် ဖြစ်လေသောကြောင့် တည်း။ လမ်းခရီးမှာ တောင်ကမ်းပါးယံ၌ ဖောက်ထားသော လမ်းကလေးတစ်လျှောက် လျှောက်သွားရခြင်း ဖြစ်လေရာ ကျွန်ုပ်သည်လည်း လမ်း၏အထက်၌ ရှိသော တောင်ကမ်းပါးယံကို တက်၍ ကျောက်စွန်းတစ်ခုသို့ ရောက်သောအခါ တွင် အလျားမှောက်လျက် အိပ်နေလေ၏။

ထိုသို့ပြုခြင်းအားဖြင့် ကျွန်ုပ်သည် လမ်းကိုမြင်နိုင်သော်လည်း လမ်းပေါ်မှ လူသည် ကျွန်ုပ်ကို မမြင်နိုင်ချေ။

ထိုကဲ့သို့ ပုန်းအောင်းနေခြင်းမှာလည်း ကံကောင်းလှ၏။

အကြောင်းကိုဆိုသော် ဆွမ်းခံပြန်ချိန်ခန့်တွင် ကျွန်ုပ်သည် မြင်းခွာသံများ ကြား၍ လမ်းပေါ်သို့ ငုံ့ကြည့်လိုက်ရာတွင် မင်းမှုထမ်း ၄ ယောက်တို့သည် ဓားကိုယ်စီနှင့် မြင်းစိုင်း၍ သွားကြသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ ထိုသူတို့သည် ကျွန်ုပ်ကိုရှာဖွေရန် လိုက်လာသောသူများ ဖြစ်ကြောင်းမှာကား ယုံမှားဖွယ်ရာ မရှိချေ။ ထိုလူများသည် ကျွန်ုပ်နှင့် ၆ တောင်ခန့်မျှကွာသော လမ်းမှကပ်လျက် မြင်းများကို စိုင်းသွားကြလေ၏။

mgyoe.com

mgyoe.com


ကျွန်ုပ်ပုန်းအောင်းနေသော ကျောက်စွန်းမှာ တောင်၏အရှေ့ဘက်၌ တည်ရှိလေရကား ကျွန်ုပ်မှာ မွန်းမတည့်မီ အချိန်နေပူနေသော်လည်း မွန်းတိမ်းသောအခါတွင် အရိပ်ရသဖြင့် ကောင်းစွာအိပ်နိုင်ပေ၏။

ကျွန်ုပ်သည် ပွဲတော်ချက်၏ထံမှ ခိုးယူလာခဲ့သော စတုမဓုများကို စားပြီးနောက် တစ်နေ့လုံး အိပ်နေလေ၏။ အိပ်ရမှ နိုးသောအခါတွင် ဘူးတောင်းနှင့် ဆောင်ယူလာခဲ့သော ရေကိုသောက်၍ ခရီးသွားရန်အတွက် ပြင်ဆင်လေ၏။ အကြောင်းမူကား ထိုအချိန်သည် နေဝင်လုနီးခဲ့လေပြီ။

နေဝင်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် ကျောက်စွန်းမှ ဆင်းသက်၍ ခရီးဆက်လက် ထွက်လာခဲ့လေ၏။ စင်စစ်မှာ ကျွန်ုပ်သည် လက်စားချေဖို့ကိစ္စမှ တစ်ပါး လောကကြီး၌ အသက်ရှင်နေရခြင်းကို ငြီးငွေ့သဖြင့် သေရမည့်ဘေးကို မကြောက်လှသည့်အပြင် ဤကျဉ်းမြောင်းလှသော တောင်ကမ်းပါးယံ လမ်းကလေးပေါ်၌ လေးယောက်နှင့် တစ်ယောက်ပင် တွေ့ရသော်လည်း ခုခံနိုင်လိမ့်မည်ဟု ယုံကြည်ခဲ့၏။

မင်းမှုထမ်းများမှာ ဓားမှတစ်ပါး လေးမြား စသည့် လက်နက်တို့မပါသည် ဖြစ်သောကြောင့် အနီးမှသာလျှင် တိုက်ခိုက်နိုင်မည်ဖြစ်ရာ ကျဉ်းမြောင်းလှသော တောင်စောင်း၌ ဝိုင်းဝန်းရန်မတက်နိုင်သဖြင့် ကျွန်ုပ်သည် ရန်သူလေးယောက်ကို များစွာပမာဏမပြုဘဲ ထွက်လာခဲ့၏။

တစ်ညလုံးခရီးသွားခဲ့ရ၍ မိုးလင်းသည်နှင့်တစ်ပြိုင်နက် ရှေးနည်းအတူ ချောင်ကောင်းသော နေရာကိုရှာ၍အိပ်ပြန်လေ၏။ စတုမဓုတည်းဟူသော အာဟာရသည် အလွန်အဆာခံ၍ ဝန်ကျဉ်းသောကြောင့် ခရီးသည်များအတွက် အလွန်အသုံးဝင်ချေ၏။ ကျွန်ုပ်သည် ရေဘူးမှ ရေကုန်သောအခါတွင် လမ်း၌တွေ့သော စမ်းချောင်းများမှ ရေထည့်၍ စတုမဓုမှာမူ ခုံညင်းခန့်မျှ စားရလျှင် လုံလောက်ခဲ့၏။

၄ ညခရီးမျှသွားပြီးနောက် ကျွန်ုပ်သည် နေ့အချိန်၌ ရှေးနည်းအတိုင်း ချောင်ကောင်းတစ်ခုတွင် အိပ်နေစဉ် မင်းမှုထမ်းလေးယောက်တို့သည် မြင်းများနှင့် ပြန်သွားကြသည်ကို ကျွန်ုပ်တွေ့မြင်လိုက်ရ၏။ ၎င်းတို့က ကျွန်ုပ်နှင့် တွေ့သဖြင့် တောင်စောင်းတွင် သတ်ဖြတ်ထိုးချခဲ့သည်ဟူ၍ စောမွန်နစ်အား ပြောကြားကြသည်ဟု နောင်အခါ၌ ကျွန်ုပ်ကြားသိရလေ၏။

ကျွန်ုပ်သည် မြစ်ကြီးနားမြို့သို့ ဆိုက်ရောက်သောအခါ၌ သန်းခေါင်းအချိန်ခန့်ရှိပြီဖြစ်ရာ မြို့တွင်းသို့မဝင်ဘဲ မြစ်ဆိပ်သို့ တောက်လျှောက် လျှောက်လာခဲ့

mgyoe.com

mgyoe.com


လေ၏။ မြစ်ကမ်းတစ်လျှောက် ရှာဖွေသောအခါတွင် တံငါလှေကလေးတစ်စင်း ချည်ထားသည်ကို တွေ့ရ၍ ကျွန်ုပ်သည် လှေပေါ်သို့ တက်ပြီးလျှင် ချည်ထားသော ကြိုးကိုဖြုတ်ပြီးနောက် မြစ်မှစုန်ဆင်းလာခဲ့လေ၏။

ကျွန်ုပ်သည် လမ်းခရီး၌ ကြုံတွေ့ရသော ဒုက္ခများကို စုံလင်စွာ ဖော်ပြရသော် ရှည်လျားလွန်းမည်ကို စိုးရိမ်ရသဖြင့် ချန်လှပ်ခဲ့ချေမည် ဖြစ်၏။

၁၅ ရက်ခန့်မျှ နားနားနေနေနှင့် စုန်ဆင်းခဲ့၍ ကသာမြို့သို့ ဆိုက်ရောက်သောအခါတွင် ကျွန်ုပ်သည် ဤအရပ်၌ပင် စခန်းချတော့မည်ဟု ဆုံးဖြတ်ထားသည့်အတိုင်း ခြေရာပျောက်စေရန် လှေငယ်ကို ထိုးမျှောပြီးနောက် ကမ်းပေါ်သို့ တက်လာခဲ့လေ၏။

ကျွန်ုပ်သည် ရသေ့အဝတ်သို့ လဲလှယ်ပြီးနောက် တောအရပ်၌ မှီခိုနေထိုင်ခဲ့ရာ ၅ နှစ်ခန့်မျှ အချိန်ကုန်လွန်ခဲ့လေ၏။ ထိုအတောအတွင်း၌ ကျွန်ုပ်မှာ ကျားသစ်ကုပ်သော ဒဏ်ရာကြောင့် မျက်နှာ၌ အမာရွတ်များ ဖုံးအုပ်လျက် ခြေတစ်ဖက်မှာလည်း သစ်တုံးပိမိသောကြောင့် ခြေသလုံးရိုး ကျိုးသွားခဲ့၏။

တစ်နေ့သ၌ ကျွန်ုပ်သည် ကြည်လင်သော ရေအိုင်တစ်ခု၌ ကျွန်ုပ်၏အရိပ်ကို မြင်မိရာတွင် အံ့အားသင့်လျက် ရှိနေမိ၏။ ပါးတစ်ဖက်၌ ကျားသစ်ကုတ်ထားသော ဒဏ်ရာမှာ အနာပျောက်၍ သွားသော်လည်း အမာရွတ်ဖြစ်သောအခါတွင် အသားတို့သည် တစ်ဖက်သတ်ရှန်း၍ ပါသွားလေရကား မျက်နှာသည် ရွဲ့သကဲ့သို့ ဖြစ်နေပြီးလျှင် အထက်နှုတ်ခမ်းသည်လည်း အပေါ်သို့ပင့်ကြွ၍ ပါသွားသည်ဖြစ်သောကြောင့် အထက်သွား တစ်တန်းလုံးသည် ငေါ်ငေါ်ကြီး ပေါ်ထွက်လျက် အစဉ်မပြတ် သွားဖြီး၍ နေဘိသကဲ့သို့ ရှိနေ၏။

မျက်လုံးတစ်ဖက်မှ အောက်နှုတ်ခမ်း တစ်ဖက်သည်လည်း အောက်သို့လှန်၍ ဆင်းသွားရာ မျက်လုံးတစ်ဖက်မှာ အစဉ်မပြတ် ပြူလျက်ရှိနေလေ၏။ ထိုအချင်းအရာကို တွေ့သောအခါ ကျွန်ုပ်မှာ အကြံတစ်ခု ဖြစ်ပေါ်လာခဲ့၏။

အလုံးအရပ် ထောင်ထောင်မောင်းမောင်းနှင့် ကြော့ကြော့စွင့်စွင့် ရှိသော ကိုယ်ဟန်ရှိလျက် ကျက်သရေရှိကြောင်းနှင့် လူတိုင်းက ဝန်ခံကြရသည့် အဆင်းသဏ္ဍာန်လည်းရှိသော ရန်အောင်မင်္ဂလာသည် ကြုံလှီပိန်ချုံး ခါးကုန်းသော ကိုယ်ကာယနှင့် ခြေထော့နဲ့လမ်းလျှောက်လျက် မျက်နှာပြဲပြဲ ရှိနေသော ဤရသေ့ပင် ဖြစ်သည်ဟု မည်သူမျှ တွေးတောနိုင်ကြမည် မဟုတ်။

သို့ဖြစ်၍ မူလကြံရွယ်ရင်းရှိခဲ့သည့် လက်စားချေရန်ကိစ္စအတွက် တကောင်းမြို့သို့ စုန်ဆင်းခဲ့သော် ကောင်းလေစွဟု အကြံဖြစ်ခဲ့၏။

mgyoe.com

mgyoe.com



သို့ဖြစ်၍ ကျွန်ုပ်သည် များမကြာမီအတွင်းတွင် လေ့ကြုံတစ်စင်းနှင့် တကောင်းမြို့သို့ လိုက်ပါလာခဲ့လေ၏။

လွန်ခဲ့သော ၅ နှစ်အတွင်း၌ စောမွန်နှစ်အဖြစ်အပျက် အခြေအနေကို ဖော်ပြရချေအံ့။ တရုတ်ဘုရင် ဥတည်ဘွားသည် စောမွန်နှစ်အား ချစ်မြတ်နိုးခြင်း ရှိသည်အလျောက် မိဖုရားအရာ၌ တင်မြှောက်၍ တစ်ပြည်နှင့် တစ်ပြည် ရွှေလမ်းငွေလမ်းဖောက်ရန် အကြံအစည်ရှိခဲ့သည် မှန်၏။ သို့ရာတွင် ဥတည်ဘွားသည် စောမွန်နှစ်နှင့်အတူ ရက်သတ္တတစ်ပတ်မျှ နေထိုင်မိကြလျှင်ပင် စောမွန်နှစ်၏ ခက်ထန် တင်းမာသော စိတ်သဘောကို ရိပ်မိသဖြင့် ရွံ့ကြောက်ခြင်းရှိသည် တစ်ကြောင်း၊ တရုတ်ပညာရှိ အမတ်ကြီးများကလည်း ဘုရင်မင်းမြတ်တို့ မည်သည်မှာ နိုင်ငံခြားသူတစ်ဦးတစ်ယောက်နှင့် ထိမ်းမြားလက်ထပ်ခြင်း ပြုခဲ့ပါလျှင် ထီးနန်းမွေကို ခံစံရမည့်သားတော်သည် ကပြားဘန်တပ်တစ်ယောက် ဖြစ်သောကြောင့် တိုင်းသူပြည်သားတို့က ကြည်ညိုရိုသေသင့်သလောက် မကြည်ညို မရိုသေ ရှိနေကြမည်ကို စိုးရိမ်ဖွယ်ရှိသဖြင့် နောင်ကာလ ရှည်လျားစွာ တိုင်းပြည်၌ မငြိမ်မသက် ရှိနေမည့်အရေးကို မျှော်တွေးဆင်ခြင်ဖို့သင့်ကြောင်းနှင့် တင်လျှောက်ကြသည် တစ်ကြောင်းကြောင့် ဥတည်ဘွားသည် ဥပါယ်တံမျဉ်ဖြင့် စောမွန်နှစ်အား လှည့်ဖြားပြောဆိုပြီးလျှင် မိမိ၏ တိုင်းပြည်သို့ ပြန်သွားခဲ့လေ၏။

စောမွန်နှစ်မှာမူ သူတစ်ပါးအား မိမိကိုယ်တိုင်လှည့်ဖြား ပြောဆိုဖန်များခဲ့ပြီဖြစ်သော်လည်း မိမိအားလှည့်ဖြား၍ ပြောသောစကားကိုမူ ဟုတ်နိုးနိုးထင်မှတ်သဖြင့် လက်ဆောင်ပဏ္ဏာများနှင့် တရုတ်ကြီးသို့ သံတမန် မကြာခဏ စေလွှတ်ခဲ့လေ၏။

ဥတည်ဘွားသည် လက်ဆောင်များကို လက်ခံသိမ်းပိုက်၍ ထိုက်သည့်အားလျော်စွာ လက်ဆောင်များကို ပြန်လေ့ရှိသော်လည်း လူကိုယ်တိုင် တွေ့ဆုံဖို့ကိုမူ ရှောင်တိမ်းဖယ်လွှဲသည်သာလျှင် ဖြစ်ခဲ့၏။

သို့ဖြစ်၍ တစ်နှစ်၊ နှောင်တစ်နှစ် အချိန်ကာလကျွမ်း၍ လာခဲ့သော်လည်း စောမွန်နှစ်မှာ ဥတည်ဘွားအပေါ်၌ တပ်မက်ခြင်း မကုန်သေးဘဲ မွန်ဘုရင်တစ်ပါးက စေ့စပ်ပြောဆိုခြင်းကိုပင် ငြင်းပယ်ခဲ့လေ၏။

ထိုအတောအတွင်း၌ တိုင်းနိုင်ငံရေးသည်လည်း သာယာလှပသည်မဟုတ်။ ကြာညပ်မြို့၌ သူပုန်များထကြွသဖြင့် ၎င်းတို့ရန်ကို နှိမ်နင်းရန် စေလွှတ်လိုက်သော စစ်ဗိုလ်မှူးတစ်ယောက်သည် သူပုန်များနှင့် ပူးပေါင်း၍ အခွန်တော်များကို မြို့တော်သို့ မပို့ဘဲ မိမိတို့သဘောအရ ကောက်ခံလျက် ရှိနေခဲ့လေ၏။

mgyoe.com

mgyoe.com


မြို့တော်အတွင်း၌လည်း စောမွန်နစ်၏ မောင်တစ်ဝမ်းကွဲ ရှမ်းတစ်ယောက်သည် အမတ်ကြီးတစ်ယောက်နှင့် ပူးပေါင်း၍ စောမွန်နစ်၏ ထီးနန်းကို လုပ်ကြံခဲ့ရာ သစ္စာဖောက်သော သူတစ်ယောက်ကြောင့်သာလျှင် စောမွန်နစ်မှာ အသက်ချမ်းသာရာရခဲ့လေ၏။ သို့ဖြစ်၍ စောမွန်နစ်မှာ လင်ရေး သားရေး၌လည်း မညီညွတ်၊ တိုင်းနိုင်ငံရေး၌လည်း အဝေးအနီးမှ ဆူပူလျက် ရှိနေကြ၏။

ကျွန်ုပ်သည် တကောင်းမြို့သို့ ဆိုက်ရောက်သောအခါတွင် ကျွန်ုပ်၏ ထူးခြားသော ရုပ်အဆင်းကို လူအများ တွေ့မြင်ရပါလျှင် တစ်ယောက်ကစ်ခွန်း ပြောကြခြင်းအားဖြင့် လူသိသူသိ ဖြစ်သွားမည်ကို စိုးရိမ်သည်နှင့် တောအရပ်သို့ မှိန်ိုကပ်ဝင်ခဲ့လေ၏။

တစ်နေ့သ၌ ကျွန်ုပ်သည် ထင်းခုတ်သမား တစ်ယောက်အား ရှေးအခါက လျှို့ဝှက်၍ထားခဲ့သော နီလာတစ်လုံးကို ပေးပြီးလျှင် အပျိုတော် ခင်နှင်းကြည်ထံသို့ စာတစ်စောင်ကို ပေးစေ၏။ ထိုသူသည် အလွန်ခဲယဉ်းစွာနှင့် ၎င်းစာကို ရောက်အောင် ပေးသည်တွင် ခင်နှင်းကြည်သည် ကျွန်ုပ်ထံ လာရောက်လေ၏။ ခင်နှင်းကြည်သည် ကျွန်ုပ်ကိုမြင်သောအခါ၌ မိမိမှာ ရန်အောင်မင်္ဂလာက စေလွှတ်ခေါ်ငင်သည့်အတွက် လာရခြင်းဖြစ်သဖြင့် ရန်အောင်မင်္ဂလာသည် မည်သည့်အရပ်၌ ရှိပါသနည်းဟု မေး၏။ အကြောင်းမူကား ခင်နှင်းကြည်သည် ကျွန်ုပ်ကို မမှတ်မိချေသောကြောင့်တည်း။

ကျွန်ုပ်သည် အဖြစ်အပျက်ကို ပြောပြရာတွင် ခင်နှင်းကြည်သည် ကြီးစွာ အံ့သြခြင်းဖြင့် ကျွန်ုပ်အား ကြည့်လျက်ရှိ၏။

သို့ရာတွင် ကျွန်ုပ်သည် ဟုတ်မှန်သည့်အတိုင်း ပြောခြင်းဖြစ်ကြောင်းကိုမူ ချက်ချင်းယုံကြည်၏။ ခင်နှင်းကြည်သည် ကျွန်ုပ်၏ ကြံ့လိုဖျော့တော့ကာ အမာရွတ်အပြည့်ရှိသော မျက်နှာကိုကြည့်၍ မျက်ရည်အသွယ်သွယ် ယိုစီးလျက် ကျွန်ုပ်တို့မှာ ၅ နှစ်ခန့်မျှသာ ကွဲကွာခဲ့ခြင်းဖြစ်သော်လည်း ကျွန်ုပ်၏ ရုပ်အဆင်းမှာ နှစ်ပေါင်း ၅၀ မက ရွတ်တွယိုယွင်း၍ အိုမင်းစွာရှိနေသည့်ပြင် မျက်နှာ၌လည်း မရှုဝံ့ မမြင်ဝံ့အောင် ရုပ်ဆင်းသဏ္ဌာန် ပျက်စီးခြင်းကြောင့်၊ မိမိမှာမူ ယခုနေ့ရက်တိုင် လွတ်လပ်စွာ ရှိနေသည် ဖြစ်သောကြောင့်၊ အကယ်၍ ကျွန်ုပ်၏ စိတ်ထဲ၌ ပြောင်းလဲခြင်း မရှိခဲ့ပါမူ အလုပ်အကျွေးအဖြစ်နှင့် ပြုစုစောင့်ရှောက်ရန် အဆင်သင့်ရှိနေပါကြောင်းနှင့် ပြောဆိုလေ၏။

ဤမိန်းမ၏ မေတ္တာသည်ကား စင်စစ် ခိုင်မြဲသော မေတ္တာပေတည်း။

mgyoe.com

mgyoe.com


ခင်နှင်းကြည်မှာ အသက် ၂၅ နှစ်မျှသာ ရှိသေးသည်ဖြစ်၍ ၄င်း၏ ရုပ်အဆင်းမှာလည်း ရှေးကနှင့် များစွာခြားနားခြင်း မရှိဘဲ၊ လှပတင့်တယ်စွာပင် ရှိနေခဲ့ချေလေ၏။

ကျွန်ုပ်မှာ ထိုမိန်းမအတွက်ကြောင့် ကြီးကျယ်စွာ နစ်နာခြင်းခံခဲ့ရဖူးသည် မှန်သော်လည်း ထိုစကားကို ကြားရသောအခါ၌ ၄င်းအပေါ်တွင် ရန်ငြိုးဖွဲ့ခြင်း တည်းဟူသော စိတ်သည်အလျဉ်းပပျောက်ခဲ့ချေပြီ။ သို့ရာတွင် ၄င်း၏ စကားအတိုင်း ပြုရန်မှုကား မဖြစ်နိုင်ချေ။ ကျွန်ုပ်မှာ ဖော်ပြခဲ့ပြီးသည့်အတိုင်း စောမွန်နစ်၏ လှည့်စားခြင်း ခံခဲ့ရသည့်အချိန်မှစ၍ မိန်းမဟူသမျှ၌ တပ်မက်စွဲလမ်းသောစိတ်သည် အကြွင်းမဲ့ ကုန်ခန်းခဲ့ချေပြီ။

ယင်းသို့ဖြစ်ရကား ကျွန်ုပ်သည် ကျွန်ုပ်၏ စိတ်သဘောကို ဖွင့်ဟ၍ ပြောပြီးနောက် စောမွန်နစ်အပေါ်၌ လက်စားချေခြင်းတည်း ဟူသော ကိစ္စဖြင့်သာလျှင် လာခဲ့ခြင်းဖြစ်၍။ ထိုကိစ္စ၌ ခင်နှင်းကြည်က ရှေးကတိအတိုင်း ကူညီပါမည်လောဟု မေး၏။

ခင်နှင်းကြည်က စောမွန်နစ်သည် မိမိအပေါ်၌ကြင်နာချစ်ခင်ခြင်း၊ ယုံကြည်အားထားခြင်းရှိသည့်အလျောက် ချီးမြှင့်မြှောက်စားခဲ့သည်သာလျှင် ဖြစ်သော်လည်း မိမိချစ်ခင်သူကို လုယူသည့်အတွက်ကြောင့် မကျေချမ်းနိုင်သည်ဖြစ်၍ လက်စားချေဖို့ကိစ္စကို ကူညီပါမည် ဖြစ်ကြောင်းနှင့် ပြောပြလေ၏။ ဤသည်လည်း ခင်နှင်းကြည်၏ ထူးဆန်းသော စိတ်သဘော တစ်ရပ်ပေတည်း။

ကျွန်ုပ်တို့သည် လက်စားချေရန် နည်းလမ်းကို တိုင်ပင်ကြ၏။ ထိုနည်းလမ်းကို ခင်နှင်းကြည်ကပင် အကြံပေးရ၏။

ထိုအကြံမှာ စောမွန်နစ်သည် အစစအရာရာ၌ စိတ်ညစ်ညူးဖွယ်ရာများနှင့် တွေ့ကြုံနေရသည်ဖြစ်၍ မကောင်းသောဘေး မကောင်းသောရန်များ ပပျောက်စေရန်အတွက် ဆရာကောင်း သမားကောင်းများနှင့် ယတြာချေရမည်ဟူ၍ ခင်နှင်းကြည်က စောမွန်နစ်အား ပြောပြမည်ဖြစ်ကြောင်း။ မည်သည့် ဆရာကောင်းများ သတင်းကြားရပါသနည်းဟူ၍ မေးမြန်းသောအခါတွင် ဤအတတ်မျိုး၌ တတ်ကျွမ်းလိမ္မာသော ရသေ့ကြီးတစ်ပါးရှိသည်ဟု မိမိကပြော၍ ကျွန်ုပ်ကို နန်းတော်တွင်းသို့ ခေါ်သွင်းမည်ဖြစ်ကြောင်း ရှေ့အဖို့၌ ဉာဏ်ရှိသလို ဖန်တီးကြံစည်ကြမည် ဖြစ်ကြောင်းနှင့် ပြောဆိုလေ၏။

ကျွန်ုပ်သည် ထိုအကြံကို နှစ်သက်၍ ကျွန်ုပ်၏ဘွဲ့မှာ ဦးသာဂရ ဖြစ်ကြောင်းနှင့် ပြောဆိုမှာထားလိုက်လေ၏။

mgyoe.com

mgyoe.com


ငှင်းနောက် သုံးရက်ခန့်ကြာသောအခါတွင် ခင်နှင်းကြည်သည် ကျွန်ုပ်ထံသို့ လာရောက်၍ စောမွန်နစ်က ပင့်ခေါ်ရန် စေလွှတ်လိုက်ကြောင်းဖြင့် ပြောပြလေ၏။

ကျွန်ုပ်သည် ခင်နှင်းကြည်နှင့်အတူ လိုက်သွား၍ စောမွန်နစ်၏ အဆောင်တော်သို့ ရောက်သောအခါတွင် စောမွန်နစ်သည် သလွန်ပေါ်၌ ထိုင်လျက်ရှိရာမှ အောက်သို့ဆင်းသက်၍ ကျွန်ုပ်အား သလွန်ထက်တွင် ထိုင်စေ၏။ စောမွန်နစ်မှာ ရှေးယခင်ကကဲ့သို့ကင် လှပချောမောခြင်း၊ တင့်တယ်ခံ့ညားခြင်း ရှိသေးသည် မှန်သော်လည်း ကြည်လင်ရွှင်ပျခြင်းမှုကား မရှိတော့ပြီဖြစ်၍ တိုင်းရေး ပြည်ရေးတာဝန်ကြောင့် အိပ်ပျက်ခြင်း အထိမ်းအမှတ်ဖြင့် မျက်ကွင်းများသည် ညိုမည်းလျက် ရှိချေ၏။ အသားအရေမှာလည်း ရှေးယခင်ကကဲ့သို့ ဆူဖြိုးဖောင်းအိခြင်း မရှိတော့ချေ။ စောမွန်နစ်သည် ကျွန်ုပ်၏ အရုပ်ဆိုးသော အသွင်ကို မြင်ရသောအခါ၌ နှလုံးမသာယာသော အသွင်အဆင်မျိုးကို မရှုမမြင်လိုသော ဝါသနာရှိသည့်အတိုင်း ကျွန်ုပ်၏မျက်နှာကို တစ်ချက်မျှသာ ကြည့်ပြီးနောက် မျက်နှာကို အောက်သို့ ချထားလေ၏။

သို့ရာတွင် ကျွန်ုပ်နှင့် စကားအနည်းငယ် ပြောမိသောအခါ၌ကား စောမွန်နစ်က ဒီအသံကို ကြားဖူးပါသည်ဟုပြောလျက် ကျွန်ုပ်၏မျက်နှာကို ဖျတ်ခနဲမော့၍ ကြည့်လိုက်လေသည်။

ကျွန်ုပ်မှာ ရင်တွင်း၌ ဒိတ်ခနဲ ဖြစ်၍သွားသော ဣန္ဒြေမပျက်စေဘဲ ငြိမ်သက်စွာ ထိုင်နေလေ၏။

ငှင်းနောက် စောမွန်နစ်က ကျွန်ုပ်၏ အမာရွတ်များမှာ မည်သည့်အခါက ရခဲ့ခြင်းဖြစ်လေသနည်းဟု မေးရာ ကျွန်ုပ်က သူငယ်အရွယ်ကပင် ခွေးကိုက်သောဒဏ်ရာကြောင့် အမာရွတ်ဖြစ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ပြောပြ၏။

ထို့နောက် ခြေထောက်၌ ထော့နဲ့ဖြစ်ခြင်းအကြောင်းကို မေးရာ ငယ်စဉ်ကပင် မောင်းထောင်းမိခဲ့သောကြောင့် အရိုးကျိုးသွားကြောင်းနှင့် ပြန်ပြောလေ၏။

ငှင်းနောက် စောမွန်နစ်သည် ခင်နှင်းကြည်ဘက်သို့ လှည့်၍

"ထူးဆန်းလိုက်တာ ခင်နှင်းကြည်ရယ်၊ လူကို မမြင်ဖူးဘဲနဲ့ အသံကို ဘယ်တုန်းက ကြားဖူးတယ်လို့ ပြောပဲမပြောတတ်ပါဘူး"ဟု ပြောလိုက်ရာတွင် ခင်နှင်းကြည်က မိမိမှာ ဤအသံမျိုးကို တစ်ကြိမ်တစ်ခါမျှ မကြားရဖူးကြောင်းနှင့် ပြန်ပြောလေ၏။

mgyoe.com